# ဓမ္မခန္ဓာ (၄) "ထိုအမျိုးသမီးများ" (အာလ်န် နိဆားအိ)

ဥဒ္ဒဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၉၂)၊ သုတ်ဒေသနာ (၁၇၆)ပါး

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–၁း၁

| | |
|---|---|
| ၁။<br><br>☆၂း၂၅ | **يَا أَيُّهَا النَّاسُ اتَّقُواْ رَبَّكُمُ الَّذِي خَلَقَكُم مِّن نَّفْسٍ وَاحِدَةٍ وَخَلَقَ مِنْهَا زَوْجَهَا وَبَثَّ مِنْهُمَا رِجَالاً كَثِيرًا وَنِسَاء وَاتَّقُواْ اللهَ الَّذِي تَسَاءلُونَ بِهِ وَالأَرْحَامَ إِنَّ اللهَ كَانَ عَلَيْكُمْ رَقِيبًا** ۞<br>အို လူသားတို့၊ သင်တို့၏ ကံကြမ္မာရှင်အား စည်းစောင့်ကြလော့၊ အရှင်သည် သင်တို့အား ဥာဉ်စရိုက် တစ်မျိုးထဲမှ ဖြစ်တည်စေ၏၊ ထိုမှ ၎င်း၏အပေါင်းအဖေါ်ကို☆ ဖြစ်တည်စေ၏၊ ထို့နောက် ယောကျ်ား မိန်းမ များစွာကို ပွားများစေ၏။၂၅၁ ပရမတ်ဘုရားရှင်နှင့် သင်တို့အား အချင်းချင်း တောင်းဆိုခွင့်ပေးသော မွေးရာပါ အခွင့်အရေးကို၂၅၂ စည်းစောင့်ကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သင်တို့အား အမြဲတစေ ကြည့်ရှုစောင့်ရှောက်နေ၏။ |
| ၂။<br><br>၁၇း၃၄ | **وَآتُواْ الْيَتَامَى أَمْوَالَهُمْ وَلاَ تَتَبَدَّلُواْ الْخَبِيثَ بِالطَّيِّبِ وَلاَ تَأْكُلُواْ أَمْوَالَهُمْ إِلَى أَمْوَالِكُمْ إِنَّهُ كَانَ حُوبًا كَبِيرًا** ۞<br>မိဘမဲ့တို့အား သူတို့၏ ဥစ္စာပစ္စည်းများကို ပေးအပ်ကြလော့၊ ကောင်းမွန်သင့်စင်ရာကို အသုံးမဝင်သော အရာဖြင့် လဲမထားကြလင့်၊ သူတို့၏ ဥစ္စာပစ္စည်းများကို သင်တို့၏ ဥစ္စာပစ္စည်းထဲသို့ ထည့်လျက် စားရင်းမဖျောက်ကြလင့်၊ ယင်းသည် ကြီးမားသော ပြစ်မှုဒုစရိုက် ဖြစ်၏။၂၅၃ |

---

(၂၅၁) ဤသုတ်တော်သည် လူသားအပေါင်း ဖြစ်တည်မှုနှင့် လူ့မျိုးနွယ်ဆိုသည်ကို အလွန် ရှင်းလင်းထင်ရှားစွာ သွန်သင်သော သုတ်တော် တစ်ပါး ဖြစ်သည်။ လူသားဟူသည် လူသားမျိုးနွယ်မှ ဖြစ်တည်လာပေသည်၊ ဝက်၊ နွား၊ မျောက်၊ ဆိတ် မျိုးနွယ်များမှ ဘဝပြောင်း ဖြစ်တည်လာ ခြင်း မဟုတ်ပေ၊ ၎င်းကို ဋီကာချဲ့ခြင်းဖြင့်– လူသားတို့သည် အာဒံတည်း ဟူသော လူ တစ်ဦးထဲမှ ဖြစ်လာသည်၊ "ထိုအာဒံမှပင် သူ၏ဇနီး ဧဝကို ဆင့်ပွား ဖြစ်တည်ပေးသည်၊ ထိုဇနီးမောင်နှံ နှစ်ဦးထဲမှ ကမ္ဘာ့ လူသားအပေါင်း ဖြစ်လာရသည်ဟု တင်ပြခြင်းကို၊" ကျမ်းတော်က လုံးဝ လက်မခံပေ (၂း၃၁)။ ဤသုတ်တော်ပါ **نَّفْسٍ وَاحِدَةٍ နဖ်ဆင် ဝါးဟေဒတင်** ဥာဉ်စရိုက် တမျိုးတည်းမှ (ရှေးသုံးအရ အသက်ဝိဥာဉ် တစ်ခုတည်းမှ) ဆိုသည်မှာ အာဒံအား ရည်ညွှန်းခြင်း လုံးဝ မဟုတ်ချေ။ ဖြူဖြူမဲမဲ ရှည်ရှည် ပုပု ကျားမ မဟူ လူ ဟူသည်မှာ လူပင် ဖြစ်သည် ဆိုသည့် အမျိုးအစား တစ်ခုတည်းကိုသာ ရည်ညွှန်းခြင်း ဖြစ်ပေသည်။ ထိုမှ အပေါင်းအဖေါ်ကို ဖြစ်တည်ပေးသည် ဆိုခြင်းမှာလည်း အာဒံမှ နံရိုးကို ယူကာ ဧဝကို ဖန်ဆင်းပေးသည်ဟု ပြောခြင်း လုံးဝ မဟုတ်ပေ။ လူသည် လူနှင့်ပင် အိမ်ထောင်ပြုရမည် ဆိုသည့် လောကဓမ္မကို တင်ပြခြင်း ဖြစ်သည်။ ၎င်းကို ၁၆း၇၂ တွင် "သင်တို့၏ ပေါင်းဖေါ်ကြင်ဘက်များကို သင်တို့မှပင် ဖြစ်တည်ပေးသည်၊"ဟု ရှင်းရှင်း လင်းလင်း ပြောထားပေသည်။ ထို့ကြောင့် ကျမ်းတော်တွင် မဖေါ်ပြသော မစပ်မဟပ်သည့် အယူများကို ကျမ်းတော်အတွင်းသို့ အစာသွပ်ခြင်းမှ လုံးဝ ရှောင်ကြဉ်သင့်ပေသည်။

(၂၅၂) **الأَرْحَامَ အာရ်ဟာမ** ဆိုသည်မှာ မေတ္တာ ကရုဏာဟု အနက်ပေးသော **ရဟာမ** မှ ဆင့်ပွားခြင်း ဖြစ်၍ မိခင်တို့၏ သားအိမ် (ဝမ်းကြာတိုက်) ဟု အနက်ကို ပေးပေသည်။ ၎င်းသည် လူသားတို့၏ မွေးဘွားရာ ပင်မမူလနှင့် မွေးရာပါ လက္ခဏာကို ရည်ညွှန်းပေသည်။ ဤသုတ်တော်တွင် လူသားများသည် မိမိတို့၏ ဆက်နွယ်သော အခွင့်ရေးကို တောင်းဆိုနိုင်သည် ဟူသည့် **تَسَاءلُونَ တဆားအလူးန** ကို ဖေါ်ပြထားသောကြောင့် **အာရ်ဟာမ** ကို **မွေးရာပါ အခွင့်အရေး** ဟု ဘာသာပြန်ခြင်း ဖြစ်ပေသည်။

(၂၅၃) ကျမ်းတော်တွင် မိဘမဲ့ ကလေးများနှင့် ပတ်သက်၍ မကြာခဏ တင်ပြပေသည်။ အစ္စလာမ် သာသနာသည် လူ့အကျိုးပြု အယူအဆသစ်များကို ခေတ်နှင့် အပ်စပ်ကိုက်ညီစွာ ဖေါ်ဆောင်နိုင်ရန် ဥပမာ အမျိုးမျိုးဖြင့် တင်ပြသော သာသနာ ဖြစ်၍ မိရိုးဖလာ အစွဲရှိသူများနှင့် အတိုက်အခံ အမြဲ ရှိနေမည်ပင်၊ သဘောထား တင်းမာသော အာဏာပိုင်များက သူတို့၏ ဩဇာအာဏာကို ထိခိုက်မည် စိုးရိမ်သောကြောင့် အတိုက်အခံများ

| | |
|---|---|
| ၃။<br><br>☆<br>၂၄း၃၃ | **وَإِنْ خِفْتُمْ أَلاَّ تُقْسِطُواْ فِي الْيَتَامَى فَانكِحُواْ مَا طَابَ لَكُم مِّنَ النِّسَاء مَثْنَى وَثُلاَثَ وَرُبَاعَ فَإِنْ خِفْتُمْ أَلاَّ تَعْدِلُواْ فَوَاحِدَةً أَوْ مَا مَلَكَتْ أَيْمَانُكُمْ ذَلِكَ أَدْنَى أَلاَّ تَعُولُواْ**<br>သင်တို့သည် မိဘမဲ့များနှင့် ပတ်သက်၍ ညီမျှနိုင်မည်  မဟုတ်ဟု စိုးရိမ်မိလျှင် သင်တို့ သဘောကျသော အမျိုးသမီးများမှ နှစ်ဦးဖြစ်စေ၊ သုံးဦးဖြစ်စေ၊ လေးဦးဖြစ်စေ သိမ်းဆည်းကြကုန်လော့၊ သို့သော် တရားမျှတနိုင်မည် မဟုတ်ဟု ကြောက်ရွံ့မိလျှင် တစ်ဦးတည်း သို့မဟုတ် သင်တို့၏ ညြဇာလွှမ်းမိုးသူသာ☆ ဖြစ်ရမည်၊ ဤသည်  မတရားမှုကို ရှောင်ကြဉ်ရန် ပိုမိုဆီလျော်၏။၂၆ |
| ၄။ | **وَآتُواْ النَّسَاء صَدُقَاتِهِنَّ نِحْلَةً فَإِن طِبْنَ لَكُمْ عَن شَيْءٍ مِّنْهُ نَفْسًا فَكُلُوهُ هَنِيئًا مَّرِيئًا**<br>အမျိုးသမီးများအား အနှောင်အဖွဲ့ကင်းသော လက်ဆောင်ကို ပေးအပ်ကြလော့၊ သို့သော် သူမတို့က ၎င်းမှ တစ်စုံတစ်ချို့ကို သင်တို့အား ကြည်ဖြူခဲ့လျှင် စိတ်လွတ်လပ် ပေါ့ပါးစွာ စားသုံးနိုင်၏။ |
| ၅။<br><br>စိတ်မနှံ့သူ | **وَلاَ تُؤْتُواْ السُّفَهَاء أَمْوَالَكُمُ الَّتِي جَعَلَ اللّهُ لَكُمْ قِيَاماً وَارْزُقُوهُمْ فِيهَا وَاكْسُوهُمْ وَقُولُواْ لَهُمْ قَوْلاً مَّعْرُوفًا**<br>ပရမတ်ဘုရားရှင်က သင်တို့အား မတည်ရင်းနှီးရန် ပြုလုပ်ပေးသော ဥစ္စာပစ္စည်းများကို **နုံအသူ**တို့အား မပေးကမ်းကြလင့်၊ ၎င်းမှ သူတို့အား ရိက္ခာထောက်လော့၊ ဝတ်ဆင်ပေးလော့၊ သူတို့အား မျှတချေငံစွာ ပြောဆိုကြလော့။ |

---

ကို မတရား ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ သတ်ပစ်ခြင်းများ ကြုံရနိုင်ပေသည်။ ထိုအခါ ကျန်ရစ်သော သားသမီးများမှာ မိဘမဲ့များဖြစ်ကြရပြီး လူပုံအလယ်၌ မျက်နှာငယ်ရခြင်း၊ သို့မဟုတ် လုပ်ငန်း ဖက်စပ်လုပ်သူများက မတော်လောဘ တက်လျှက် သေဆုံး( ထောင်ကျ) သွားသော မိဘတို့၏ အစုရှယ်ရာများအား စာရင်းဖျောက်ကာ ကျန်ရစ်သော သားသမီးများကို ပြန်မပေးခြင်းများ ဖြစ်နိုင်ပေသည်။ ထိုသို့ မတော်မတရားလုပ်မှုကို အစ္စလာမ် သာသနာက ပြတ်ပြတ်သားသား ပိတ်ပင်ထားပေသည်။

(၂၆) ကျမ်းတော်၏ ရှေ့နောက် ဆိုလိုချက်အား စနစ်တကျ လေ့လာသုံးသပ်မှု မရှိဘဲလျှက် **နေကာဟ် نكح** ဟူသော စကားလုံးကို **ထိမ်းမြား လက်ထပ်သည်** ဟု အလွယ်တကူပင် ဘာသာပြန်ဆို လိုက်သောကြောင့်၊ အစ္စလာမ်ဘာသာသည် မိန်းမအများ ယူနိုင်သော ဥပဒေကို ပြန်ဌာန်းပေးထားသည်ဟု နားလည်မှု လွဲမှားနေကြပေသည်။ အမှန်တကယ်တွင် ဤသုတ်တော်ပါ **နေကာဟ်** ဟူသည့် စကားလုံးအား ထိမ်းမြား လက်ထပ်သည်ဟု ဘာသာပြန်ယူ၍ မရပေ။ အဘယ်ကြောင့်ဆိုသော် **ဝအင်းခိဖ်တွမ် خِفْتُمْ وَإِنْ သင်တို့သည် – စိုးရိမ်မိလျှင်၊** ဟူသော စကားမှ **သင်တို့သည်** ဆိုသည်မှာ **မိန်းမရော ယောက်ျား** ကိုပါ ရည်ညွှန်းပေသည်။ ထိုစကားလုံးနှင့် အလားတူ သုံးနှုန်းမှုကို ၂း၂၃၀၊ ၄း၃၅၊ ၄း၁၀၁၊ ၉း၂၈ တွင်တွေ့ရပြီး နေရာတိုင်းတွင် **မိန်းမရော ယောက်ျား** ကို ပြောဆိုထားပေသည်။ ထို့ကြောင့် **ဝအင်းခိဖ်တွမ်** ကို ဤသုတ်တော် တစ်ပါးတည်းတွင်သာ **ယောက်ျားများ** ဟုသာ ဘာသာပြန်ဆိုခြင်းမှာ လုံးဝသင့်လျော်မှု မရှိပေ။

တဖန် **နေကာဟ်** ဆိုသည်ကို မိရိုးဖလာအတိုင်း **ကာမ ဆက်ဆံမှုကို အခြေခံ၍ အိမ်ထောင်မှုပြုသည်၊** ဟု နားလည်ထားမှုမှာလည်း ရာနှုန်းပြည့် မှန်ကန်မှု မရှိချေ။ အိမ်ထောင်ပြုထားလျှက် ကာမမှု မပြုသော **နေကာဟ်** များလည်း ရှိနေပေသည် ထိုအခြေအနေကို ၂း၂၃၆ မှ **သင်တို့ မထိယှက်ရသေးသော မိန်းမတို့အား ကွာရှင်းသောအခါ၊** ဆိုသည်နှင့်၊ ၄း၂၃ **သင်တို့ မဝင်ရသေးသော မိန်းမများ** ဆိုသည်က ခိုင်မြဲစွာ ထောက်ပြလျှက် ရှိပေသည်။ ၂း၂၃၆ မှ အမျိုးသမီးများသည် **နေကာဟ်** ပြုပြီးဖြစ်၍ ကာမစပ်ယှက်မှု မရှိသော အမျိုးသမီးများဖြစ်ပြီး၊ ၄း၂၃ မှ ဇနီးများမှာလည်း ထိုအတိုင်းပင်ဖြစ်ပေသည်။ ထိုအချင်းအရာသည် အတူတကွ စုစည်းနေထိုင်သော အခြေအနေကိုသာ ဖေါ်ညွှန်းပေသည်။ **နေကာဟ်**ပြုပြီးနောက် **စားဝတ်နေရေးကို တာဝန်မယူဘဲ ပစ်ပယ်ထား၍လည်း မရချေ။** ထို့အပြင် **နေကာဟ်**ကို ချေဖျက်သော စကားလုံးမှာ **ကွာရှင်း ပြတ်စဲသည်** ဟု အနက်ရကိုပေးသော **တွလာ့က်** ဖြစ်ပေသည်၊ များသောအားဖြင့် ယောက်ျားနှင့် မိန်းမ ကွာရှင်း ပြတ်စဲခြင်းကို သုံးသော်လည်း၊ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ လူတစ်ဦး၊ လူတစ်စုက အတူနေထိုင်သော ယောက်ျားဖြစ်စေ၊ မိန်းမ ဖြစ်စေ၊ လူအသင်းအဖွဲ့ကိုဖြစ်စေ လမ်းခွဲသွားခြင်းကိုလည်း သုံးစွဲပေသည် (၄၈း၁၅)။ ထို့ကြောင့် ထိုစကားလုံး၏ အပြန်အလှန်ဖြစ်သော **နေကာဟ်** ဆိုသည်မှာ **လိင်ဆက်ဆံမှုကို ရည်ညွှန်းခြင်း မရှိသော အတူတကွ နေထိုင်မှု** ကိုလည်း ဆိုလိုကြောင်း ထင်ရှားပေသည်။ အကယ်၍ ဤသုတ်တော်မှ **နေကာဟ်**ကို **ထိမ်းမြားလက်ထပ်သည်**ဟု ပြန်ဆိုလျှင် **သင်တို့သည် စိုးရိမ်ကြောက်ရွံ့ခဲ့သော်** ဆိုသော စကားမှ **သင်တို့** ဆိုသည်မှာ ယောက်ျား တစ်မျိုးတည်းကိုသာ ရည်ညွှန်း သလို ဖြစ်နေ၍ အမျိုးသမီးများ အနေဖြင့် မိဘမဲ့ သူငယ်များ အတွက် စိုးရိမ်ပူပန်ခွင့် မရှိ၊ သနားကြင်နာခွင့် မရှိ သကဲ့သို့ ဖြစ်နေပေသည်၊ ထိုကဲ့သို့ တဖက်စောင်းနင်း ခွဲခြားမှုများကို ကျမ်းမြတ်ကုရ်အာန်တွင် ပညတ်ခြင်း မရှိချေ။ အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ မိဘမဲ့တို့အား သနားပိုင်ခွင့် စာနာပိုင်ခွင့် ရှိပေသည်။ ထိုမိဘမဲ့များမှ မိန်းကလေးများကို သူတို့၏ အနာဂါတ် စားဝတ်နေရေး ပညာရေး အကာအကွယ်ပေးရန် ဖြည့်ဆည်းနိုင်စွမ်းရှိသော အမျိုးသား အမျိုးသမီး မည်သူမဆို ခေါ်ယူ **သိမ်းဆည်း** မွေးစားပိုင်ခွင့် ရှိပေသည်။ ဤပညတ်သည် မိဘမဲ့ ယောက်ျားလေးများကို မမွေးစားရဟုလည်း မဆိုချေ၊ မိန်းကလေးနှင့် ယောက်ျားလေးများ၏ ဘဝလုံခြုံမှု အခြေအနေမှာ တူညီခြင်း မရှိချေ၊ ယောက်ျားလေးများကို အခြားနည်းလမ်းများဖြင့် ကြည့်ရှုနိုင်ပေသည် မိဘမဲ့ (ယောက်ျား၊ မိန်းမ) များကို သားသမီး အရင်းကဲ့သို့ သဘောထားရန် သွန်သင်ချက်ပေါင်း များစွာရှိနေသည်။(၂၄း၃၃ တွင်ကြည့်ပါ)

| | |
|---|---|
| ၆။<br><br>၁၇း၃၄<br>၆း၁၅၂<br>**သူတို့၏ အမွေ** | **وَابْتَلُواْ الْيَتَامَى حَتَّىَ إِذَا بَلَغُواْ النِّكَاحَ فَإِنْ آنَسْتُم مِّنْهُمْ رُشْدًا فَادْفَعُواْ إِلَيْهِمْ أَمْوَالَهُمْ وَلاَ تَأْكُلُوهَا إِسْرَافًا وَبِدَارًا أَن يَكْبَرُواْ وَمَن كَانَ غَنِيًّا فَلْيَسْتَعْفِفْ وَمَن كَانَ فَقِيرًا فَلْيَأْكُلْ بِالْمَعْرُوفِ فَإِذَا دَفَعْتُمْ إِلَيْهِمْ أَمْوَالَهُمْ فَأَشْهِدُواْ عَلَيْهِمْ وَكَفَى بِاللّهِ حَسِيبًا** ۞<br>မိဘမဲ့တို့အား ကိုယ်ပိုင်သိမ်းဆည်းနိုင်သည့် ရင့်သန်ချိန်ကို သုံးသပ်လျက် သူတို့၌ ရင့်ကျက်မှုကို တွေ့ရှိခဲ့လျှင် သူတို့၏ ဥစ္စာပစ္စည်းများကို လွှဲပြောင်းပေးကြလော့၊ သူတို့ ကြီးပြင်းလာမည်ဟု **၎င်းအား** အလျှင်စလို သုန်းဖြုန်း စားသုံးခြင်း မပြုကြနှင့်၊ ပြည့်စုံသူသည် **၎င်းကို** ရှောင်ကြဉ်ရမည်၊ နွမ်းပါးသူသည် မျှတသင့်တော်ယုံ စားသုံးနိုင်၏၊ သူတို့၏ ဥစ္စာပစ္စည်းများကို သူတို့အား လွှဲပြောင်းပေးစဉ် သူတို့နှင့်အတူ သက်သေများထားကြလော့၊ ပရမတ် ဘုရားရှင်သည် စာရင်းစစ်အဖြစ် လုံလောက်တော်မူ၏။ |
| ၇။ | **لِّلرِّجَالِ نَصيِبٌ مِّمَّا تَرَكَ الْوَالِدَانِ وَالأَقْرَبُونَ وَلِلنِّسَاء نَصِيبٌ مِّمَّا تَرَكَ الْوَالِدَانِ وَالأَقْرَبُونَ مِمَّا قَلَّ مِنْهُ أَوْ كَثُرَ نَصِيبًا مَّفْرُوضًا** ۞<br>ယောကျ်ားများ အတွက် မိဘများနှင့် ဆွေမျိုးနီးစပ်များ ထားခဲ့ရာမှ ဝေစုစေပုံသည် ရှိ၏၊ မိန်းမများ အတွက်လည်း မိဘများနှင့် ဆွေးမျိုးနီးစပ်များထားခဲ့ရာမှ ဝေစုဝေပုံသည် ရှိ၏၊ ၎င်းမှ နည်းများမဟူ သတ်မှတ်ပြီး– ဝေစုဝေပုံ ရှိနေ၏။[၂၅၅] |
| ၈။<br><br>**အမွေမှ** | **وَإِذَا حَضَرَ الْقِسْمَةَ أُوْلُواْ الْقُرْبَى وَالْيَتَامَى وَالْمَسَاكِينُ فَارْزُقُوهُم مِّنْهُ وَقُولُواْ لَهُمْ قَوْلاً مَّعْرُوفًا** ۞<br>အမွေခွဲချိန်၌ ဆွေမျိုးနီးများ၊ မိဘမဲ့များ၊ နွမ်းပါးသူများ ရောက်ရှိနေသော် **၎င်းမှ** သူတို့အား ရိက္ခာထောက်လော့၊ သူတို့အား မျှမျှတတ ပြောဆိုကြလော့။ |
| ၉။<br><br>**မိဘမဲ့များ** | **وَلْيَخْشَ الَّذِينَ لَوْ تَرَكُواْ مِنْ خَلْفِهِمْ ذُرِّيَّةً ضِعَافًا خَافُواْ عَلَيْهِمْ فَلْيَتَّقُوا اللّهَ وَلْيَقُولُواْ قَوْلاً سَدِيدًا** ۞<br>သူတို့အား သူတို့၏ လူမမယ် သားသမီးများကို ချန်ခဲ့မည့်အရေး စိုးရိမ်သကဲ့သို့ **၎င်းတို့**အပေါ်၌ စိုးရိမ်စေလော့၊ ပရမတ်ဘုရားရှင်၌ စည်းစောင့်စေလော့၊ ဖြောင့်မတ်တည်ကြည်စွာ ပြောဆိုစေလော့။ |
| ၁၀။ | **إِنَّ الَّذِينَ يَأْكُلُونَ أَمْوَالَ الْيَتَامَى ظُلْمًا إِنَّمَا يَأْكُلُونَ فِي بُطُونِهِمْ نَارًا وَسَيَصْلَوْنَ سَعِيرًا** ۞<br>မိဘမဲ့များ၏ ဥစ္စာပစ္စည်းများကို အမိုက်စီး၍ စားသုံးသူတို့သည် သူတို့၏ ဝမ်းဗိုက်တွင်းသို့ မီးကို စားမျိုခြင်းပင် ဖြစ်၏၊ မီးတောက်ရဲရဲနှင့် တစ်သားတည်း ဖြစ်ရမည်ပင်။ |
| ၁၁။ | **يُوصِيكُمُ اللّهُ فِي أَوْلاَدِكُمْ لِلذَّكَرِ مِثْلُ حَظِّ الأُنثَيَيْنِ فَإِن كُنَّ نِسَاء فَوْقَ اثْنَتَيْنِ فَلَهُنَّ ثُلُثَا مَا تَرَكَ وَإِن كَانَتْ وَاحِدَةً فَلَهَا النِّصْفُ وَلأَبَوَيْهِ لِكُلِّ وَاحِدٍ مِّنْهُمَا السُّدُسُ مِمَّا تَرَكَ إِن كَانَ لَهُ وَلَدٌ فَإِن لَّمْ يَكُن لَّهُ وَلَدٌ وَوَرِثَهُ أَبَوَاهُ فَلأُمِّهِ الثُّلُثُ فَإِن كَانَ لَهُ إِخْوَةٌ فَلأُمِّهِ السُّدُسُ مِن بَعْدِ وَصِيَّةٍ يُوصِي بِهَا أَوْ دَيْنٍ آبَآؤُكُمْ وَأَبناؤُكُمْ لاَ تَدْرُونَ أَيُّهُمْ أَقْرَبُ لَكُمْ نَفْعاً فَرِيضَةً مِّنَ اللّهِ إِنَّ اللّهَ كَانَ عَلِيما حَكِيمًا** ۞<br>သင်တို့၏ သားသမီးများနှင့် ပတ်သက်၍ ပရမတ်ဘုရားရှင်၏ ဩဝါဒမှာ သားသည် သမီးနှစ်ဦး၏ ဝေစုနှင့် အညီ ရရှိရမည်။ သမီးများမှာ နှစ်ဦးထက် ပိုများနေခဲ့သော် ချန်ထားခဲ့ရာ၏ သုံးပုံနှစ်ပုံကို ရရှိစေရမည်။ တစ်ဦးတည်း ဖြစ်သော် သူမအတွက် ထက်ဝက်ဖြစ်ရမည်။ မိဘနှစ်ပါးအတွက်–အကယ်၍ သူ့၌ ကလေးတစ်ယောက် ရှိခဲ့သော် မိဘမှ တစ်ဦးစီ အတွက် ချန်ထားခဲ့ရာ၏ ခြောက်ပုံတစ်ပုံ၊ သူ့၌ အမွေခံ ကလေးမရှိ မိဘသာလျှင် ရှိခဲ့သော် မိခင်အတွက် သုံးပုံ |

(၂၅၅) အမျိုးသမီးများအား မတရား ဖိနှိပ်ချုပ်ချယ်ခြင်း၊ မတော်မတရား စွန့်ပစ်ထားခြင်း စသည့် ခွဲခြား ဆက်ဆံမှု မှန်သမျှကို တရားဝင် ဖျက်သိမ်းသော ဥပဒေများ အနက်မှ တစ်ခုဖြစ်၍ အမျိုးသမီးနှင့် အမျိုးသားများမှ တန်းတူရည်တူ အမွေဆက်ခံပိုင်ခွင့် ရှိကြောင်းကို တရားဝင် ကြေငြာထားသည်။

| | |
|---|---|
| | တစ်ပုံ၊ သို့သော် ညီအစ်ကိုများ ရှိခဲ့လျှင် မိခင်အတွက် ခြောက်ပုံတစ်ပုံ တို့ကို သူ့သေတမ်းစာပါ မှာကြားချက်နှင့် ကြွေးမြည်များကို ဆပ်ပြီးနောက် ဖြစ်စေရမည်။ သင်တို့၏ မိဘများ၊သားသမီးများမှ မည်သူသည် သင်တို့အတွက် ကောင်းကျိုးနှင့် နီးစပ်မည်ကို သင်တို့ မမှန်းနိုင်ကြချေ၊ ဤသည် ပရမတ်ဘုရားရှင်၏ ထံမှ ပညတ်ချက် ဖြစ်၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်၏။[၂၆] |
| ၁၂။ | وَلَكُمْ نِصْفُ مَا تَرَكَ أَزْوَاجُكُمْ إِن لَّمْ يَكُن لَّهُنَّ وَلَدٌ فَإِن كَانَ لَهُنَّ وَلَدٌ فَلَكُمُ الرُّبُعُ مِمَّا تَرَكْنَ مِن بَعْدِ<br>وَصِيَّةٍ يُوصِينَ بِهَا أَوْ دَيْنٍ وَلَهُنَّ الرُّبُعُ مِمَّا تَرَكْتُمْ إِن لَّمْ يَكُن لَّكُمْ وَلَدٌ فَإِن كَانَ لَكُمْ وَلَدٌ فَلَهُنَّ الثُّمُنُ<br>مِمَّا تَرَكْتُم مِّن بَعْدِ وَصِيَّةٍ تُوصُونَ بِهَا أَوْ دَيْنٍ وَإِن كَانَ رَجُلٌ يُورَثُ كَلاَلَةً أَو امْرَأَةٌ وَلَهُ أَخٌ أَوْ أُخْتٌ<br>فَلِكُلِّ وَاحِدٍ مِّنْهُمَا السُّدُسُ فَإِن كَانُوَاْ أَكْثَرَ مِن ذَلِكَ فَهُمْ شُرَكَاء فِي الثُّلُثِ مِن بَعْدِ وَصِيَّةٍ يُوصَى بِهَآ<br>أَوْ دَيْنٍ غَيْرَ مُضَآرٍّ وَصِيَّةً مِّنَ اللهِ وَاللهُ عَلِيمٌ حَلِيمٌ۞<br>သင်တို့အတွက်ကား– သင်တို့၏ ပေါင်းဖေါ်ကြင်ဘက်များ၌ ကလေး မရှိလျှင် သူမတို့ ထားခဲ့ရာ၏ ထက်ဝက်၊ ကလေး ရှိလျှင် သူမတို့ ထားခဲ့ရာ၏ လေးပုံတစ်ပုံကို သူမတို့၏ သေတမ်းစာပါ မှာကြားချက်နှင့် ကြွေးမြည်များကို ဆပ်ပြီးနောက် ဖြစ်စေရမည်၊ သူမတို့အတွက်မူ သင်တို့၌ ကလေးမရှိလျှင် သင်တို့ထားခဲ့ရာ၏ လေးပုံတစ်ပုံ၊ သင်တို့၌ ကလေးရှိခဲ့လျှင် သင်တို့ ထားခဲ့ရာ၏ ရှစ်ပုံတစ်ပုံ၊ သေတမ်းစာပါ သင်တို့၏ မှာကြားချက်နှင့် ကြွေးမြည်များကို ဆပ်ပြီးနောက် ဖြစ်စေရမည်၊ အမွေထားခဲ့သူသည် ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ မိဘ သားသမီး မရှိဘဲ အစ်ကို အစ်မ ရှိလျှင်[၂၇] သူတို့ နှစ်ဦးအနက် တစ်ဦးစီ အတွက် ခြောက်ပုံတစ်ပုံ၊ မောင်နှစ်မ များခဲ့လျှင် သုံးပုံတစ်ပုံကို အစုကျ အဖြစ် သေတမ်းစာပါ မှာကြားချက်နှင့် ကြွေးမြည်များကို ဆပ်ပြီးနောက် ဖြစ်စေရမည်၊ နစ်နာဆုံးရှုံးခြင်း မရှိစေရ၊ ဤသြဝါဒသည် ပရမတ်ဘုရားရှင်၏ ထံမှဖြစ်၏၊ ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏၊ သက်ညှာနေတော်မူ၏။ |
| ၁၃။ | تِلْكَ حُدُودُ اللهِ وَمَن يُطِعِ اللهَ وَرَسُولَهُ يُدْخِلْهُ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا وَذَلِكَ الْفَوْزُ<br>الْعَظِيمُ۞<br>ဤသည် ပရမတ်ဘုရားရှင်၏ အဆုံးအမပင် ဖြစ်၏၊ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥာဏ်စဉ်ဆောင်အား နာခံသောသူသည် အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော စံမြန်းရမည့် သုခဘုံသို့ ဝင်ရောက်ရလတ္တံ့၊ ဤသည် ကြီးမားသော ဆွတ်ခူးမှုပင် ဖြစ်၏။ |
| ၁၄။ | وَمَن يَعْصِ اللهَ وَرَسُولَهُ وَيَتَعَدَّ حُدُودَهُ يُدْخِلْهُ نَارًا خَالِدًا فِيهَا وَلَهُ عَذَابٌ مُّهِينٌ۞<br>ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥာဏ်စဉ်ဆောင်အား အာခံလျှက် အဆုံးအမတော်ကို စည်းကျော်သောသူအား အပူမီးထဲသို့ ဝင်စေလျှက် ထိုဝ်၌ ခံစားရမည်တည်း၊ သူ့အတွက် အသရေပျက်စေသော ဝဋ်ကြွေးသည် ရှိနေ၏။ |

(၂၆) အစ္စလာမ်ဥပဒေတွင် အမွေပိုင်ဆိုင်ခွင့်သည် သားသမီးများအတွက် သာလျှင် မဟုတ်ချေ၊ သေဆုံးသွားသူတွင် မိဘများ ကျန်ရှိနေသေးလျှင် ထိုမိဘများအတွက်လည်း တရားဝင် အမွေရရှိ ရမည် ဖြစ်သည်။ အမွေသည် လောဘ ရမက်တက်စရာ ဝတ္ထု မဟုတ်ချေ၊ ကျန်ရှိနေသော လူသားများ အတွက် စားဝတ်နေရေး ပြေလည်စေရန် ဖြေရှင်းပေးခြင်းသာ ဖြစ်ပေသည်။ ထို့ပြင် သားတစ်ဦး၏ ခံစားခွင့်နှင့် သမီးတစ်ဦး၏ ခံစားခွင့် မတူညီသောကြောင့် အမျိုးသား အမျိုးသမီး အခွင့်အရေး မတူညီဟူ၍ မပြောနိုင်ပေ။ အမျိုးသမီးတွင် သူ့အား ထိမ်းမြား လာမည့်သူ၏ဘက်မှ မင်္ဂလာလက်ဆောင် သည်ရှိနေပြီး ၎င်းသည် အမွေပိုင် ပစ္စည်းထဲတွင် ထည့်သွင်းရေတွက်ခွင့် မရှိပေ။ ထို့ပြင် အမျိုးသမီးတစ်ဦးသည် အိမ်ထောင်ပြုသောအခါတွင် လင်မယား လက်ထက်ပွား ပစ္စည်းဖြစ်သည့် အိုးအိမ်သည် အလိုအလျှောက် ပိုင်ဆိုင်ပြီး ဖြစ်သွားပေသည် (၆၅း၁)။ အလားတူပင် အမျိုးသားသည် သူနှင့် စုံဘက်မည့် အမျိုးသမီးအား မင်္ဂလာလက်ဆောင် ပေးရမည်ဖြစ်ပြီး ထိုမင်္ဂလာလက်ဆောင်အား အမွေ၌ ထည့်သွင်းခွင့် မရှိပေ။ ထို့ကြောင့် အစ္စလာမ်သာသနာဝင်များ အနေဖြင့် သားယောက်ျားလေးအား ပိုမိုဖြည့်ဆီးပေးခြင်းဖြင့် အခြားမိသားစုမှ မိန်းကလေးတစ်ဦးအား ပံ့ပိုးပေးရပေသည်။

(၂၇) လူသားတစ်ဦးတွင် အစ်ကို အစ်မ တော်စပ်မှုမှာ သုံးမျိုး ဖြစ်နိုင်သည်၊ (၁)မိတူဘတူ မောင်နှမ (၂)မိတူဘကွဲမောင်နှမ (၃)ဘတူမိကွဲ မောင်နှမ ဟူ၍ ဖြစ်သည်၊ ဤသုတ်တော်တွင် ဆိုသော အစ်ကို အစ်မ (မောင်နှမ)ဆိုသည်မှာ မိတူ ဘကွဲမောင်နှမကို ဆိုလိုပေသည်၊ (အုဆ်မာနီ)။ မိတူဘတူ မောင်နှမများနှင့် ဘတူမိကွဲမောင်နှမများအတွက် အမွေပိုင်ဆိုင်ခွင့်ကို ၄း၁၇၇ တွင် ဖေါ်ပြထားပေသည်။

| | |
|---|---|
| ၁၅။<br><br>အိမ်များ အတွင်း၌ | **وَاللاَّتِي يَأْتِينَ الْفَاحِشَةَ مِن نِّسَآئِكُمْ فَاسْتَشْهِدُواْ عَلَيْهِنَّ أَرْبَعةً مِّنكُمْ فَإِن شَهِدُواْ فَأَمْسِكُوهُنَّ فِي الْبُيُوتِ حَتَّىَ يَتَوَفَّاهُنَّ الْمَوْتُ أَوْ يَجْعَلَ اللّهُ لَهُنَّ سَبِيلاً۞**<br>သင်တို့၏ အမျိုးသမီးများအနက် ကာမမှုကျူးသော သူမတို့အတွက် သင်တို့မှ အသိသက်သေ လေးဦးကို ပြကြလော့၊ သက်သေခိုင်မာလျှင် သူမတို့အား ကွယ်လွန်သေဆုံးသည့်တိုင် သို့မဟုတ် ပရမတ်ဘုရားရှင်မှ သူမတို့အား နည်းလမ်း ပေးသည့်တိုင် **အကျယ်ချုပ်ဖြင့်** ထားကြကုန်လော့။[၂၅] |
| ၁၆။ | **وَاللَّذَانَ يَأْتِيَانِهَا مِنكُمْ فَآذُوهُمَا فَإِن تَابَا وَأَصْلَحَا فَأَعْرِضُواْ عَنْهُمَا إِنَّ اللّهَ كَانَ تَوَّابًا رَّحِيمًا۞**<br>သင်တို့မှ ထိုအမှုကို ကျူးလွန်သူ နှစ်ဦးလုံးအား အပြစ်ပေးကြလော့၊ သူတို့ ခဝါချကြလျှင်၊ ပြုပြင်ကြလျှင် သူတို့အား လွှတ်ပေးကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သင်ပုန်းချေသောအရှင် အကြင်နာရှင် ဖြစ်၏။ |
| ၁၇။ | **إِنَّمَا التَّوْبَةُ عَلَى اللّهِ لِلَّذِينَ يَعْمَلُونَ السُّوَءَ بِجَهَالَةٍ ثُمَّ يَتُوبُونَ مِن قَرِيبٍ فَأُوْلَـئِكَ يَتُوبُ اللّهُ عَلَيْهِمْ وَكَانَ اللّهُ عَلِيماً حَكِيماً۞**<br>သင်ပုန်းချေခြင်းသည် ပရမတ်ဘုရားရှင်၏ အပေါ်၌တည်၏၊ မသိမိုက်မဲစွာ အကုသိုလ်မှုကို ကျင့်မိသူတို့– မရှေးမနှောင်းပင် သူတို့ ခဝါချကြလျှင် ပရမတ်ဘုရားရှင်သည် သူတို့အား သင်ပုန်းချေပေးတော်မူ၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်၏။ |
| ၁၈။ | **وَلَيْسَتِ التَّوْبَةُ لِلَّذِينَ يَعْمَلُونَ السَّيِّئَاتِ حَتَّى إِذَا حَضَرَ أَحَدَهُمُ الْمَوْتُ قَالَ إِنِّي تُبْتُ الآنَ وَلاَ الَّذِينَ يَمُوتُونَ وَهُمْ كُفَّارٌ أُوْلَـئِكَ أَعْتَدْنَا لَهُمْ عَذَابًا أَلِيمًا۞**<br>သူတို့အနက် ခဝါချခြင်းမရှိ၊ အကုသိုလ်မှုကို ကျင့်မြဲ ဖြစ်လျက် သေအံ့ ဆဲဆဲတွင်မှ "ယခုပင် တပည့်တော်သည် ခဝါချပါ၏၊"ဟု ဆိုသူ၊ သူတို့မှ ဖုံးကွယ်သူ အဖြစ်နှင့်ပင် သေဆုံးသူ ထိုသူများအတွက် စူးနစ်သော ဝဋ်ကြွေးအား အသင့်ပြင်ထားတော်မူ၏။ |
| ၁၉။ | **يَا أَيُّهَا الَّذِينَ آمَنُواْ لاَ يَحِلُّ لَكُمْ أَن تَرِثُواْ النِّسَاء كَرْهًا وَلاَ تَعْضُلُوهُنَّ لِتَذْهَبُواْ بِبَعْضِ مَا آتَيْتُمُوهُنَّ إِلاَّ أَن يَأْتِينَ بِفَاحِشَةٍ مُّبَيِّنَةٍ وَعَاشِرُوهُنَّ بِالْمَعْرُوفِ فَإِن كَرِهْتُمُوهُنَّ فَعَسَى أَن تَكْرَهُواْ شَيْئًا وَيَجْعَلَ اللّهُ فِيهِ خَيْرًا كَثِيرًا۞**<br>အို ယုံကြည်သော သူတို့၊ မကြည်ဖြူဘဲ အမျိုးသမီးတို့အား အမွေအဖြစ် သိမ်းပိုက်ခြင်းသည် တရားမဝင်ချေ၊ သူမတို့ |

---

**(၂၅)** အစ္စလာမ် သာသနာတွင် အမျိုးသမီးများအား အိမ်တွင်းပုန်းနေ စေရမည်ဟု ပညတ်ထားခြင်း လုံးဝ မရှိပေ။ အိမ်တွင်းပုံးဝါဒမှာ အစ္စလာမ်မှ အပ ဖြစ်သော အယူအဆများသာ ဖြစ်ပေသည်။ အမျိုးသမီးများအား အိမ်များအတွင်း (အိမ်ခန်းထဲဟု အဓိပ္ပါယ်မရပေ) ထားရခြင်းမှာ အပြစ်ပေးခြင်း တစ်မျိုးဖြစ်ကြောင်း ဤသုတ်တော်က ရှင်းရှင်းလင်းလင်း တင်ပြထားပေသည်။ ထိုအခြေအနေသည် ချွင်းချက်ဖြစ်ပေသည်။ မိဘ ညီအစ်ကို မောင်နှမ အမျိုးအဆွေတို့၏ ဂုဏ်သိက္ခာကို မထောက်ဘဲလျက် လော်မာ ဖေါက်ပြန်နေသော အမျိုးသမီးများကိုသာ သက်သေ အတိအကျဖြင့် မိလျှင် သူမအား အကျယ်ချုပ်ဖြင့် ထားရမည်ဟု ဆိုလိုပေသည်။ သာမန်လုပ်ကိုင် စားသောက်သော မိန်းကလေးများ၊ အမျိုးကောင်းသမီးများကို မည်သည့် အကြောင်းပြချက်နှင့်မျှ ချုပ်ချယ်ထားခွင့် မရှိချေ။ ဤသုတ်တော်မှ **အသရေပျက်သော** ဆိုသည်မှာ **ကာမေသု ကျူးလွန်သော အဆင့် (ပြည့်တန်ဆာ) အဆင့်**ကို ဆိုလိုပေသည်– ၎င်းကို **သက်သေလေးယောက်** ထားရခြင်းက အခိုင်အမာပြုထားပေသည်။ အစ္စလာမ် ဥပဒေတွင် အမျိုးသမီးကျူးလွန်သော အမှုများနှင့် ပတ်သက်၍ **သက်သေလေးယောက်** ပြရခြင်းမှ ဤအမှု တစ်ခုတည်းသာ ရှိပေသည်။ ထိုအခြေအနေတွင်ပင် **အကယ်၍ ပရမတ်ဘုရားရှင်က နည်းလမ်းပြုလုပ်ပေးသော်** (ဆိုလိုသည်မှာ– နောင်တရ၍ မိမိကိုယ်မိမိ ပြန်ပြင်ခဲ့သော်– အိမ်ထောင်ရာသားကောင်းမွန်စွာ ထူထောင်ခဲ့သော်) သူမတို့အား ချုပ်ချယ်ထားခွင့် မရှိတော့ပေ။ ဤဥပဒေသည် အမျိုးသမီး အတွက်သာ မဟုတ်ချေ။ အမျိုးသားများအတွက်လည်း အလားတူ ကျူးလွန်သူများကို တန်းတူညီမျှစွာ အပြစ်ပေးရပေမည်၊ ၎င်းကို သုတ်အမှတ်တော် (၁၆) ရှိ **ထိုအမှုကို ကျူးလွန်သူ နှစ်ဦးလုံးအား အပြစ်ပေးကြကုန်လော့။** ဟူသည့် စကားက အခိုင်အမာ ထောက်ပြထားပေသည်။ ထို့ကြောင့် ဤကုရ်အာန် ဥပဒေသည် အမျိုးသမီး အမျိုးသား ခွဲခြားထားခြင်း မဟုတ်ပေ။

| | |
|---|---|
| | သည် ထင်ရှားစွာ ကာမကျူးမှု မရှိဘဲ သူမတို့အား **ပေးခဲ့သည်**မှ တစ်ချို့ကို ရယူရန် အလို့ငှာ မချုပ်ချယ်ကြနှင့်၊ သူမတို့အတွက် တင်းပြည့်ကျပ်ပြည့် မျှတကြလော့၊ သူမတို့အား ငြိုငြင်မိလျှင် ပရမတ်ဘုရားရှင်က ကောင်းခြင်းများစွာ စီမံပေးသည်ကို ငြိုငြင်မိနိုင်၏။ |
| ၂၀။ | **وَإِنْ أَرَدتُّمُ اسْتِبْدَالَ زَوْجٍ مَّكَانَ زَوْجٍ وَآتَيْتُمْ إِحْدَاهُنَّ قِنطَارًا فَلاَ تَأْخُذُواْ مِنْهُ شَيْئًا أَتَأْخُذُونَهُ بُهْتَاناً وَإِثْماً مُّبِيناً ۞**<br>သင်တို့သည် ပေါင်းဖေါ်တစ်ဦးအစား အခြား ပေါင်းဖေါ်ကို ပြောင်းလိုလျှင်၊ သူမတို့မှ တစ်ဦး တစ်ယောက်အား ပေးထားသည့် ဥစ္စာများကို စိုးစဉ်းမျှ ပြန်ယူခွင့် မရှိပေ၊ ပုတ်ခတ်စွပ်စွဲခြင်း၊ ထင်ရှားစွာ မကောင်းမှုပြု ခြင်းဖြင့် ပြန်ယူလိုကြသလော။ |
| ၂၁။<br>ပိုင်ဆိုင်မှု | **وَكَيْفَ تَأْخُذُونَهُ وَقَدْ أَفْضَى بَعْضُكُمْ إِلَى بَعْضٍ وَأَخَذْنَ مِنكُم مِّيثَاقًا غَلِيظًا ۞**<br>သင်တို့ချင်းချင်း စပ်ယှက်ပတ်သက်ခဲ့ပြီး၊ သင်တို့ထံမှ ခိုင်မာသော နှောင်ဖွဲ့ခြင်းကို ရယူခဲ့ပြီးမှ **၎င်း**ကို မည်သို့ ပြန်ယူကြအံ့နည်း။ |
| ၂၂။ | **وَلاَ تَنكِحُواْ مَا نَكَحَ آبَاؤُكُم مِّنَ النِّسَاء إِلاَّ مَا قَدْ سَلَفَ إِنَّهُ كَانَ فَاحِشَةً وَمَقْتًا وَسَاء سَبِيلاً ۞**<br>အတိတ်ဖြစ်ရပ်မှအပ သင်တို့၏ အဖေများ သိမ်းဆည်းခဲ့ပြီး အမျိုးသမီးတို့အား မသိမ်းဆည်းကြလင့်၊ ယင်းသည် ကာမ စည်းဖေါက်မှု ဖြစ်၏၊ စက်ဆုပ်ဘွယ်ရာ ဖြစ်၏၊ အကုသိုလ် လမ်းစဉ် ဖြစ်၏။ |
| ၂၃။<br>❖<br>၄း၂၃၊၂၄ | **حُرِّمَتْ عَلَيْكُمْ أُمَّهَاتُكُمْ وَبَنَاتُكُمْ وَأَخَوَاتُكُمْ وَعَمَّاتُكُمْ وَخَالاَتُكُمْ وَبَنَاتُ الأَخِ وَبَنَاتُ الأُخْتِ وَأُمَّهَاتُكُمُ اللاَّتِي أَرْضَعْنَكُمْ وَأَخَوَاتُكُم مِّنَ الرَّضَاعَةِ وَأُمَّهَاتُ نِسَآئِكُمْ وَرَبَائِبُكُمُ اللاَّتِي فِي حُجُورِكُم مِّن نِّسَآئِكُمُ اللاَّتِي دَخَلْتُم بِهِنَّ فَإِن لَّمْ تَكُونُواْ دَخَلْتُم بِهِنَّ فَلاَ جُنَاحَ عَلَيْكُمْ وَحَلاَئِلُ أَبْنَائِكُمُ الَّذِينَ مِنْ أَصْلاَبِكُمْ وَأَن تَجْمَعُواْ بَيْنَ الأُخْتَيْنِ إَلاَّ مَا قَدْ سَلَفَ إِنَّ اللّهَ كَانَ غَفُورًا رَّحِيمًا ۞**<br>သင်တို့အတွက် တရားမဝင်ခြင်းမှာ– သင်တို့၏ အမေများ၊ သမီးများ၊ အစ်မနှမများ၊ အရီးများ၊ အဒေါ်များ၊ ညီအစ်ကိုတို့၏ သမီးများ၊ အစ်မနှမတို့၏ သမီးများ၊ နို့တိုက်မိခင်များ၊ နို့စို့ဘက် အစ်မနှမများ၊ ဇနီးသည်တို့၏ မိခင်များ၊ သင်တို့ထံတွင် ခိုလှုံနေသည့် သင်တို့ ဝင်ထွက်ပြီးသော ကြင်ယာတို့၏ သမီးများ ဖြစ်၍– သင်တို့သည် သူမထံသို့ ဝင်ခဲ့ခြင်း မရှိသော် သင်တို့၌ အပြစ်မထိုက်ပေ– ထို့ပြင် အတိတ်ဖြစ်ရပ်မှ အပ သင်တို့ သားအရင်းများ၏ ဇနီးများနှင့် ညီအစ်မ နှစ်ဦးအား တစ်ပြိုင်နက် ယူခြင်းများ ဖြစ်၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်၏။❖ |
| ၂၄။<br>လင်ရှိ | **وَالْمُحْصَنَاتُ مِنَ النِّسَاء إِلاَّ مَا مَلَكَتْ أَيْمَانُكُمْ كِتَابَ اللّهِ عَلَيْكُمْ وَأُحِلَّ لَكُم مَّا وَرَاء ذَلِكُمْ أَن تَبْتَغُواْ بِأَمْوَالِكُم مُّحْصِنِينَ غَيْرَ مُسَافِحِينَ فَمَا اسْتَمْتَعْتُم بِهِ مِنْهُنَّ فَآتُوهُنَّ أُجُورَهُنَّ فَرِيضَةً وَلاَ جُنَاحَ عَلَيْكُمْ فِيمَا تَرَاضَيْتُم بِهِ مِن بَعْدِ الْفَرِيضَةِ إِنَّ اللّهَ كَانَ عَلِيمًا حَكِيمًا ۞**<br>–သင်တို့လက်အောက် သြဇာခံ အမျိုးသမီးများမှ အပ **ကာမပိုင်**မိန်းမများ ဖြစ်၏၊ သင်တို့အား ပရမတ်ဘုရားရှင်က ပြဋ္ဌာန်းခြင်းပင်၊ ထိုမှအပသော သူမများသည် သင်တို့အတွက် တရားဝင်၏၊ သို့ဖြစ်၍ ရာဂဂုဏ်မြူးရန် မဟုတ်ဘဲ ကာမပိုင်အဖြစ် သင်တို့၏ ဥစ္စာပစ္စည်းများဖြင့် ရှာဖွေကြလော့။ သူမတို့အနက် သင်တို့အကျိုးခံစားသော သူအား |

| | |
|---|---|
| | ဝတ္တရားရှိသော မင်္ဂလာခန်းဝင်ကို ပေးအပ်ကြလော့။ ထားရှိသော ဝတ္တရားပေါ်၌ သင်တို့ချင်း သဘောတူ ကြေနပ်လျှင် အပြစ်မထိုက်ပေ၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏၊ [၂၁၉] |
| ၂၅။ | وَمَن لَّمْ يَسْتَطِعْ مِنكُمْ طَوْلاً أَن يَنكِحَ الْمُحْصَنَاتِ الْمُؤْمِنَاتِ فَمِن مِّا مَلَكَتْ أَيْمَانُكُم مِّن فَتَيَاتِكُمُ الْمُؤْمِنَاتِ وَاللّهُ أَعْلَمُ بِإِيمَانِكُمْ بَعْضُكُم مِّن بَعْضٍ فَانكِحُوهُنَّ بِإِذْنِ أَهْلِهِنَّ وَآتُوهُنَّ أُجُورَهُنَّ بِالْمَعْرُوفِ مُحْصَنَاتٍ غَيْرَ مُسَافِحَاتٍ وَلاَ مُتَّخِذَاتِ أَخْدَانٍ فَإِذَا أُحْصِنَّ فَإِنْ أَتَيْنَ بِفَاحِشَةٍ فَعَلَيْهِنَّ نِصْفُ مَا عَلَى الْمُحْصَنَاتِ مِنَ الْعَذَابِ ذَلِكَ لِمَنْ خَشِيَ الْعَنَتَ مِنْكُمْ وَأَن تَصْبِرُواْ خَيْرٌ لَّكُمْ وَاللّهُ غَفُورٌ رَّحِيمٌ۝<br>သင်တို့အနက် ကာမပိုင်ပြုနိုင်သော ယုံကြည်သူမတို့အား ထိမ်းမြားနိုင်ရန် ပြည့်စုံတတ်နိုင်မှု မရှိသူအဘို့ သင်တို့လက်အောက် ဩဇာခံ ယုံကြည်သူ လုံမများ ရှိ၏၊ ပရမတ်ဘုရားရှင်သည် သင်တို့၏ သက်ဝင်ယုံကြည်မှုကို အသိဆုံးဖြစ်တော်မူ၏၊ သင်တို့သည် အချင်းချင်းပင် ဖြစ်၏၊ သူမတို့၏ အထိန်းတော်များ ခွင့်ပြုချက်ဖြင့် ထိမ်းမြားကြလော့၊ မျှတသင့်လျော်သော မင်္ဂလာခန်းဝင်ကို ပေးအပ်ကြလော့၊ ကာမဂုဏ်မြူးရန် မဟုတ်ဘဲ၊ တိတ်တိတ်ပုန်း ကြာခိုရန် မဟုတ်ဘဲ ကာမပိုင်ပြုကြလော့၊ သူမတို့အား ကာမပိုင်ပြုပြီးနောက် ဖေါက်ပြန်ခဲ့သော် လွတ်လပ်စွာ ကာမပိုင်ပြုနိုင်သော သူမတို့အား ပေးသည့် ပြစ်ဒဏ်၏ ထက်ဝက်ကို ပေးလော့၊ ဤသည် သင်တို့အနက် ကာမေသုကံ အတွက် စိုးရိမ်သူတို့ အဘို့ ဖြစ်၏၊ အကယ်၍ သင်တို့သည် သည်းခံပါရမီ ရှိကြပါလျှင် အကောင်းဆုံးပင်တည်း၊ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်၏။ |
| ၂၆။ | يُرِيدُ اللّهُ لِيُبَيِّنَ لَكُمْ وَيَهْدِيَكُمْ سُنَنَ الَّذِينَ مِن قَبْلِكُمْ وَيَتُوبَ عَلَيْكُمْ وَاللّهُ عَلِيمٌ حَكِيمٌ۝<br>ပရမတ်ဘုရားရှင်သည် သင်တို့အတွက် ရှင်းလင်းစေလို၏၊ သင်တို့အလျှင် ရှေးလူတို့၏ ဓလေ့များကို ညွှန်ပြတော်မူ၏၊ သင်တို့အား သင်ပုန်းချေပေးတော်မူ၏၊ ပရမတ်ဘုရားရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၂၇။ | وَاللّهُ يُرِيدُ أَن يَتُوبَ عَلَيْكُمْ وَيُرِيدُ الَّذِينَ يَتَّبِعُونَ الشَّهَوَاتِ أَن تَمِيلُواْ مَيْلاً عَظِيمًا۝<br>ပရမတ်ဘုရားရှင်သည် သင်တို့အား သင်ပုန်းချေပေးရန် ရည်စူး၏၊ သို့သော် မိမိတို့၏ စိတ်အလိုကို လိုက်ကြသူတို့သည် ကြီးမားသော ချွတ်ချော်တိမ်းပါးမှုကိုသာ ရည်စူးနေကြ၏။ |
| ၂၈။ | يُرِيدُ اللّهُ أَن يُخَفِّفَ عَنكُمْ وَخُلِقَ الإِنسَانُ ضَعِيفًا۝ |

(၂၁၉) သင်တို့အတွက် ထိမ်းမြားနိုင်ခြင်း မပြုနိုင်သူများကို သုတ်တော် ၂၂၊ ၂၃ နှင့် ၂၄ ၏ ပထမဝါကျတွင် ဖွင့်ဆိုထားပြီး ကျန်အမျိုးသမီးများကို ထိမ်းမြားနိုင်ခွင့် ရှိကြောင်း ပြဋ္ဌာန်းထားပေသည်။ ဤနေရာ၌ သင်တို့၏ ဩဇာခံ အမျိုးသမီးများမှ အပ အခြားကာမပိုင် မိန်းမများကို လက်မထပ်ရ ဆိုသည်မှာ နားလည်မှု ရှုပ်ထွေးသွား နိုင်ပေသည်။ **مَلَكَتْ أَيْمَانُكُمْ مَا မာ မလကတ် အိုင်းမာနိုကွမ်** ကို များစွာသော ဆရာတော်ကြီးများက စစ်သုံ့ပန်းလက်ရ အမျိုးသမီးများဟု ပြန်ဆိုကြပေသည်။ ဤစကားလုံးကို ကျမ်းတော်တွင် စစ်သုံ့ပန်းများနှင့် ပါတ်သက်၍ သုံးလေ့ရှိသောကြောင့် ဆရာတော်ကြီးများ၏ ဘာသာပြန်ဆိုမှုသည် မှန်ကန်သော ပြန်ဆိုမှု တစ်ရပ်ပင် ဖြစ်ပေသည်။ ထို့ကြောင့် စစ်သုံ့ပန်း အမျိုးသမီးများသည် သူမတို့၌ လင်ရှိခဲ့လင့်ကစား လက်ထပ်နိုင်သည်ဟု အဓိပ္ပါယ် သက်ရောက်ပေသည်။ ထိုအချက်ကို ရှင်းလင်းရန် လိုသည်မှာ စစ်ပွဲတွင် ဖမ်းမိသောကြောင့် သူမတို့၏ အလိုတူမှု မတူမှုကို ဂရုစိုက်ရန် မလိုဘဲ မိမိသဘောဖြင့် သိမ်းပိုက်ပိုင်ခွင့် ရှိသည်ဟု အဓိပ္ပါယ် လုံးဝ မသက်ရောက်ပေ၊ **အမျိုးသမီးတို့အား အလိုမတူဘဲ (မကြည်ဖြူဘဲ) အတင်းအဓမ္မ သိမ်းပိုက်ခြင်းကို အစ္စလာမ်က လုံးဝ လက်မခံချေ (၄း၁၉)။** အစ္စလာမ်၏ **ရန်သူများနှင့် လက်မထပ်ရဟူသည့် ဥပဒေ သည်လည်း ရှိနေပေသည် (၂း၂၂၁)၊** ထို့ကြောင့် စစ်သုံ့ရ အမျိုးသမီးများ အနေဖြင့် သူတို့၏ စိတ်ဆန္ဒ မရှိခဲ့လျှင်၊ အစ္စလာမ်ကို ဆန့်ကျင်သော (ရန်)သူ ဖြစ်နေသေးလျှင် သူတို့အား လက်ထပ်ပိုင်ခွင့် မရှိချေ၊ သို့သော် အစ္စလာမ့် စစ်သုံ့ပန်း လဲလှယ်မှု ဥပဒေ (၄၇း၄) အရ သူမတို့သည် သူမတို့ကိုယ် သူမတို့ ရွေးပိုင်ခွင့် ရှိပေသည်။ ထိုသို့ သူမတို့ကိုယ် သူမတို့ ရွေးယူလျှင် သို့မဟုတ် အစ္စလာမ်သို့ ကူးပြောင်းလျှင် သူမတို့အား ရန်သူ့ဘက်သို့ ပြန်ပို့ပိုင်ခွင့် မရှိချေ၊ ထိုအခြေအနေမျိုးတွင် သူမတို့အဘို့ လင်ဟောင်းများသည် တရားမဝင်တော့ပေ၊ ထိုသို့သော မိန်းမများကို လက်ထပ်ထိမ်းမြား ပိုင်ခွင့် ရှိပေသည်။ သို့သော် အစ္စလာမ် သာသနာတွင် အမျိုးသမီး တစ်ဦးအား သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းရမည် ဆိုသည့် ဥပဒေကို ဤသုတ်တော်၌ပင် အတိအကျ ဖေါ်ပြထားပေသည်။ ဤဥပဒေသည် တဖက်သတ်ဆန်သော ဥပဒေ မဟုတ်ပေ၊ အစ္စလာမ်များမှ ရန်သူ့ဘက်သို့ ကူးပြောင်းသွားသူများကိုလည်း အလားတူပင် ပညတ်ထားပေသည် (၆၀း၁၀)။

| | |
|---|---|
| | ပရမတ်ဘုရားရှင်သည် သင်တို့နှင့်ပတ်သက်၍ ပေါ့ပါးစေလို၏၊ အမှန်သော် လူသားသည် အားနည်းချက်များဖြင့် ဖြစ်တည်နေရ၏။ |
| ၂၉။<br><br>စရိုက်တူ လုပ်ဖော် ကိုင်ဘက် ချင်း | يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَأْكُلُواْ أَمْوَالَكُمْ بَيْنَكُمْ بِالْبَاطِلِ إِلاَّ أَن تَكُونَ تِجَارَةً عَن تَرَاضٍ مِّنكُمْ وَلاَ تَقْتُلُواْ أَنفُسَكُمْ إِنَّ اللّهَ كَانَ بِكُمْ رَحِيمًا ۞<br>အို ယုံကြည်သောသူတို့– သင်တို့၏ သဘောတူ ရောင်းဝယ်ကူးသန်းခြင်း မှတပါး သင်တို့ချင်းကြား ဥစ္စာပစ္စည်းများကို မတရားသဖြင့် မစားသုံးကြလင့်၊ **သင်တို့ချင်းချင်း** မလုပ်ကြံကြလင့်၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် သင်တို့ အလို့ငှာ အကြင်နာသက်နေတော်မူ၏။ |
| ၃၀။<br><br>☆ပြည် တွင်းစစ် | وَمَن يَفْعَلْ ذَلِكَ عُدْوَانًا وَظُلْمًا فَسَوْفَ نُصْلِيهِ نَارًا وَكَانَ ذَلِكَ عَلَى اللّهِ يَسِيرًا ۞<br>စည်းဖေါက်လျှက်၊ အမိုက်မှောင်စီးလျှက် ယင်းသို့ပြုလုပ်သူအား မျှားမကြာမှီ အပူမီး၌☆ တစ်သားတည်း ဖြစ်စေ လတ္တံ့ ဤအမှုသည် ပရမတ်ဘုရားရှင်အတွက် လွယ်ကူတော်မူသတည်း။ |
| ၃၁။ | إِن تَجْتَنِبُواْ كَبَآئِرَ مَا تُنْهَوْنَ عَنْهُ نُكَفِّرْ عَنكُمْ سَيِّئَاتِكُمْ وَنُدْخِلْكُم مُّدْخَلاً كَرِيمًا ۞<br>တားမြစ်ထားသော ကြီးလေးသည့် မကောင်းမှုများမှ ရှောင်ကြဉ်ကြလျှင် သင်တို့၏ အပြစ်များကို ဖုံးကွယ်ပေးတော်မူလျှက် ကျက်သရေရှိသော တံခါးတော်မှ ဝင်ရောက်စေတော်မူမည်။ |
| ၃၂။ | وَلاَ تَتَمَنَّوْاْ مَا فَضَّلَ اللّهُ بِهِ بَعْضَكُمْ عَلَى بَعْضٍ لِّلرِّجَالِ نَصِيبٌ مِّمَّا اكْتَسَبُواْ وَلِلنِّسَاء نَصِيبٌ مِّمَّا اكْتَسَبْنَ وَاسْأَلُواْ اللّهَ مِن فَضْلِهِ إِنَّ اللّهَ كَانَ بِكُلِّ شَيْءٍ عَلِيمًا ۞<br>ပရမတ်ဘုရားရှင်က သင်တို့အနက် အချို့ကို အချို့ထက် သိက္ခာပေးသည်ကို ရမက်မဖက်ကြလင့်၊ ယောကျ်ားများ အတွက် သူတို့ ကျင့်ဆောင်ခဲ့ရာသည် ရှိ၍၊ မိန်းမတို့အဘို့လည်း သူမတို့ ကျင့်ဆောင်ခဲ့ရာသည် ရှိနေ၏၊ ပရမတ်ဘုရားရှင်၏ သိက္ခာပေးခြင်းကို လိုလားကြလော့၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား သိနေတော်မူ၏။ |
| ၃၃၊ | وَلِكُلٍّ جَعَلْنَا مَوَالِيَ مِمَّا تَرَكَ الْوَالِدَانِ وَالأَقْرَبُونَ وَالَّذِينَ عَقَدَتْ أَيْمَانُكُمْ فَآتُوهُمْ نَصِيبَهُمْ إِنَّ اللّهَ كَانَ عَلَى كُلِّ شَيْءٍ شَهِيدًا ۞<br>ငါသည် သင်တို့ကိုယ်စီအား မိဘ၊ ဆွေမျိုးရင်းတို့ ထားခဲ့သည်၏ အမွေစားများ ဖြစ်စေပြီ၊ သင်တို့၏ ကတိပြုထားသော သြဇာခံတို့အား ဝေစုပေးကြလော့၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်၏ သက်သေ ဖြစ်တော်မူ၏။ |
| ၃၄။ | الرِّجَالُ قَوَّامُونَ عَلَى النِّسَاء بِمَا فَضَّلَ اللّهُ بَعْضَهُمْ عَلَى بَعْضٍ وَبِمَا أَنفَقُواْ مِنْ أَمْوَالِهِمْ فَالصَّالِحَاتُ قَانِتَاتٌ حَافِظَاتٌ لِّلْغَيْبِ بِمَا حَفِظَ اللّهُ وَاللاَّتِي تَخَافُونَ نُشُوزَهُنَّ فَعِظُوهُنَّ وَاهْجُرُوهُنَّ فِي الْمَضَاجِعِ وَاضْرِبُوهُنَّ فَإِنْ أَطَعْنَكُمْ فَلاَ تَبْغُواْ عَلَيْهِنَّ سَبِيلاً إِنَّ اللّهَ كَانَ عَلِيًّا كَبِيرًا ۞<br>ပရမတ်ဘုရားရှင်သည် အချို့ကို အချို့ထက် သိက္ခာပေးခြင်း၊ သူတို့၏ ဥစ္စာပစ္စည်းများကို ပေးကမ်းသုံးစွဲစေခြင်းဖြင့် အမျိုးသားတို့အား အမျိုးသမီးများ အပေါ်ဝယ် စီမံခန့်ခွဲသူများ ဖြစ်စေ၏၊ သို့ဖြစ်၍ ပြုပြင်လိုသောသူမတို့သည် နာခံကြ၏၊ ပရမတ်ဘုရားရှင်က ထိန်းသိမ်းစေသည်များကို မမြင်ကွယ်ရာ၌ ထိန်းသိမ်းကြ၏၊ အကယ်၍ သူမတို့၏ |

| | |
|---|---|
| | ယောက်တက်မှုကို စိုးရိမ်ခဲ့သော် သူမတို့အား ဆိုဆုံးမလော့၊ သူတို့၏ အိပ်ခန်း၌ စွန့်ခွာထားလော့၊ သူမတို့အတွက် လမ်းစရှာစေလော့၊[၂၆၀] အကယ်၍ သင်တို့အား နာခံခဲ့လျှင် သူတို့အား ဆန့်ကျင်ရန် နည်းလမ်း မရှာကြလင့်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် မြင့်မြတ်သောအရှင်၊ ကြီးကျယ်အသော အရှင် ဖြစ်၏။ |
| ၃၅။ | **وَإِنْ خِفْتُمْ شِقَاقَ بَيْنِهِمَا فَابْعَثُواْ حَكَمًا مِّنْ أَهْلِهِ وَحَكَمًا مِّنْ أَهْلِهَا إِن يُرِيدَا إِصْلاَحًا يُوَفِّقِ اللّهُ بَيْنَهُمَا إِنَّ اللّهَ كَانَ عَلِيمًا خَبِيرًا ۞**<br>သင်တို့သည် သူတို့နှစ်ဦးကြား ပဋိပက္ခကို စိုးရိမ်ခဲ့သော် အိမ်ရှင်ဘက်မှ ဆုံးဖြတ်သူတစ်ဦး၊ အိမ်ရှင်မဘက်မှ ဆုံးဖြတ်သူ တစ်ဦးကို ဖေါ်ထုတ်ကြလော့၊ ထိုသူတို့က ပြေလည်မှုကို ရည်သန်ပါက ပရမတ်ဘုရားရှင်သည် သူတို့ကြား သင့်တင့်စေတော်မူအံ့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင်၊ သတင်းသိနေသောအရှင် ဖြစ်၏။ |
| ၃၆။ | **وَاعْبُدُواْ اللّهَ وَلاَ تُشْرِكُواْ بِهِ شَيْئًا وَبِالْوَالِدَيْنِ إِحْسَانًا وَبِذِي الْقُرْبَى وَالْيَتَامَى وَالْمَسَاكِينِ وَالْجَارِ ذِي الْقُرْبَى وَالْجَارِ الْجُنُبِ وَالصَّاحِبِ بِالجَنبِ وَابْنِ السَّبِيلِ وَمَا مَلَكَتْ أَيْمَانُكُمْ إِنَّ اللّهَ لاَ يُحِبُّ مَن كَانَ مُخْتَالاً فَخُورًا ۞**<br>ပရမတ်ဘုရားရှင်ကိုသာ ကိုးကွယ်ကြလော့၊ အရှင်နှင့် ရောပြွန်းတုပခြင်း စိုးစဉ်းမျှ မပြုကြလင့်၊ မွေးသမိဘများ ဆွေမျိုးနီးစပ်များ၊ မိဘမဲ့များ၊ သူဆင်းရဲများ၊ အမျိုးစပ်သော အိမ်နီးချင်းများ၊ အမျိုးမစပ်သော အိမ်နီးချင်းများ၊ နီးစပ်သော ပေါင်းဖေါ်သင်းဘက်များ၊ ခရီးသွားဧည့်သည်များနှင့် သင်တို့၏ ဩဇာခံများအား ကောင်းမွန်ချေငံစွာ ဆက်ဆံကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ဝံ့ဝါမော်ကြွားသူအား နှစ်သက်တော်မမူချေ။ |
| ၃၇။ | **الَّذِينَ يَبْخَلُونَ وَيَأْمُرُونَ النَّاسَ بِالْبُخْلِ وَيَكْتُمُونَ مَا آتَاهُمُ اللّهُ مِن فَضْلِهِ وَأَعْتَدْنَا لِلْكَافِرِينَ عَذَابًا مُّهِينًا ۞**<br>မိမိကိုယ်တိုင်စေးနဲ၍၊ လူသားအပေါင်းအား စေးနဲရန် နှိုးဆော်ယုံမျှမက၊ ပရမတ်ဘုရားရှင်က ချီးမြှင့် သိက္ခာပေးထားသည်ကိုလည်း သိုသိပ်ကျစ်ထားသူတို့၊ ထို ဖုံးကွယ်သူတို့အဘို့ အသရေပျက်ခြင်း ဝဋ်ကြွေးသည် ရှိနေ၏။ |
| ၃၈။ | **وَالَّذِينَ يُنفِقُونَ أَمْوَالَهُمْ رِئَـاء النَّاسِ وَلاَ يُؤْمِنُونَ بِاللّهِ وَلاَ بِالْيَوْمِ الآخِرِ وَمَن يَكُنِ الشَّيْطَانُ لَهُ قَرِينًا فَسَاء قِرِينًا ۞**<br>ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့အား ယုံကြည်မှု မရှိဘဲလျှက် လူသားတို့အား ပြစားရန် မိမိတို့၏ ဥစ္စာပစ္စည်းများကို လှူဒါန်းကြသူတို့- သူတို့အဘို့ မကောင်းဆိုးဝါးသည် အပါးတော်မြဲဖြစ်အံ့၊ ၎င်းသည် အကုသိုလ်ကောင် အပါးတော်မြဲပင် ဖြစ်၏။ |

(၂၆၀) **وَاضْرِبُوهُنَّ အိသ္ဘိရဘူး ဟွန်န** ကို ဆရာတော်ကြီးများက **သူမတို့အား ရိုက်နှက်ဆုံးမကြလော့** ဟု ဘာသာပြန်ဆိုကြပေသည်။ ထိုသို့ ပြန်ဆိုခြင်းမှာ မှားယွင်းမှု မရှိသော်လည်း ကျမ်းတော်၏ ရှေ့နောက်ကိုက်ညီမှုအရ အားနည်းလှပေသည်။ **သွရဗ** ဆိုသော စကားလုံး၏ အဓိပ္ပါယ်မှာ ရိုက်သည် ထုသည်ဟူသာ အဓိပ္ပါယ် တစ်မျိုးတည်းကိုသာ ဆောင်ခြင်း မဟုတ်ကြောင်း ၂း၆၀ တွင် ရှင်းထားပြီး ဖြစ်သည်။ ၎င်းသည် ခရီးနှင်သည်၊ လမ်းစရှာသည်၊ ပမာဆောင်သည်ဟုလည်း အဓိပ္ပါယ်ကို ပေးပေသည်၊ ဤအဓိပ္ပါယ်ကို၂း၂၇၃ တွင်လည်း ထင်ရှားစွာ တွေ့နိုင်ပေသည်။ ထို့အပြင် ကျမ်းတော်၌ တရားမဝင် ဖေါက်ပြန်သူတို့အား ထိရောက်စွာ အရေးယူကြလော့ ဟု ၂၄း၂ တွင် ဆိုရာ၌ ရိုက်နှက်ခြင်းကို **ဂျလိဒ** ဟု သုံးထားသည်ကို တွေ့ရပြီး **သွရဗ** ကို မသုံးပေ။ တဖန် ကျမ်းတော်၏ ၆၅း၁ တွင် ဖေါက်ပြန်လော်မာသော သူမတို့အား ထွက်သွားခွင့် ပြုထားသည်ကို တွေ့ရပေသည်။ ထိုအဆိုသည် အမျိုးသမီးအား ပြောမရတော့သည့် နောက်ဆုံး အခြေအနေတွင် ခွင့်ပြုလိုက်ရခြင်းဖြစ်၍ ဤသုတ်တော်ပါ နောက်ဆုံး အခြေအနေနှင့် တစ်ထပ်တည်း ကိုက်ညီနေပေသည်။ တဖန် ဤသုတ်တော်ပါ သူတို့သည် နာခံခဲ့လျှင် သူမတို့အား ဆန့်ကျင်ရန် နည်းလမ်းမရှာကြကုန်လင့် ဆိုသည့်စကားက ရှေ့မှ ဖေါ်ပြထားသော **အိသ္ဘရိ**ကို နည်းလမ်းရှာစေခြင်း (လမ်းစရှာစေခြင်း) ဖြစ်သည်ဟု အတိအကျ ထောက်ပြနေပေသည်။ အကယ်၍ မနာခံသူကို "ရိုက်လော့"ဟု ဘာသာပြန်လျှင် နာခံသူကို "မရိုက်လင့်" ဟုသာ ဆိုထားမည် ဖြစ်ပေသည်။ ထို့ကြောင့် ဤသုတ်တော်ပါ **အိသ္ဘရိ (သွရဗ**၏ စေခိုင်းခြင်းစကားလုံး)ကို လမ်းစရှာစေသည်၊ လွတ်လပ်စွာ ခွင့်ပြုလိုက်သည် ဟု ဘာသာပြန်ဆိုခြင်း ဖြစ်သည်။

| | |
|---|---|
| ၃၉။ | وَمَاذَا عَلَيْهِمْ لَوْ آمَنُواْ بِاللّهِ وَالْيَوْمِ الآخِرِ وَأَنفَقُواْ مِمَّا رَزَقَهُمُ اللّهُ وَكَانَ اللّهُ بِهِم عَلِيمًا۞<br>ပရမတ်ဘုရားရှင်နှင့်၊ နောက်ဆုံးနေ့အား ယုံကြည်ကြလျှင်၊ ပရမတ်ဘုရားရှင်က ရိက္ခာထောက်ရာမှ ပေးကမ်းကြလျှင် မည်သို့ နစ်နာအံ့နည်း၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သူတို့အား သိနေတော်မူ၏။ |
| ၄၀။<br>မတရား ပြုသည် | إِنَّ اللّهَ لاَ يَظْلِمُ مِثْقَالَ ذَرَّةٍ وَإِن تَكُ حَسَنَةً يُضَاعِفْهَا وَيُؤْتِ مِن لَّدُنْهُ أَجْرًا عَظِيمًا۞<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် ပရမံနုမြူမျှပင် **အဝိဇ္ဇာစီးစေသည်** မဟုတ်ချေ၊ အကယ်၍ ကောင်းမှုတစ်ခုရှိအံ့၊ အရှင်က ၎င်းအား ဆပွားတိုးစေ၍ အပါးတော်မှ ကြီးသော ဆုလဒ်ကို ချီးမြှင့်တော်မူလတ္တံ့။ |
| ၄၁။ | فَكَيْفَ إِذَا جِئْنَا مِن كُلِّ أمَّةٍ بِشَهِيدٍ وَجِئْنَا بِكَ عَلَى هَؤُلاء شَهِيدًا۞<br>ငါက လူမျိုးတိုင်းမှ သက်သေခံတစ်ဦးကို ယူဆောင်တော်မူ၍၊ သင့်အားလည်း သူတို့အတွက် သက်သေခံအဖြစ် ယူဆောင်တော်မူလေလျှင် မည်သို့ဖြစ်အံ့နည်း။ |
| ၄၂။ | يَوْمَئِذٍ يَوَدُّ الَّذِينَ كَفَرُواْ وَعَصَوُاْ الرَّسُولَ لَوْ تُسَوَّى بِهِمُ الأَرْضُ وَلاَ يَكْتُمُونَ اللّهَ حَدِيثًا۞<br>ထိုနေ့၌– ဖုံးကွယ်သောသူများ၊ ဥဇ္ဇာစဉ်ဆောင်အား အာခံသူများက သူတို့ကိုယ်တိုင် မြေသားအတိ ဖြစ်လိုငြားလည်း၊ ပရမတ်ဘုရားရှင်ထံ၌ မည်သည့် သမိုင်းကိုမျှ ထိန်ဝှက်ထား၍ မရချေ။ |
| ၄၃။<br>❖၂း၃<br>☆၅း၆ | يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَقْرَبُواْ الصَّلاَةَ وَأَنتُمْ سُكَارَى حَتَّىَ تَعْلَمُواْ مَا تَقُولُونَ وَلاَ جُنُبًا إِلاَّ عَابِرِي سَبِيلٍ حَتَّىَ تَغْتَسِلُواْ وَإِن كُنتُم مَّرْضَى أَوْ عَلَى سَفَرٍ أَوْ جَاء أَحَدٌ مِّنكُم مِّن الْغَآئِطِ أَوْ لاَمَسْتُمُ النِّسَاء فَلَمْ تَجِدُواْ مَاء فَتَيَمَّمُواْ صَعِيدًا طَيِّبًا فَامْسَحُواْ بِوُجُوهِكُمْ وَأَيْدِيكُمْ إِنَّ اللّهَ كَانَ عَفُوًّا غَفُورًا۞<br>အို–ယုံကြည်သောသူတို့၊ အသင်တို့ ယစ်မူးနေစဉ်၊ ပြောဆိုမှုကို မသိသမျှ။[၂၆၁] ခရီး၌ မဟုတ်ဘဲ ရေချိုးရန်တာဝန်ရှိစဉ်[၂၆၂] ဆေးကြော သန့်စင်မှု မပြုသမျှ စိတ်သင်တန်းသို့❖ မချဉ်းကပ်ကြလင့်၊ အကယ်၍ သင်တို့သည် ဖျားနာနေသော်၊ သို့မဟုတ် ခရီး၌ရှိသော်၊ သို့မဟုတ် ကျင်စွန့်ခဲ့သော်၊ သို့မဟုတ် ကြင်ယာများနှင့် ကာမပြုသော် ရေ မရှိခဲ့လျှင် သင်တို့၏ မျက်နှာပြင်များ☆ သင်တို့၏လက်များကို သန့်ရှင်းသော မြေသားကို ကိုင်တွယ်ဖြေရှင်းလော့၊[၂၆၃] ကေန်ပင် ပရမတ်ဘုရားရှင်သည် ခွင့်လွှတ်သောအရှင် ကြေအေးသောအရှင် ဖြစ်၏။ |
| ၄၄။ | أَلَمْ تَرَ إِلَى الَّذِينَ أُوتُواْ نَصِيبًا مِّنَ الْكِتَابِ يَشْتَرُونَ الضَّلاَلَةَ وَيُرِيدُونَ أَن تَضِلُّواْ السَّبِيلَ۞<br>ကျမ်းစာ တစ်ပိုင်းတစ်စကိုသာ ပေးအပ်ခံရသူများကို အသင် မသုံးသပ်မိသလော၊ သူတို့သည် လမ်းလွဲကို လိုက်စားကြ၏၊ သင်တို့အားလည်း အပါယ်ကျရန် လိုလားကြ၏။ |
| ၄၅။ | وَاللّهُ أَعْلَمُ بِأَعْدَائِكُمْ وَكَفَى بِاللّهِ وَلِيًّا وَكَفَى بِاللّهِ نَصِيرًا۞<br>ပရမတ်ဘုရားရှင်သည် သင်တို့၏ အတိုက်အခံများကို အသိဆုံးဖြစ်တော်မူ၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကွပ်ကဲသူ အဖြစ် လုံလောက်တော်မူ၏၊ ကူညီသူအဖြစ် လုံလောက်တော်မူ၏။ |

---

(၂၆၁) **سُكَارَى ဆိုကာရာ** ၏ အနက်မှာ မူးတူး ထိုင်းမှိုင်းခြင်း၊ အရက်သေစာ သောက်စားခြင်း ဟူ၍ ဖြစ်သည်၊ ဤနေရာ၌ မည်သည့် အခြေအနေကြောင့်ဖြစ်စေ မိမိရွတ်ဆိုရာကို တိကျမှန်ကန်စွာ မရွတ်ဆိုနိုင်လျှင် ကျမ်းစာသင်တန်းသည် အရာမဝင်ချေ၊ ထို့ကြောင့် အိပ်ချင်မူးတူး ဖြစ်နေလျှင် သို့မဟုတ်၊ တစ်စုံတစ်ရာ ရမက်ဇောကပ်၍ စိတ်ဆောင်နေလျှင်လည်း ကျမ်းစာသင်တန်းသည် ထိရောက်မည် မဟုတ်ချေ။ အရက်သေစာ သောက်စားထားခြင်းသည် အဆိုးဆုံး ဖြစ်သော်လည်း အရက်သေစာ သောက်စားထားခြင်း တစ်ခုတည်းကို ရည်ရွယ်ပြောဆိုခြင်း မဟုတ်ပေ။ အရက်သေစာ သောက်စားခြင်းကို ကျမ်းတော်၌ ပြတ်သားစွာ တားမြစ်ပြီး ဖြစ်သည်၊ (၅း၉၀)။

(၂၆၂) ရေချိုးရန် တာဝန်ရှိခြင်းကို အောက်ဖေါ်ပြပါ ကျင်စွန့်ခဲ့သော်၊ သို့မဟုတ် ဖိုမဆက်ဆံခဲ့သော် ဆိုသည်က ရှင်းထားပြီး ဖြစ်သည်။
(၂၆၃) **တယမ္မန်** ပြုခြင်းကို ဆရာတော်ကြီးများက ဘာသာမပြန်ဆိုကြဘဲ အသံထွက်အတိုင်း မွေးစားစကားလုံးဖြင့် ပြန်ဆိုလေ့ရှိပေသည်။ ၎င်း၏ အဓိပ္ပါယ်မှာ တစ်စုံတစ်ရာဖြင့် အားစိုက်၍ ဖြေရှင်းခြင်း။ အားသန်သလို ဖြေရှင်းခြင်း ဖြစ်ပေသည်၊

၄၆။ مِّنَ الَّذِينَ هَادُواْ يُحَرِّفُونَ الْكَلِمَ عَن مَّوَاضِعِهِ وَيَقُولُونَ سَمِعْنَا وَعَصَيْنَا وَاسْمَعْ غَيْرَ مُسْمَعٍ وَرَاعِنَا لَيًّا
بِأَلْسِنَتِهِمْ وَطَعْنًا فِي الدِّينِ وَلَوْ أَنَّهُمْ قَالُواْ سَمِعْنَا وَأَطَعْنَا وَاسْمَعْ وَانظُرْنَا لَكَانَ خَيْرًا لَّهُمْ وَأَقْوَمَ وَلَكِن
لَّعَنَهُمُ اللّهُ بِكُفْرِهِمْ فَلاَ يُؤْمِنُونَ إِلاَّ قَلِيلاً ۞

ရေဝတီတို့အနက် စကားတော်များကို နေရာပြောင်းလျက်[၂၆၄] "ကျွန်ုပ်တို့ ကြားပါ၏ မနာခံနိုင်ပါ၊ အသင်သည် မနာခံ
☆ သူ အဖြစ်ဖြင့် ခံယူပါ၏၊"ဟု လည်းကောင်း လျှာကိုလိပ်လျက် "ထောက်ထားပါ၊"☆ ဟုလည်းကောင်း သာသနာ
၂း၁၀၄ တော်အား ထိပါးပြောဆိုသူတို့ ရှိ၏။ အကယ်၍ သူတို့သည် "ကျွန်ုပ်တို့ ကြားနာပါ၏၊ နာခံပါ၏၊ ကျွန်ုပ်တို့ကို ရှုပါ" ဟု ပြောဆိုကြလျှင် သူတို့အတွက် အကောင်းဆုံး အခိုင်မာဆုံး ဖြစ်၏၊ သို့ရာတွင် သူတို့၏ ဖုံးကွယ်မှု၊ အနည်းငယ်မျှပင် မယုံကြည်မှုတို့ကြောင့် ပရမတ်ဘုရားရှင်သည် သူတို့အား မေတ္တာဝေးကွာစေ၏။

၄၇။ يَا أَيُّهَا الَّذِينَ أُوتُواْ الْكِتَابَ آمِنُواْ بِمَا نَزَّلْنَا مُصَدِّقًا لِّمَا مَعَكُم مِّن قَبْلِ أَن نَّطْمِسَ وُجُوهًا فَنَرُدَّهَا عَلَى
أَدْبَارِهَا أَوْ نَلْعَنَهُمْ كَمَا لَعَنَّا أَصْحَابَ السَّبْتِ وَكَانَ أَمْرُ اللّهِ مَفْعُولاً ۞

ရှိသည့် ကျမ်းစာ အို ကျမ်းပေးခံရသူတို့၊ သင်တို့၌ **ရှိသည်ကို** ဖြောင့်မှန်စေသော ငါ ချမှတ်ပေးသည့် အရာအား၊ မျက်နှာများအား ပြောင်းလဲ၍ ရှေ့နောက် မလှန်ပစ်မီ၊ သတင်းသီလ ဖေါက်ဖျက်သူများအား မေတ္တာဝေးစေသကဲ့သို့ မေတ္တာမဝေးကွာမီ သက်ဝင်ယုံကြည်ကြလော့၊ ပရမတ်ဘုရားရှင်၏ စီမံမိန့်သည် အတည်ပြုပြီး ဖြစ်၏။

၄၈။ إِنَّ اللّهَ لاَ يَغْفِرُ أَن يُشْرَكَ بِهِ وَيَغْفِرُ مَا دُونَ ذَلِكَ لِمَن يَشَاء وَمَن يُشْرِكْ بِاللّهِ فَقَدِ افْتَرَى إِثْمًا عَظِيمًا ۞

ပရမတ်ဘုရားရှင်သည် အရှင်နှင့် ရောပြွန်းလျက် ကိုးကွယ်မှုအား ကင်းလွတ်ခွင့်ပေးတော် မမူချေ၊ ထိုမှအပသောအရာ
☆ ၂း၇၀ များ အနက် စံချိန်ပြည့်သူအား☆ ကင်းလွတ်စေတော်မူအံ့၊ ပရမတ်ဘုရားရှင်အား ရောပြွန်းကိုးကွယ်သော သူသည် ကြီးမားသော မကောင်းမှုကို လည်ဆယ်ဖန်တီးသူ ဖြစ်၏။[၂၆၅]

၄၉။ أَلَمْ تَرَ إِلَى الَّذِينَ يُزَكُّونَ أَنفُسَهُمْ بَلِ اللّهُ يُزَكِّي مَن يَشَاء وَلاَ يُظْلَمُونَ فَتِيلاً ۞

ဥဉ်စရိုက်သန့်သန့်ဟု ဟန်လုပ်သူတို့အား သင် မသုံးသပ်မိသလော၊ အမှန်မှာ ပရမတ်ဘုရားရှင်သာလျှင် စံချိန်ပြည့်သူအား သန့်စင်ကြည်လင်စေ၏၊ အနည်းငယ်မျှပင် အမိုက်သင့်စေမည် မဟုတ်ချေ။

၅၀။ انظُرْ كَيفَ يَفْتَرُونَ عَلَى اللّهِ الكَذِبَ وَكَفَى بِهِ إِثْمًا مُّبِينًا ۞

ပရတ်မတ်ဘုရားရှင်အပေါ်၌ မည်သို့ လည်ဆယ်ဖန်တီး မုသားပြုကြသည်ကို ကြည့်လော့၊ ၎င်းသည်ပင် ထင်ရှားသော မကောင်းမှု ဖြစ်၏။

၅၁။ أَلَمْ تَرَ إِلَى الَّذِينَ أُوتُواْ نَصِيبًا مِّنَ الْكِتَابِ يُؤْمِنُونَ بِالْجِبْتِ وَالطَّاغُوتِ وَيَقُولُونَ لِلَّذِينَ كَفَرُواْ هَؤُلاء

---

(၂၆၄) ကျမ်းတော်ပါ စကားတော်များကို ပြောင်းလဲကြောင်းကို ၂း၇၅–၇၉။ ၅း၁၃၊ ၄၁။ နှင့် ဤသုတ်တော်၌ တွေ့ရပေသည်။

(၂၆၅) အစ္စလာမ်သာသနာက အကြီးဆုံးသော အကုသိုလ်မှုမှာ "ဘုရားနှင့်အခြား လူခေါင်းဆောင်ကိုဖြစ်စေ၊ သဏ္ဍာန် ပြုလုပ်ထားသော အရာကိုဖြစ်စေ" ရောပြွန်းကိုးကွယ်ခြင်း ဖြစ်သည်ဟု သွန်သင်ပေသည်။ ဤသို့ သွန်သင်ခြင်းမှာ ပရမတ်ဘုရားရှင် အရှင့်ကိုသာ သီးသန့် မကိုးကွယ်ဘဲလျက် အခြားအရာကိုပါ ဘုရားအရာ၌ ထားသောကြောင့် သဝန်တိုခြင်း သို့မဟုတ် အာဏာပါဝါကို ထိပါးစေခြင်း ဖြစ်သည်ဟု ခံယူမှုကြောင့် မဟုတ်ပေ။ ကိုးကွယ်သည်ဟု ပြန်ဆိုသုံးစွဲနေသော စကားကို အာရဗီဘာသာဖြင့် "အီဗာဒတ်" ဟု ခေါ်တွင်ပြီး အနက်အဓိပ္ပါယ် အစစ်မှာ "တာဝန်ထမ်းဆောင်ခြင်း" ဖြစ်ပေသည်၊ လူသားသည် ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ စကြာဝဠာ အနန္တ၌ ပရမတ်တည်ရှိပြီးဖြစ်သည့် ဓမ္မကို လိုက်နာထမ်းဆောင်နေရပေသည်။ လူတစ်ဦးချင်းသည် သဘာဝဓမ္မထဲမှ အရာများကို ထိုးဖေါက်သိရှိလျက် ဥာဏ်စဉ်ပေါက်မြောက် နိုင်စွမ်း ရှိပေသည်၊ ခေါင်းဆောင် ဖြစ်နိုင်စွမ်း ရှိပေသည်၊ ထို့ကြောင့် ထိုသဘာဝဓမ္မထဲမှ အရာများကို ဘုရားဟုသတ်မှတ် ကိုးကွယ်လိုက်လျှင် ထိုကိုးကွယ်သူသည် မိမိကိုယ်မိမိ အဆင့်နှိမ့်လိုက်ခြင်းသာ ဖြစ်၍။ မိမိ၏ လူသားသဘာဝ ရရှိပိုင်ခွင့် ပိုင်ဆိုင်အားထုတ် နိုင်ခွင့်များကို ဖျက်သိမ်းလိုက်ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် လူသား၏ မိမိကိုယ်မိမိ ဖျက်ဆီးသည့် ရောပြွန်းကိုးကွယ်ခြင်း (ရှရိခ်က်) ကို ဤသာသနာတော်၌ အပြင်းထန်ဆုံး တားမြစ်ထားခြင်း ဖြစ်ပေသည်။ အခြားသော ပြစ်မှုများမှာ သီလပျက်ခြင်း ဖြစ်၍ သီလပြန်လည်စောင့်တည်လျှင် ပြေပျက်သွားနိုင်ပေသည်။ မိမိကိုယ်မိမိ အလုံးစုံ ဖျက်ဆီးလိုက်လျှင် မည်သည့်သီလကိုမှ ပြန်လည် တည်ဆောက်နိုင်စွမ်း မရှိတော့ပေ။

| | |
|---|---|
| ဆင်းထု များ | **أَهْدَى مِنَ الَّذِينَ آمَنُواْ سَبِيلاً۝**<br>ကျမ်းစာ တစ်စိတ်တစ်ပိုင်း ပေးအပ်ခံရသူများကို မသုံးသပ်မိသလော၊ သူတို့သည် **ဂုဏ်သတ္တိမဲ့**[၂၆၆] နှင့် မိစ္ဆာများကို[၂၆၇] ယုံကြည်လျှက် ဖုံးကွယ်သူများအား "သူတို့သည် ယုံကြည်သူများထက် စနစ်လမ်းစဉ် ပိုမှန်သည်၊" ဟု ဆိုကြ၏။ |
| ၅၂။ | **أُوْلَئِكَ الَّذِينَ لَعَنَهُمُ اللّهُ وَمَن يَلْعَنِ اللّهُ فَلَن تَجِدَ لَهُ نَصِيرًا۝**<br>သူတို့သည် ပရမတ်ဘုရားရှင်ထံမှ မေတ္တာဝေးကွာရသူတို့ ဖြစ်၏၊ ပရမတ်ဘုရားရှင်ထံမှ မေတ္တာဝေးကွာသူသည် သူ့အတွက် ကူညီနိုင်သူကို တွေ့ရမည် မဟုတ်ပေ။ |
| ၅၃။ | **أَمْ لَهُمْ نَصِيبٌ مِّنَ الْمُلْكِ فَإِذًا لاَّ يُؤْتُونَ النَّاسَ نَقِيرًا۝**<br>သို့မဟုတ် သူတို့၌ ဩဇာအာဏာ တစ်စုံတစ်ရာရှိသလော၊ ရှိငြားသော်လည်း လူသားတို့အား အသေးအမွှားမျှပင် ကူညီလိမ့်မည် မဟုတ်ချေ။ |
| ၅၄။ | **أَمْ يَحْسُدُونَ النَّاسَ عَلَى مَا آتَاهُمُ اللّهُ مِن فَضْلِهِ فَقَدْ آتَيْنَآ آلَ إِبْرَاهِيمَ الْكِتَابَ وَالْحِكْمَةَ وَآتَيْنَاهُم مُّلْكًا عَظِيمًا۝**<br>သို့တည်းမဟုတ်–သူတို့သည် ပရမတ်ဘုရားရှင်က အရှင်၏ သိက္ခာပေးခြင်းမှ လူသားတို့အား ချီးမြှင့်ပေးခြင်း၌ မနာလို ဝန်တိုကြကုန်သလော။ ငါသည် အီဗရာဟီးမ်၏ အဆက်အနွယ်အား ကျမ်းတော်နှင့် ဥပဒေကို မုချ ချီးမြှင့်ခဲ့ပြီ၊ သူတို့အား ကြီးမားသော အာဏာကိုလည်း ပေးခဲ့ပြီ။ |
| ၅၅။<br>ကိုယ်တော့ | **فَمِنْهُم مَّنْ آمَنَ بِهِ وَمِنْهُم مَّن صَدَّ عَنْهُ وَكَفَى بِجَهَنَّمَ سَعِيرًا۝**<br>သူတို့အနက် **သူ့**အား ယုံကြည်သူ ရှိ၍ သူတို့အနက် **သူ့**ကို ရှောင်ဖယ်သူလည်း ရှိ၏၊ ငရဲမီးသည် လောင်ကျွမ်းရန် လုံလောက်ပေ၏။[၂၆၈] |
| ၅၆၊<br>စစ်ထဲ၌ | **إِنَّ الَّذِينَ كَفَرُواْ بِآيَاتِنَا سَوْفَ نُصْلِيهِمْ نَارًا كُلَّمَا نَضِجَتْ جُلُودُهُمْ بَدَّلْنَاهُمْ جُلُودًا غَيْرَهَا لِيَذُوقُواْ الْعَذَابَ إِنَّ اللّهَ كَانَ عَزِيزًا حَكِيمًا۝**<br>ကေန်ပင် ငါ၏ သုတ်ဒေသနာများကို ဖုံးကွယ်သောသူတို့အား **မီးထဲ၌** တစ်သားတည်း ဖြစ်စေလတ္တံ့၊ သူတို့၏ အရေပြားများ အလုံးစုံ လောင်သွားခဲ့သော် ဝဋ်ကြွေးကို မြည်းစမ်းစေရန် အခြားသော အရေဖြင့် လဲပြောင်းပေးလတ္တံ့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင်၊ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။[၂၆၉] |
| ၅၇။ | **وَالَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ سَنُدْخِلُهُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا أَبَدًا لَّهُمْ فِيهَا أَزْوَاجٌ مُّطَهَّرَةٌ وَنُدْخِلُهُمْ ظِـلاًّ ظَلِيلاً۝**<br>ယုံကြည်လျှက် ပြုပြင်မှု ကျင့်ကြံသူသည် အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော သုခဘုံသို့ ဝင်၍ ထို၌ ကာလမဲ့ စံစားရလတ္တံ့၊ ထို၌ သူတို့အတွက် သန့်စင်သော အစုအဖေါ်များ ရှိနေ၏၊ သူတို့အား အရိပ်စစ်စစ် အရိပ်ထဲ |

(၂၆၆) အာရ်ဗီစကား **جِبْتِ ဂျိဘ်တိ** ဆိုသည်မှာ ဂုဏ်သတ္တိ မရှိသော ရုပ်ပွားဆင်းတုများကို ဆိုလိုပေသည်။ ၎င်းတို့၏ တန်ဘိုးများကို သက်ဆိုင်ရာ လူသားများက ဇာတ်လမ်း အမျိုးမျိုး ချဲ့ကားတီထွင်လျှက် လူသားကိုယ်တိုင် ကိုးကွယ်နေခြင်းသာ ဖြစ်သည်။ မှန်ကန်သော အကြည့် မှန်ကန်သော ထိုးထွင်းမှုဖြင့် ကြည့်လျှင် ၎င်းတို့သည် ဂုဏ်တန်ဘိုး လုံးဝ မရှိပေ၊ ထို့ကြောင့် ဤနေရာ၌ "ဂုဏ်သတ္တိမဲ့" ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။
(၂၆၇) **طَّاغُوتِ တွာဂု(တ်)** ဆိုသည်မှာ မကောင်းဆိုးဝါးနှင့် လူသားတို့အား မောက်မာစေသည့် အရာများကို ဆိုလိုသည် (ကုရ်တုဘီကျမ်း)။
(၂၆၈) ဤသုတ်တော်မှ သူ ဆိုသည်မှာ ကိုယ်တော် အီဗရာဟီးမ်အား ဆိုလို၍၊ ဤကျမ်းတော်ပါ ရှေးဉာဏ်စဉ်ဆောင်များ အားလုံးနှင့် ကိုယ်တော်တို့၏ နောက်လိုက်များသည် ကိုယ်တော်မုဟမ္မဒ်နှင့် နောက်လိုက်များအတွက် နမူနာ ဆောင်ပေသည်။
(၂၆၉) သတင်းမှောင်ချသူ၊ အမှန်တရားကို လက်မခံသူနှင့် သူတို့၏ အပေါင်းပါများသည် လောကဒုက္ခထဲ၌ တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ခံစားနေရမည်ကို လောက ဓမ္မတာ အဖြစ် ပြဋ္ဌာန်းထားပြီး ဖြစ်ပေသည်။ မည်သူမှ ကံကြမ္မာကို နောက်ပြောင်၍ မရနိုင်ပေ။

| | |
|---|---|
| | သို့ ဝင်စေလတ္တံ့။ |
| ၅၈။ | **إِنَّ اللّهَ يَأْمُرُكُمْ أَن تُؤدُّواْ الأَمَانَاتِ إِلَى أَهْلِهَا وَإِذَا حَكَمْتُم بَيْنَ النَّاسِ أَن تَحْكُمُواْ بِالْعَدْلِ إِنَّ اللّهَ نِعِمَّا يَعِظُكُم بِهِ إِنَّ اللّهَ كَانَ سَمِيعًا بَصِيرًا ۞**<br>အပ်နှံပစ္စည်းများကို ပိုင်ဆိုင်ခွင့်ရှိသူအား ပေးအပ်ကြရန် သင်တို့အား ပရမတ်ဘုရားရှင်က ကေန် မိန့်ညွှန်တော်မူပြီ၊ လူသားတို့အကြား ဆုံးဖြတ်မှု၌ တရားမျှတစွာ ဆုံးဖြတ်ရမည်၊ ကေန်ပင် ပရမတ်ဘုရားရှင်၏ ဩဝါဒတော်သည် ဂုဏ်ရှိလှ၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် မြင်နေသောအရှင် ဖြစ်ပေ၏။ |
| ၅၉။<br><br>၂း၃၀ | **يَا أَيُّهَا الَّذِينَ آمَنُواْ أَطِيعُواْ اللّهَ وَأَطِيعُواْ الرَّسُولَ وَأُوْلِي الأَمْرِ مِنكُمْ فَإِن تَنَازَعْتُمْ فِي شَيْءٍ فَرُدُّوهُ إِلَى اللّهِ وَالرَّسُولِ إِن كُنتُمْ تُؤْمِنُونَ بِاللّهِ وَالْيَوْمِ الآخِرِ ذَلِكَ خَيْرٌ وَأَحْسَنُ تَأْوِيلاً ۞**<br>အို ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်အား နာခံကြလော့၊ ဉာဏ်စဉ်ဆောင်နှင့် သင်တို့မှ **မိန့်ညွှန်ခွင့်ရှိသူတို့** အား နာခံကြလော့၊ သင်တို့သည် ပရမတ်ဘုရားရှင်နှင့် နောက်ဆုံးနေ့အား သက်ဝင်ကြလျှင် သင်တို့ချင်း မည်သည့် အငြင်းပွားမှုကိုမဆို ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်အား ဆက်သကြလော့၊ ဤသည် အမြတ်ဆုံး ဖြစ်၏၊ အကောင်းဆုံး အကြောင်းရင်း ဖြစ်၏။ |
| ၆၀။ | **أَلَمْ تَرَ إِلَى الَّذِينَ يَزْعُمُونَ أَنَّهُمْ آمَنُواْ بِمَا أُنزِلَ إِلَيْكَ وَمَا أُنزِلَ مِن قَبْلِكَ يُرِيدُونَ أَن يَتَحَاكَمُواْ إِلَى الطَّاغُوتِ وَقَدْ أُمِرُواْ أَن يَكْفُرُواْ بِهِ وَيُرِيدُ الشَّيْطَانُ أَن يُضِلَّهُمْ ضَلاَلاً بَعِيدًا ۞**<br>သင့်ထံ၌ ချမှတ်ပေးရာနှင့် သင့်အလျှင် ချမှတ်ပေးရာတို့ကို ယုံကြည်ပါ၏ဟု ဝန်ခံကြလျက် မိစ္ဆာဒိဋ္ဌိထံ၌ အဆုံးအဖြတ် ခံလိုကြသူများကို သင် မသုံးသပ်မိသလော၊ ၎င်းအား ငြင်းပယ်ရန် မိန့်ညွှန်ပြီး ဖြစ်၏၊ မကောင်းဆိုးဝါးသည် သူတို့အား အလွဲကြီး လွဲမှားစေရန် လိုလား၏။ |
| ၆၁။ | **وَإِذَا قِيلَ لَهُمْ تَعَالَوْاْ إِلَى مَا أَنزَلَ اللّهُ وَإِلَى الرَّسُولِ رَأَيْتَ الْمُنَافِقِينَ يَصُدُّونَ عَنكَ صُدُودًا ۞**<br>သူတို့အား ပရမတ်ဘုရားရှင် ချမှတ်ပေးရာသို့၊ ဉာဏ်စဉ်ဆောင်၏ ဘက်သို့၊ လာကြရန် ပြောဆိုသော်၊ အသင့်အား ရှောင်ဖယ်ရှောင်ဖယ် ပြုသော သီလကြောင်များကို မြင်တွေ့ရလတ္တံ့။ |
| ၆၂။ | **فَكَيْفَ إِذَا أَصَابَتْهُم مُّصِيبَةٌ بِمَا قَدَّمَتْ أَيْدِيهِمْ ثُمَّ جَآؤُوكَ يَحْلِفُونَ بِاللّهِ إِنْ أَرَدْنَا إِلاَّ إِحْسَانًا وَتَوْفِيقًا ۞**<br>ကြိုတင်ပို့ထားသော သူတို့၏ လက်ချက်များကြောင့် ဘေးဥပါဒ်သင့်စေသော် အသို့ ဖြစ်အံ့နည်း၊ “သာယာစေခြင်း မျှတခြင်းကိုသာ ကျွန်ုပ်တို့ ရည်စူးခဲ့ပါ၏၊”ဟု ပရမတ်ဘုရားရှင်အား တိုင်တည်ပြလျက် သင့်ထံသို့ ရောက်လာကြလတ္တံ့။ |
| ၆၃။ | **أُولَئِكَ الَّذِينَ يَعْلَمُ اللّهُ مَا فِي قُلُوبِهِمْ فَأَعْرِضْ عَنْهُمْ وَعِظْهُمْ وَقُل لَّهُمْ فِي أَنفُسِهِمْ قَوْلاً بَلِيغًا ۞**<br>သူတို့သည်– သူတို့၏ စိတ်နှလုံးထဲမှ အရာအား ပရမတ်ဘုရားရှင်က သိရှိပြီးသား သူများ ဖြစ်၏၊ သူတို့အား အလေး မထားနှင့်၊ ဆုံးမလော့ သူတို့၏ စရိုက်များကို ထိရောက်စွာ ဟောပြောလော့။ |
| ၆၄။<br><br>☆၉း၃၃ | **وَمَا أَرْسَلْنَا مِن رَّسُولٍ إِلاَّ لِيُطَاعَ بِإِذْنِ اللّهِ وَلَوْ أَنَّهُمْ إِذ ظَّلَمُواْ أَنفُسَهُمْ جَآؤُوكَ فَاسْتَغْفَرُواْ اللّهَ وَاسْتَغْفَرَ لَهُمُ الرَّسُولُ لَوَجَدُواْ اللّهَ تَوَّابًا رَّحِيمًا ۞**<br>ပရမတ်ဘုရားရှင်၏ အမိန့်တော်အား နာခံစေရန်မှအပ ဉာဏ်စဉ်ဆောင် တစ်ပါးကိုမျှ စေစားတော်မူသည်☆ မဟုတ်၊ အကယ်၍ သူတို့မှ မိမိတို့၏ စရိုက်အား အမိုက်သင့်၍ သင့်ထံသို့ လာလျက် ပရမတ်ဘုရားရှင်၏ ထံ၌ လွတ်ငြိမ်းခွင့် လျှောက်ထားသော်၊ ဉာဏ်စဉ်ဆောင်ကလည်း သူတို့အတွက် လွတ်ငြိမ်းဆုပန်သော် ပရမတ်ဘုရားရှင်သည် သင်ပုန်း ချေသောအရှင် ကရုဏာရှင် ဖြစ်ကြောင်း သင် တွေ့ရလတ္တံ့။ |

| | |
|---|---|
| ၆၅။ | **فَلاَ وَرَبِّكَ لاَ يُؤْمِنُونَ حَتَّىَ يُحَكِّمُوكَ فِيمَا شَجَرَ بَيْنَهُمْ ثُمَّ لاَ يَجِدُواْ فِي أَنفُسِهِمْ حَرَجًا مِّمَّا قَضَيْتَ وَيُسَلِّمُواْ تَسْلِيمًا ۝**<br>အမှန်မှာ– သင်၏ ကံကြမ္မာရှင်အားဖြင့်၊ သူတို့အကြား ကွဲလွဲချက်၌ သင့်အား ခုံသမ္မာဓိ မတင်မြှောက်သမျှ၊ သင်၏ ဆုံးဖြတ်ချက်အား သူတို့၏ ဉာဉ်စရိုက်၌ မကျဉ်းကြပ်ဘဲ အလုံးစုံ လက်ခံခြင်းဖြင့် လက်မခံသမျှ သူတို့သည် ယုံကြည်သူများ မဟုတ်ချေ။ |
| ၆၆။ | **وَلَوْ أَنَّا كَتَبْنَا عَلَيْهِمْ أَنِ اقْتُلُواْ أَنفُسَكُمْ أَوِ اخْرُجُواْ مِن دِيَارِكُم مَّا فَعَلُوهُ إِلاَّ قَلِيلٌ مِّنْهُمْ وَلَوْ أَنَّهُمْ فَعَلُواْ مَا يُوعَظُونَ بِهِ لَكَانَ خَيْرًا لَّهُمْ وَأَشَدَّ تَثْبِيتًا ۝**<br>အကယ်၍ ငါအရှင်က သူတို့အား "သင်တို့၏ ဉာဉ်စရိုက်များကို ပါယ်သတ်ကြကုန်–[၂၇၀] သို့တည်းမဟုတ် သင်တို့၏ အိမ်များမှ ထွက်သွားကြကုန်"ဟု ပြဋ္ဌာန်းခဲ့လျှင် သူတို့အနက် အနည်းငယ်မှအပ ကျင့်ဆောင်ကြမည် မဟုတ်ချေ၊ အကယ်၍ သူတို့သည် ဩဝါဒအတိုင်း ကျင့်ဆောင်ကြလျှင် သူတို့အတွက် အကောင်းဆုံး၊ အတည်တံ့ အခိုင်မာဆုံးပင် ဖြစ်၏။ |
| ၆၇။ | **وَإِذاً لَّآتَيْنَاهُم مِّن لَّدُنَّا أَجْراً عَظِيمًا ۝**<br>ထိုအခါ သူတို့အား ငါအရှင်ထံမှ ကြီးမြတ်သော ဆုလဒ်ကို ချီးမြှင့်ပေအံ့– |
| ၆၈။<br>၁း၅ | **وَلَهَدَيْنَاهُمْ صِرَاطًا مُّسْتَقِيمًا ۝**<br>သူတို့အား **မြဲမြံတည်တံ့သော လမ်းစဉ်တော်အား** ညွှန်တော်မူပေအံ့– |
| ၆၉။<br>၁း၆ | **وَمَن يُطِعِ اللّهَ وَالرَّسُولَ فَأُوْلَئِكَ مَعَ الَّذِينَ أَنْعَمَ اللّهُ عَلَيْهِم مِّنَ النَّبِيِّينَ وَالصِّدِّيقِينَ وَالشُّهَدَاء وَالصَّالِحِينَ وَحَسُنَ أُولَئِكَ رَفِيقًا ۝**<br>ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ဆောင်အား နာခံသူသည် ပရမတ်ဘုရားရှင်မှ ဂုဏ်ပေးသူများ ဖြစ်သည့် သတင်းတော်ဆောင်များ၊ ဖြောင့်မှန်သူများ၊ သက်သေတည်သူများ၊ ပြုပြင်သူများနှင့်အတူ ဖြစ်ရပေအံ့၊ သူတို့သည် အကောင်းမွန်ဆုံးသော မိတ်သဟာယများ ဖြစ်ကြ၏။ |
| ၇၀။ | **ذَلِكَ الْفَضْلُ مِنَ اللّهِ وَكَفَى بِاللّهِ عَلِيمًا ۝**<br>ဤသည် ပရမတ်ဘုရားရှင်မှ သိက္ခာပေးမှု ဖြစ်၏၊ ပရမတ်ဘုရားရှင်သည် သိနေသောအရှင် အဖြစ် လုံလောက်၏။ |
| ၇၁။ | **يَا أَيُّهَا الَّذِينَ آمَنُواْ خُذُواْ حِذْرَكُمْ فَانفِرُواْ ثُبَاتٍ أَوِ انفِرُواْ جَمِيعًا ۝**<br>အို ယုံကြည်သောသူတို့၊ အသင်တို့၏ လက်နက်များကို မြဲမြံစေလော့၊ အသုတ်လိုက် သို့မဟုတ် တစ်စုတစ်စည်းထဲ ချီတက်ကြလော့၊ |
| ၇၂။ | **وَإِنَّ مِنكُمْ لَمَن لَّيُبَطِّئَنَّ فَإِنْ أَصَابَتْكُم مُّصِيبَةٌ قَالَ قَدْ أَنْعَمَ اللّهُ عَلَيَّ إِذْ لَمْ أَكُن مَّعَهُمْ شَهِيدًا ۝**<br>သင်တို့၏ အထဲ၌ ချောင်ခိုသူများရှိ၏၊ အကယ်၍ သင်တို့အား ဘေးဥပါဒ် ထိသက်ခဲ့သော် "ပရမတ်ဘုရားရှင်က ကျွန်ုပ်အား ဂုဏ်ပေးခဲ့၏ သို့ဖြစ်၍ ကျွန်ုပ်သည် သူတို့နှင့်အတူ မျက်မှောက်၌ မရှိခဲ့"ဟု ရင့်ကျူး၏။ |

(၂၇၀) ဉာဉ်စရိုက်များကို ပါယ်သတ်ကြကုန် ဆိုသည်မှာ စိတ်ပိုင်းဆိုင်ရာ တော်လှန်ရေး လုပ်ဆောင်ခြင်းကို ဆိုလိုပေသည်၊ လူသားသည် မိမိ၏ ကျင့်သား ရပြီး ဖြစ်သည့် အစွဲပေါ်၌ သာယာနေတတ်သည်၊ ၎င်းကို တော်လှန်ရပေမည်၊ မိမိကိုယ်မိမိ ဦးစွာ ပြုပြင်ရပေမည်။ ထိုသို့ မိမိကိုယ်မိမိ အလျှင် ပြုပြင်ထားသူသာလျှင် လူ့ဘောင်ကောင်းကျိုးအတွက် ရုပ်ပိုင်းဆိုင်ရာ တော်လှန်ရေး လုပ်ဆောင်ရာ၌ တည်ကြည်ပြတ်သားစွာ ထမ်းဆောင် နိုင်ပေမည်။ အောက်ဖော်ပြပါ သုတ်တော်များက ရုပ်ပိုင်းဆိုင်ရာ တော်လှန်ရေး သဏ္ဌာန်ကို သွန်သင်ထားပေသည်။ (၂း၇၂။၇၃)

| | |
|---|---|
| ၇၃။ | وَلَئِنْ أَصَابَكُمْ فَضْلٌ مِّنَ الله لَيَقُولَنَّ كَأَن لَّمْ تَكُن بَيْنَكُمْ وَبَيْنَهُ مَوَدَّةٌ يَا لَيتَنِي كُنتُ مَعَهُمْ فَأَفُوزَ فَوْزًا عَظِيمًا۞<br>အကယ်၍ သင်တို့အား ပရမတ်ဘုရားရှင်ထံမှ သိက္ခာပေးခြင်း သက်သော်၊ သူနှင့် အသင်တို့အကြား ပတ်သက်မှု မရှိခဲ့သယောင် “ကျွန်ုပ်သည် သူတို့နှင့် အတူရှိခဲ့လျှင် ကောင်းလေစွ၊ ကျွန်ုပ်သည်လည်း ကြီးမားသော အောင်ပွဲကို အောင်ပွဲခံရလတ္တံ့၊”ဟု ညည်းညူ၏။ |
| ၇၄။ | فَلْيُقَاتِلْ فِي سَبِيلِ اللهِ الَّذِينَ يَشْرُونَ الْحَيَاةَ الدُّنْيَا بِالآخِرَةِ وَمَن يُقَاتِلْ فِي سَبِيلِ اللهِ فَيُقْتَلْ أَو يَغْلِبْ فَسَوْفَ نُؤْتِيهِ أَجْرًا عَظِيمًا۞<br>ဤလောကီဘဝကို လောကုတ္တရာအတွက် ကူးသန်းသူများသည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ တော်လှန်ကြ၏၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ တော်လှန်သူတို့သည် ကျဆုံးရသည် ဖြစ်စေ အောင်နိုင်သည် ဖြစ်စေ ကြီးမားသော အကျိုးအမြတ်အား တမဟုတ်ချင်း ချီးမြှင့်ခံရလတ္တံ့။ |
| ၇၅။ | وَمَا لَكُمْ لاَ تُقَاتِلُونَ فِي سَبِيلِ اللهِ وَالْمُسْتَضْعَفِينَ مِنَ الرِّجَالِ وَالنِّسَاء وَالْوِلْدَانِ الَّذِينَ يَقُولُونَ رَبَّنَا أَخْرِجْنَا مِنْ هَذِهِ الْقَرْيَةِ الظَّالِمِ أَهْلُهَا وَاجْعَل لَّنَا مِن لَّدُنكَ وَلِيًّا وَاجْعَل لَّنَا مِن لَّدُنكَ نَصِيرًا۞<br>အသင်တို့သည် “အို ကံကြမ္မာရှင် တပည့်တော်တို့အား ဤအမိုက်မှောင်စီးနေသော မြို့ရွာသားတို့၏ နယ်မှ ထွက်နိုင် ခွင့်ပေးပါ၊ တပည့်တော်တို့အတွက် အရှင်၏ထံမှ ကွပ်ကဲသူ တစ်ဦးအား ခန့်အပ်ပေးပါ၊ အရှင့်ထံမှ ကူညီနိုင်သူ တစ်ဦးကို စီမံပေးပါ၊”ဟု ဆုပန်နေကြသော အင်အားချိနဲ့သည့် အမျိုးသား အမျိုးသမီး၊ ခလေးသူငယ်များအတွက် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ မတော်လှန်ရန် အဘယ်အကြောင်း ရှိနေသနည်း။[၂၇၁] |
| ၇၆။ | الَّذِينَ آمَنُواْ يُقَاتِلُونَ فِي سَبِيلِ اللهِ وَالَّذِينَ كَفَرُواْ يُقَاتِلُونَ فِي سَبِيلِ الطَّاغُوتِ فَقَاتِلُواْ أَوْلِيَاء الشَّيْطَانِ إِنَّ كَيْدَ الشَّيْطَانِ كَانَ ضَعِيفًا۞<br>ယုံကြည်သူတို့သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ တော်လှန်ကြ၍၊ ဖုံးကွယ်သူတို့သည်ကား မိစ္ဆာလမ်းစဉ်၌ စစ်ခင်းကြ၏၊ မကောင်းဆိုးဝါး၏ မဟာမိတ်များကို တော်လှန်ကြလော့၊ ကေန်ပင် မကောင်းဆိုးဝါး၏ နည်းဗျူဟာသည် ချိနဲ့လှပေ၏။[၂၇၂] |
| ၇၇။ | أَلَمْ تَرَ إِلَى الَّذِينَ قِيلَ لَهُمْ كُفُّواْ أَيْدِيَكُمْ وَأَقِيمُواْ الصَّلاَةَ وَآتُواْ الزَّكَاةَ فَلَمَّا كُتِبَ عَلَيْهِمُ الْقِتَالُ إِذَا فَرِيقٌ مِّنْهُمْ يَخْشَوْنَ النَّاسَ كَخَشْيَةِ اللهِ أَوْ أَشَدَّ خَشْيَةً وَقَالُواْ رَبَّنَا لِمَ كَتَبْتَ عَلَيْنَا الْقِتَالَ لَوْلا أَخَّرْتَنَا إِلَى أَجَلٍ قَرِيبٍ قُلْ مَتَاعُ الدَّنْيَا قَلِيلٌ وَالآخِرَةُ خَيْرٌ لِّمَنِ اتَّقَى وَلاَ تُظْلَمُونَ فَتِيلاً۞<br>“သင်တို့၏ လက်များကို ချုပ်တည်းလျှက် စိတ်လေ့ကျင့်မှုပြုကြလော့၊ လူမှုဖူလုံကြေး ပေးကြလော့၊”ဟု ပြောထား ရ |

(၂၇၁) ဤသုတ်တော်သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ အဘယ်ကြောင့် ခုခံတိုက်ခိုက်ရသည်ကို ရှင်းလင်းစွာ ဖွင့်ဆိုထားသော သုတ်တော်ပင် ဖြစ်၏၊ အစ္စလာမ်သာသနာအား မလိုမုန်းထားပြုသူများ၏ ဝါဒဖြန့်ချိမှုသည် လီဆည်မှုသာ ဖြစ်ကြောင်း လွန်စွာ ထင်ရှားလှပေသည်။ အစ္စလာမ် သာသနာဝင် အစစ်တို့သည် မိမိတို့၏ သာသနာအား ဖြန့်ချီရန် သူတစ်ပါး ထိခိုက် ပုတ်ခတ် အနိုင်ကျင့်ခြင်းမျိုးဖြင့် သာသနာပြုခြင်း စစ်တိုက်ခြင်း မလုပ်ရပေ၊ အဖိနှိပ်ခံနေရသော မည်သည့် လူသားအတွက် မဆို အမှန်တရားဘက်မှ မားမားမတ်ရပ်တည်၍ ခုခံတိုက်ခိုက်ခြင်း သည်သာ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ တော်လှန်ခြင်း မည်ပေသည်။
(၂၇၂) မကောင်းဆိုးဝါးဆိုသည်မှာ မိစ္ဆာ အယူ (လွဲမှားသော လမ်းစဉ်ကို ကျင့်သုံးသောအယူ) ကို စွဲကိုင်လျှက် ပြည်သူလူထုအား မထီမဲ့မြင် အနိုင်ကျင့်နေသော သူများကို ဆိုလို၍ သူတို့၏ ကာကွယ်သူများ ဆိုသည်မှာ သူတို့အား ကာကွယ်ပေးထားသည့် လက်ကိုင်တုတ်များ အခြွေအရံများ သူတို့၏ တပ်သားများကို ဆိုလိုပေသည်။ ပရမတ်ဘုရားရှင်ကို ယုံကြည်သူတိုင်းသည် ထိုမင်းဆိုးမင်းယုတ်များ သူတို့၏ လက်ကိုင်တုတ်များကို ချေမှုန်းရန် တာဝန်ရှိပေသည်။

| | |
|---|---|
| | သူများကို သင် မသုံးသပ်မိသလော၊ သူတို့အား စစ်တိုက်ရန် ပြဋ္ဌာန်းလိုက်စဉ် သူတို့မှ လူတစ်စုက ပရမတ်ဘုရားရှင်အား ကြောက်ရွံ့သကဲ့သို့ လူသားများကို ကြောက်ရွံ့လျက် သို့မဟုတ် ထိုထက် ပြင်းထန်းစွာ ကြောက်ရွံ့လျက် “အိုကံကြမ္မာရှင် တပည့်တော်တို့အား အဘယ်ကြောင့် စစ်တိုက်ရန် ပြဋ္ဌာန်းရပါသနည်း၊ အဘယ်ကြောင့် နောက်ထပ် အချိန်အနည်းငယ် မရွှေ့ဆိုင်းခဲ့ပါသနည်း၊”ဟု လျှောက်ထားကြ၏။[၂၇၃] ဟောကြားလော့ “လောကီသက်တမ်းသည် ယာယီမျှသာ ဖြစ်၏၊ စည်းစောင့်သူများအတွက် နောင်ဘဝသည်သာ ကောင်းမြတ်လှ၏၊ အနည်းငယ်မျှပင် အဝိဇ္ဇာ သင့် ခံရမည် မဟုတ်ချေ– |
| ၇၈။ | أَيْنَمَا تَكُونُواْ يُدْرِككُّمُ الْمَوْتُ وَلَوْ كُنتُمْ فِي بُرُوجٍ مُّشَيَّدَةٍ وَإِن تُصِبْهُمْ حَسَنَةٌ يَقُولُواْ هَذِهِ مِنْ عِندِ اللّهِ وَإِن تُصِبْهُمْ سَيِّئَةٌ يَقُولُواْ هَذِهِ مِنْ عِندِكَ قُلْ كُلًّ مِّنْ عِندِ اللّهِ فَمَا لِهَؤُلاء الْقَوْمِ لاَ يَكَادُونَ يَفْقَهُونَ حَدِيثًا۞<br>သင်တို့သည် မည်သည့်နေရာ၌ ရှိစေ ပိုမိုခိုင်ခန့်သော ခံတပ်ကြီးထဲတွင် ဖြစ်စေ သေခြင်းတရားသည် သင်တို့ထံသို့ ရောက်လာလတ္တံ့၊ သူတို့ထံသို့ ကောင်းမွန်ခြင်း သက်သော် “ဤသည် ပရမတ်ဘုရားရှင်၏ အပါးတော်မှ ဖြစ်၏၊”ဟု ပြောဆိုလျက်၊ သူတို့အား အကုသိုလ် သက်သော် “ဤသည် အသင့်ကြောင့် ဖြစ်ရပြီ၊”ဟု စွပ်စွဲကြ၏၊ ဟောကြားလော့ “ခပ်သိမ်းကုန်သည် ပရမတ်ဘုရားရှင်၏ ထံမှ ဖြစ်၏၊” ဤလူမျိုးသည် အဘယ်ကြောင့် နားလည်မှုဝေးကွာ နေကြကုန်သနည်း။[၂၇၄] |
| ၇၉။<br><br>၂၉း<br>၅၁၊၅၂<br>☆<br>၉း၃၃ | مَّا أَصَابَكَ مِنْ حَسَنَةٍ فَمِنَ اللّهِ وَمَا أَصَابَكَ مِن سَيِّئَةٍ فَمِن نَّفْسِكَ وَأَرْسَلْنَاكَ لِلنَّاسِ رَسُولاً وَكَفَى بِاللّهِ شَهِيدًا۞<br>ကောင်းမှုသက်ခြင်းသည် ပရမတ်ဘုရားရှင်၏ ထံမှ ဖြစ်၍ အကုသိုလ် သက်ခြင်းမှာ အသင်၏ စရိုက်ကြောင့်သာ ဖြစ်၏၊ ငါသည် အသင့်အား လူသားအတို့အတွက် ဥဇ္ဇဏ်စဉ်ဆောင် တစ်ပါးအဖြစ် စေစားတော်မူပြီ၊☆ ပရမတ် ဘုရားရှင်သည် သက်သေအဖြစ် လုံလောက်တော်မူ၏။ |
| ၈၀။<br><br>☆၉း၃၃<br>စေလွှတ် | مَّنْ يُطِعِ الرَّسُولَ فَقَدْ أَطَاعَ اللّهَ وَمَن تَوَلَّى فَمَا أَرْسَلْنَاكَ عَلَيْهِمْ حَفِيظًا۞<br>ဥဇ္ဇဏ်စဉ်ဆောင်အား နာခံသောသူသည် ပရမတ်ဘုရားရှင်အား နာခံသည် မည်၏၊ လွှဲရှောင်သွားသူ– သူတို့ အတွက် အသင့်အား စောင့်ထိန်းရသူ အဖြစ် **စေစား**သည် မဟုတ်ချေ။ |
| ၈၁။ | وَيَقُولُونَ طَاعَةٌ فَإِذَا بَرَزُواْ مِنْ عِندِكَ بَيَّتَ طَآئِفَةٌ مِّنْهُمْ غَيْرَ الَّذِي تَقُولُ وَاللّهُ يَكْتُبُ مَا يُبَيِّتُونَ فَأَعْرِضْ عَنْهُمْ وَتَوَكَّلْ عَلَى اللّهِ وَكَفَى بِاللّهِ وَكِيلاً۞<br>“နာခံပါ၏၊”ဟု ပြောကြလျက်၊ သူတို့မှ တစ်စုသည် သင့်ထံ၌ ရင်ဆိုင်၍ သူတို့ပြောဆိုခဲ့ရာနှင့် ဆန့်ကျင်ဘက်ကို မှောင်ချတိုင်ပင်ကြ၏၊ ပရမတ်ဘုရားရှင်သည် သူတို့၏ အမှောင်ထဲမှ ဆွေးနွေးချက်ကို မှတ်တမ်းတင်ထားတော်မူပြီ၊ သို့ဖြစ်၍ သူတို့အား ပစ်ထားလော့၊ ပရမတ်ဘုရားရှင်အား ကိုးစားလော့၊ ပရမတ်ဘုရားရှင်သည် ကာကွယ်ပေးသော အရှင် အဖြစ် လုံလောက်တော်မူ၏။ |

(၂၇၃) ဤသို့ဟန်ရေးပြသော လူတန်းစားမျိုးသည် လူ့အသင်းအဖွဲ့တိုင်းတွင် ရှိပေသည်။ ပြဿနာတစ်ခုအား ရောက်မလာမီ လူတွင်ကျယ်လုပ်လျက် ဟန်ရေးပြကြပြီး ပြဿနာအား အမှန်တကယ် ရင်ဆိုင်ရသောအခါ အကြောင်းပြချက် မျိုးစုံဖြင့် ခေါင်းရှောင်လေ့ ရှိပေသည်။ ဤလူတန်းမျိုးကို အစ္စလာမ်က “သီလကြောင်၊ နှစ်ဘက်ခွ” များဟု ခေါ်ပေသည်။

(၂၇၄) ကောင်းမှု ဆိုးမှု အားလုံး၏ အကျိုးသက်ရောက်မှုသည် မူလဇစ်မြစ်ကပင် ပညတ်ပြဋ္ဌာန်ပြီး ဖြစ်ပေသည်၊ ထို့ကြောင့် ထိုအရာအားလုံးကို ပရမတ်ဘုရားရှင်၏ ထံမှဖြစ်သည်ဟု ကျမ်းတော်၌ မကြာမဏ ဖေါ်ပြပေသည်။ မိမိထံရောက်လာသော အကျိုးတရားသည် မိမိ လုပ်ဆောင်မှု၏ အကျိုးဆက်သာဖြစ်ကြောင်း ကုရ်အာန်ကျမ်းတော်က ရှင်းလင်းစွာ ပြဋ္ဌာန်းထားပေသည်၊ ၄၂း၃၀။ ၆၄း၁၁။

| | |
|---|---|
| ၈၂။<br>မညီ<br>ညွတ်မှု | **أَفَلاَ يَتَدَبَّرُونَ الْقُرْآنَ وَلَوْ كَانَ مِنْ عِندِ غَيْرِ اللّهِ لَوَجَدُواْ فِيهِ اخْتِلاَفًا كَثِيرًا۝**<br>ဤကုရ်အာန်ကျမ်းတော်အား မစီစစ်ကြကုန်သလော၊ အကယ်၍ ၎င်းသည် ပရမတ်ဘုရားရှင်၏ ထံတော်မှ မဟုတ်ခဲ့လျှင် ယင်း၌ **မညီညွတ်မှု**ပေါင်းများစွာကို တွေ့ကြရကုန်လတ္တံ့။[၂၇၅] |
| ၈၃။ | **وَإِذَا جَاءهُمْ أَمْرٌ مِّنَ الأَمْنِ أَوِ الْخَوْفِ أَذَاعُواْ بِهِ وَلَوْ رَدُّوهُ إِلَى الرَّسُولِ وَإِلَى أُوْلِي الأَمْرِ مِنْهُمْ لَعَلِمَهُ الَّذِينَ يَسْتَنبِطُونَهُ مِنْهُمْ وَلَوْلاَ فَضْلُ اللّهِ عَلَيْكُمْ وَرَحْمَتُهُ لاَتَّبَعْتُمُ الشَّيْطَانَ إِلاَّ قَلِيلاً۝**<br>သူတို့ထံသို့ စိတ်အေးဘွယ်ရာ သို့မဟုတ် ချောက်ချားဘွယ်ရာ အကြောင်း ရောက်ခဲ့သော် ၎င်းကို ကြေငြာကြကုန်၏၊ ထိုအကြောင်းကို ဥဇဏ်စဉ်ဆောင်၏ထံသို့ သို့မဟုတ် သူတို့မှ ဆုံးဖြတ်ခွင့် ရှိသူ၏ ထံသို့ ပြန်လှန်စီစစ်စေလျှင် သူတို့အနက် ပညာရှိသူများက ၎င်းကို ဆန်းစစ်ကြပေအံ့၊ အကယ်၍ ပရမတ်ဘုရားရှင်သည် သူတို့အား သိက္ခာမပေးခဲ့၊ ကရုဏာမသက်ခဲ့လျှင် အနည်းစုမှအပ မကောင်းဆိုးဝါး၏ နောက်သို့ လိုက်ကြရလတ္တံ့။[၂၇၆] |
| ၈၄။<br>ရန်သူ | **فَقَاتِلْ فِي سَبِيلِ اللّهِ لاَ تُكَلَّفُ إِلاَّ نَفْسَكَ وَحَرِّضِ الْمُؤْمِنِينَ عَسَى اللّهُ أَن يَكُفَّ بَأْسَ الَّذِينَ كَفَرُواْ وَاللّهُ أَشَدُّ بَأْسًا وَأَشَدُّ تَنكِيلاً۝**<br>ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ တော်လှန်လော့၊ သင့်စရိုက်အတွက်သာ သင့်ကို ဝန်ဆောင်စေပြီ၊ ယုံကြည်သူတို့အား နှိုးဆော်လော့၊ ပရမတ်ဘုရားရှင်သည် **ဖုံးကွယ်သူ**တို့၏ အင်အားကို ဟန့်တားနိုင်ရာ၏၊ ပရမတ်ဘုရားရှင်သည်ကား အင်အားအရာ၌ အထွဋ်အခေါင် ဖြစ်၏၊ တန်ပြန်စေရာ၌ ပြတ်သားတော်မူ၏။ |
| ၈၅။ | **مَّن يَشْفَعْ شَفَاعَةً حَسَنَةً يَكُن لَّهُ نَصِيبٌ مِّنْهَا وَمَن يَشْفَعْ شَفَاعَةً سَيِّئَةً يَكُن لَّهُ كِفْلٌ مِّنْهَا وَكَانَ اللّهُ عَلَى كُلِّ شَيْءٍ مُّقِيتًا۝**<br>ကောင်းမွန်သော ကြားဝင်မှုကို ကြားဝင် ဆောင်ရွက်သော သူအတွက် ထို၌ ခံစားခွင့်ရှိ၏၊ အကုသိုလ်သင့်သော ကြားဝင်မှုဖြင့် ကြားဝင်ဆောင်ရွက်သော သူအတွက် ထိုမှ ဝန်ထုတ်ဝန်ပိုးသည် ရှိ၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား ထိမ်းညှိထားသော အရှင် ဖြစ်၏။ |
| ၈၆။ | **وَإِذَا حُيِّيْتُم بِتَحِيَّةٍ فَحَيُّواْ بِأَحْسَنَ مِنْهَا أَوْ رُدُّوهَا إِنَّ اللّهَ كَانَ عَلَى كُلِّ شَيْءٍ حَسِيبًا۝**<br>သင်တို့အား နှုတ်ခွန်းဆက်သော အခါ၊ ထိုနှုတ်ဆက်ခြင်းထက် သာလွန်ချောင်စွာ သို့မဟုတ် ထိုထက် မလျှော့ဘဲ ပြန်လည် နှုတ်ဆက်ကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်တို့အား စစ်ဆေးနေသောအရှင် ဖြစ်၏။ |
| ၈၇။<br>☆<br>၂း၁၇၄ | **اللّهُ لا إِلَـهَ إِلاَّ هُوَ لَيَجْمَعَنَّكُمْ إِلَى يَوْمِ الْقِيَامَةِ لاَ رَيْبَ فِيهِ وَمَنْ أَصْدَقُ مِنَ اللّهِ حَدِيثًا۝**<br>ပရမတ်ဘုရားရှင်– အရှင်မှအပ အခြားဘုရားဟူ၍ မရှိ၊ သံသယ အလျှဉ်း မဝင်နိုင်သော ရပ်တည်မြဲမြံသောနေ့၌☆ သင်တို့အား စုစည်းစေတော်မူမည် ပရမတ်ဘုရားရှင်ထက် မှန်ကန်စွာ ဆင့်ဆိုနိုင်သူ ဟူ၍ မရှိချေ။ |

(၂၇၅) ဤသုတ်တော်သည် ဤကျမ်းတော်မှာ ပရမတ်ဘုရားရှင်၏ ထံတော်မှ ဥဇဏ်စဉ်ကိန်းဝပ်ပေးသည်ကို တိတိကျကျ မှတ်တမ်းတင်ထားသော၊ လူ့လက်ရာ (အတွေးအခေါ်)များ ပေါင်းစပ်ဖွဲ့စည်းထားသည့် ကျမ်းတစ်စောင် ပေတစ်မူ မဟုတ်ကြောင်းကို ခိုင်မာစွာ ပြောဆိုထားသော သုတ်တော်ပေါင်းများစွာ အနက်မှ သုတ်တော်တစ်ပါး ဖြစ်ပေသည်။ ဤကျမ်းတော်သည် စာအုပ်စာပေများ မထွန်းကားမီကာလမှပင် စတင်မှတ်တမ်းတင်ခဲ့သော်လည်း လက်ရှိအချိန်ထိ တစ်လုံးတစ်ပါဒမှ ပြင်ဆင်ပြောင်းလည်းမှု မရှိကြောင်း၊ သုတ်ဒေသနာအချင်းချင်း ရှေ့နောက် ကွဲလွဲချက် မရှိကြောင်း၊ ယုတ္တိဗေဒကင်းမဲ့သည့် ဒဏ္ဍာရီများ မပါဝင်ကြောင်းကို ရိုးသားသည့် ကမ္ဘာ့စာပေ ပညာရှင်တိုင်းက အသိအမှတ် ပြုထားရပေသည်။ မည်သည့် အမျိုးသားရေးဝါဒနှင့် မုန်းတီးမှုများကမှ ကျမ်းတော်၏ ဖြောင့်မှန်မှုကို မလွှမ်းမိုးနိုင်ပေ။

(၂၇၆) အတည်မပြုနိုင်သော သတင်းတစ်စုံတစ်ခုအား ဝေဖန်ပိုင်းခြားခြင်း မရှိဘဲ ကြားနာရသူအပေါင်း စိတ်လှုပ်ရှားစေရန် ဝါဒဖြန့်ချီခြင်း၊ မတိကျမခိုင်မာဘဲလျက် သတင်းဖြန့်ချီခြင်းကို အစ္စလာမ်သာသနာက ရှုံ့ချပေသည်။ ၎င်းသည် သတင်းကျင့်ဝတ်နှင့်လည်း မညီညွတ်ပေ။ အုပ်ချုပ်သူများဘက်မှလည်း နိုင်ငံရေးကစားရန် ပေါ်လစီချမှတ် မမှန်သတင်းလွှင့်ခြင်းမျိုးကို အစ္စလာမ်သသနာမှ တားမြစ်ပေသည်။ အပြစ်မဲ့ပြည်သူအပေါင်းအား (စိတ်အေးဘွယ်ရာ) မျှော်လင့်ချက်ပေးခြင်း၊ (ချောက်ချားဘွယ်ရာ) ချောက်လှန့်ခြင်း ပြုလုပ်ခြင်းသာ ဖြစ်ပေသည်၊ ကောင်းမှုမဟုတ်ပေ။

၈၈။ فَمَا لَكُمْ فِي الْمُنَافِقِينَ فِئَتَيْنِ وَاللّهُ أَرْكَسَهُم بِمَا كَسَبُواْ أَتُرِيدُونَ أَن تَهْدُواْ مَنْ أَضَلَّ اللّهُ وَمَن يُضْلِلِ اللّهُ فَلَن تَجِدَ لَهُ سَبِيلاً ۝

သို့ဖြင့် သင်တို့သည် သီလကြောင်များအတွက် အဘယ်ကြောင့် နှစ်စု ကွဲနေကြသနည်း၊ ပရမတ်ဘုရားရှင်သည် သူတို့၏ ဆည်းပူးမှုများကြောင့် သူတို့ကို ဦးချိုးထားတော်မူပြီ၊ ပရမတ်ဘုရားရှင်က အပါယ်သို့ပို့ထားသူအား လမ်းမှန်သို့ ရောက်စေလိုသလော၊ ပရမတ်ဘုရားရှင်က အပါယ်သို့ပို့ထား သူအတွက် မည်သည့်လမ်းကိုမှ တွေ့ရမည် မဟုတ်ချေ။

၈၉။ وَدُّواْ لَوْ تَكْفُرُونَ كَمَا كَفَرُواْ فَتَكُونُونَ سَوَاء فَلاَ تَتَّخِذُواْ مِنْهُمْ أَوْلِيَاء حَتَّىَ يُهَاجِرُواْ فِي سَبِيلِ اللّهِ فَإِن تَوَلَّوْاْ فَخُذُوهُمْ وَاقْتُلُوهُمْ حَيْثُ وَجَدتَّمُوهُمْ وَلاَ تَتَّخِذُواْ مِنْهُمْ وَلِيًّا وَلاَ نَصِيرًا ۝

ရန်သူများ

သူတို့သည် **ဖုံးကွယ်သူများ** ဖြစ်ခဲ့သည့်နည်းတူ တစ်ပြေးညီ သင်တို့အား **ဖုံးကွယ်သူများ** ဖြစ်စေလိုကြ၏၊ ထို့ကြောင့် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ စွန့်လွှတ်နေရသမျှ– သူတို့အနက်မှ ကွပ်ကဲသူများ အဖြစ် မယူကြလင့်၊ သို့သော် သူတို့သည် လှည့်လာကြလျှင် သူတို့အားတွေ့သည့် နေရာတိုင်း၌ ဖမ်းဆီးကြလော့၊ တော်လှန်ကြလော့၊ သူတို့မှ ကွပ်ကဲသူအဖြစ် သို့မဟုတ် ကူညီသူအဖြစ် မယူမှတ်ကြကုန်လင့်။

၉၀။ إِلاَّ الَّذِينَ يَصِلُونَ إِلَىَ قَوْمٍ بَيْنَكُمْ وَبَيْنَهُم مِّيثَاقٌ أَوْ جَآؤُوكُمْ حَصِرَتْ صُدُورُهُمْ أَن يُقَاتِلُونَكُمْ أَوْ يُقَاتِلُواْ قَوْمَهُمْ وَلَوْ شَاء اللّهُ لَسَلَّطَهُمْ عَلَيْكُمْ فَلَقَاتَلُوكُمْ فَإِنِ اعْتَزَلُوكُمْ فَلَمْ يُقَاتِلُوكُمْ وَأَلْقَوْاْ إِلَيْكُمُ السَّلَمَ فَمَا جَعَلَ اللّهُ لَكُمْ عَلَيْهِمْ سَبِيلاً ۝

သင်တို့နှင့် ညွန့်ပေါင်းဖြစ်သော အမျိုးသားများထံသို့ သို့မဟုတ် သင်တို့နှင့် သူတို့၏ အမျိုးသားများ အကြား စစ်ဖြစ်လိုစိတ် မရှိသောကြောင့် သင်တို့ထံ ပူးပေါင်းလာသူများသည် ချွင်းချက် ဖြစ်၏။ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့လျှင် အရှင်သည် သူတို့အား သင်တို့ထက် အခွင့်အာဏာပေးတော်မူနိုင်၏၊ သို့ဖြစ်လျှင် သူတို့သည် သင်တို့ကို တိုက်ခိုက်နိုင်ရာ၏၊ သို့ဖြစ်၍ သူတို့သည် သင်တို့ကို မတိုက်ခိုက်ဘဲ စစ်ရပ်လျှက် ငြိမ်းချမ်းရေး ကမ်းလှမ်းလျှင် သူတို့အား ဆန့်ကျင်ရန်အတွက် ပရမတ်ဘုရားရှင်က သင်တို့အား နည်းလမ်း မပေးပေ။[၂၇၇]

၉၁။ سَتَجِدُونَ آخَرِينَ يُرِيدُونَ أَن يَأْمَنُوكُمْ وَيَأْمَنُواْ قَوْمَهُمْ كُلَّ مَا رُدُّوَاْ إِلَى الْفِتْنِةِ أُرْكِسُواْ فِيِهَا فَإِن لَّمْ يَعْتَزِلُوكُمْ وَيُلْقُواْ إِلَيْكُمُ السَّلَمَ وَيَكُفُّوَاْ أَيْدِيَهُمْ فَخُذُوهُمْ وَاقْتُلُوهُمْ حَيْثُ ثِقِفْتُمُوهُمْ وَأُوْلَئِكُمْ جَعَلْنَا لَكُمْ عَلَيْهِمْ سُلْطَانًا مُّبِينًا ۝

သင်တို့ထံမှ လုံခြုံမှု၊ သူတို့အမျိုးသားချင်းထံမှ လုံခြုံမှုများကို လိုလားသော အခြားသူများကို တွေ့ရလတ္တံ့၊ သူတို့အား ပြန်လည် သိမ်းသွင်းခဲ့သော ရန်လိုမုန်တီးမှုဘက်သို့ ဦးကျိုးကြ၏၊ အကယ်၍ သူတို့သည် သင်တို့နှင့် စစ်ရှောင်ခြင်း၊ ငြိမ်းချမ်းရေး ကမ်းလှမ်းခြင်း၊ လက်များကို ချုပ်တီးခြင်းများ မပြုကြသော် သူတို့အား ဆုံတွေ့ရာ၌ ဖမ်းဆီးကြလော့၊ တော်လှန်ကြလော့၊ ငါအရှင်သည် သင်တို့အား ထင်ထင်ရှားရှား အခွင့်ပြုသောသူများမှာ ထိုသူတို့ပင် ဖြစ်၏။

၉၂။ وَمَا كَانَ لِمُؤْمِنٍ أَن يَقْتُلَ مُؤْمِنًا إِلاَّ خَطَئًا وَمَن قَتَلَ مُؤْمِنًا خَطَئًا فَتَحْرِيرُ رَقَبَةٍ مُّؤْمِنَةٍ وَدِيَةٌ مُّسَلَّمَةٌ إِلَى أَهْلِهِ إِلاَّ أَن يَصَّدَّقُواْ فَإِن كَانَ مِن قَوْمٍ عَدُوٍّ لَّكُمْ وَهُوَ مْؤْمِنٌ فَتَحْرِيرُ رَقَبَةٍ مُّؤْمِنَةٍ وَإِن كَانَ مِن قَوْمٍ

---

(၂၇၇) ဤသုတ်တော်သည် ရှေးမှ သုတ်တော် (၈၉)အား ရှင်းလင်းခြင်း ဖြစ်၍၊ သီလကြောင် ဖြစ်သော်ငြားလည်း သူသည် စစ်မက်ဖြစ်ပွားမှုကို မလိုလားခဲ့သော် သူ့အား သတ်ခွင့် တိုက်ခွင့် မပေးချေ။ ၂း၁၉၃–၉၄ တွင် တော်လှန်စစ်ဖြစ်ရမည့် အခြေအနေများကို တင်ပြထားပြီး၊ ၂၂း၄၀ တွင် မည်သည့် ဘာသာတရားတို့၏ ဘုရားကျောင်းများကို ဖြစ်စေ "ပရမတ်ဘုရားရှင်၏ ဂုဏ်တော်များကို ရှုမှတ်ဘာဝနာပြုရာများ အဖြစ် အစ္စလာမ် သာသနာက အသိအမှတ်ပြုထား၍" ထိုနေရာများကို ကာကွယ်ရန် တာဝန်ရှိနေပေသည်။ ထို့ကြောင့် အစ္စလာမ်၏ ခေါင်းစဉ်အောက်တွင် မရှိသော်လည်း ငြိမ်းချမ်းရေးကို လိုလားသော မည်သူ့ကို မဆို တိုက်ခိုက်ချေမှုန်း ပိုင်ခွင့် မရှိချေ။

بَيْنَكُمْ وَبَيْنَهُمْ مِّيثَاقٌ فَدِيَةٌ مُّسَلَّمَةٌ إِلَى أَهْلِهِ وَتَحْرِيرُ رَقَبَةٍ مُّؤْمِنَةً فَمَن لَّمْ يَجِدْ فَصِيَامُ شَهْرَيْنِ مُتَتَابِعَيْنِ تَوْبَةً مِّنَ اللّهِ وَكَانَ اللّهُ عَلِيمًا حَكِيمًا ۞

မှားယွင်းခြင်းမှအပ–ယုံကြည်သူအား တိုက်ခိုက်ခြင်းသည် ယုံကြည်သူတစ်ဦး၏ ဂုဏ်အင်္ဂါ မဟုတ်ချေ။ ယုံကြည်သူ တစ်ဦးအား မှားယွင်းစွာ တိုက်ခိုက်မိသူသည် ယုံကြည်သူ တစ်ဦးအား ဘဝလွတ်မြောက် စေရမည်၊ သေသူ၏ အိမ်သားတို့က စိတ်ပြေ ကျေနပ်မှု မရှိသော် အပြစ်ဖြေကြေး ပေးရမည်။ အကယ်၍ သေသူသည် ယုံကြည်သူဖြစ်၍ သင်တို့၏ ဆန့်ကျင်ဘက် အုပ်စုမှ ဖြစ်အံ့၊ ယုံကြည်သူတစ်ဦးအား သူကောင်းပြုပေးရမည်၊ သေသူသည် သင်တို့နှင့် သူတို့ကြား ညွန့်ပေါင်း စာချုပ်ရှိသော အုပ်စုမှ ဖြစ်လျှင် သူ၏ ဝိုင်းသားတို့အား အပြစ်ဖြေကြေး ပေးရမည်၊ ယုံကြည်သူ တစ်ဦးအား ဘဝလွတ်မြောက်စေရမည်၊ ၎င်းတို့အား တတ်စွမ်းနိုင်သူ မဟုတ်က ပရမတ်ဘုရားရှင်၏ထံမှ ခဝါချရန် နည်းနာမှာ နှစ်လတိ ဥပုသ်စောင့်တည်ရမည်။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏၊ စီစစ်ဆုံးဖြတ်တော်မူ၏။

၉၃။ وَمَن يَقْتُلْ مُؤْمِنًا مُّتَعَمِّدًا فَجَزَآؤُهُ جَهَنَّمُ خَالِدًا فِيهَا وَغَضِبَ اللّهُ عَلَيْهِ وَلَعَنَهُ وَأَعَدَّ لَهُ عَذَابًا عَظِيمًا ۞

ယုံကြည်သူအား ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်သူ၏ အကျိုးဆုမှာ ငရဲမီးပင် ဖြစ်၏၊ ထိုင်၌ ကာလမဲ့ ခံစားရလိမ့်မည်၊ ပရမတ်ဘုရားရှင်က မေတ္တာဝေးစေမည်၊ ကရုဏာဝေးစေမည်ပင်၊ သူ့အတွက် ဝဋ်ကြွေးကြီးကြီးကို ပြင်ထားလေပြီ။

၉၄။ يَا أَيُّهَا الَّذِينَ آمَنُواْ إِذَا ضَرَبْتُمْ فِي سَبِيلِ اللّهِ فَتَبَيَّنُواْ وَلاَ تَقُولُواْ لِمَنْ أَلْقَى إِلَيْكُمُ السَّلاَمَ لَسْتَ مُؤْمِنًا تَبْتَغُونَ عَرَضَ الْحَيَاةِ الدُّنْيَا فَعِندَ اللّهِ مَغَانِمُ كَثِيرَةٌ كَذَلِكَ كُنتُم مِّن قَبْلُ فَمَنَّ اللّهُ عَلَيْكُمْ فَتَبَيَّنُواْ إِنَّ اللّهَ كَانَ بِمَا تَعْمَلُونَ خَبِيرًا ۞

အို– ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်၌ ရင်ဆိုင်ရန် သွားကြသော်– စီစစ်လေ့လာကြလော့၊ သင်တို့အား ငြိမ်းချမ်းရေး ဆိုသူကို "သင်သည် ယုံကြည်သူမဟုတ်၊"ဟု မဆိုကြလင့်၊ လောကီဘဝ ကောင်းနိုးရာများကို ရှာမှီးကြသလော၊ ပရမတ်ဘုရားရှင်၏ထံ၌ စစ်လျော်ကြေးများစွာ ရှိကုန်၏။ သင်တို့သည်လည်း ယခင်က ထိုကဲ့သို့ပင် ဖြစ်ခဲ့၍ ပရမတ်ဘုရားရှင်က မျက်နှာသာပေးခဲ့ပြီ။ သို့ဖြစ်၍ စီစစ်သုံးသပ်ကြလော့၊ ကေန်ပင် သင်တို့ ပြုကျင့်သမျှကို ပရမတ် ဘုရားရှင်သည် သတင်းသိနေတော်မူ၏။[၂၇၈]

၉၅။ لاَّ يَسْتَوِي الْقَاعِدُونَ مِنَ الْمُؤْمِنِينَ غَيْرُ أُوْلِي الضَّرَرِ وَالْمُجَاهِدُونَ فِي سَبِيلِ اللّهِ بِأَمْوَالِهِمْ وَأَنفُسِهِمْ فَضَّلَ اللّهُ الْمُجَاهِدِينَ بِأَمْوَالِهِمْ وَأَنفُسِهِمْ عَلَى الْقَاعِدِينَ دَرَجَةً وَكُـلاًّ وَعَدَ اللّهُ الْحُسْنَى وَفَضَّلَ اللّهُ الْمُجَاهِدِينَ عَلَى الْقَاعِدِينَ أَجْرًا عَظِيمًا ۞

ယုံကြည်သူများအနက် အနာတရ မဟုတ်ဘဲ ထိုင်နေသူများနှင့် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ဥစ္စာ၊ စရိုက်စွန့်၍ ရုန်းကန်သူများ တူညီကြသည် မဟုတ်ချေ၊ ပရမတ်ဘုရားရှင်သည် ဥစ္စာ စရိုက်စွန့်၍ ရုန်းကန်သူများကို ထိုင်နေသူများထက် သိက္ခာတင် အခွင့်အလမ်းပေးခဲ့ပြီ၊ သူတို့ကိုယ်စီ အကောင်းဆုံးကို ပရတ်ဘုရားရှင်က ကတိထားတော်မူပြီ၊ ပရမတ်ဘုရားရှင်သည် ရုန်းကန်သူတို့အား ထိုင်နေသူများထက် ကောင်းမွန်သော သိက္ခာကိုပေးမည့် ဆုလဒ်ကြီးမှာ–

၉၆။ دَرَجَاتٍ مِّنْهُ وَمَغْفِرَةً وَرَحْمَةً وَكَانَ اللّهُ غَفُورًا رَّحِيمًا ۞

အခွင့်အလမ်းများ၊ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကရုဏာတို့ ဖြစ်၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။

---

(၂၇၈) ရန်သူများအား တော်လှန်စစ်ခင်းရန် စစ်ချီသွားစဉ်ပင် မွတ်ဆလင် မဟုတ်သူတို့အား ရန်သူဟုတ် မဟုတ် စီစစ်လေ့လာမှု မပြုဘဲ သတ်ဖြတ်ခြင်းကို အစ္စလာမ်က ခွင့်မပြုကြောင်း ဤသုတ်တော်က အတိအကျ သွန်သင်ထားပေသည်။ ထိုစကားကို "သင်တို့သည်လည်း ယခင်က ထိုကဲ့သို့ပင် ဖြစ်ခဲ့၍" ဟူသော စကားရပ်က ရှင်းလင်းထားပေသည်။ ယခု မွတ်ဆလင်များသည် ယခင်က မွတ်ဆလင်များ မဟုတ်ခဲ့ပေ။ ထိုစကားကို ၄း၁၇ အားဖြင့် ယှဉ်တွဲ နားလည်သင့်ပေသည်။ မွတ်ဆလင် မဟုတ်သော်လည်း ရန်သူ မဟုတ်လျှင် စစ်မြေပြင်၌ပင် သူ့အား တိုက်ခိုက်ခွင့် မရှိချေ။

၉၇။ إِنَّ الَّذِينَ تَوَفَّاهُمُ الْمَلآئِكَةُ ظَالِمِي أَنْفُسِهِمْ قَالُواْ فِيمَ كُنتُمْ قَالُواْ كُنَّا مُسْتَضْعَفِينَ فِي الأَرْضِ قَالْوَاْ أَلَمْ تَكُنْ أَرْضُ اللّهِ وَاسِعَةً فَتُهَاجِرُواْ فِيهَا فَأُوْلَئِكَ مَأْوَاهُمْ جَهَنَّمُ وَسَاءتْ مَصِيرًا

မိမိတို့၏ စရိုက်များကို အမိုက်စီးနေကြစဉ် နိမိတ်ဆောင်တို့က ဇီဝိန်ချွေပစ်သူတို့အား "သင်တို့ မည်သို့ ရပ်တည်ခဲ့သနည်း။"ဟု ဆိုသော်၊ "ကျွန်ုပ်တို့သည် ဤမြေ၌ အဖိနှိပ်ခံများ ဖြစ်ပါ၏၊"ဟု ပြန်ဖြေ၏၊ သူတို့အား "သင်တို့ ပြောင်းရွှေ့နေထိုင်ရန် ပရမတ်ဘုရားရှင်က ကမ္ဘာမြေအား ကျယ်ဝန်းပေးထားသည် မဟုတ်လော၊"ဟု မေးမြန်း၏။ သူတို့အတွက် နေရာထိုင်ခင်းမှာ ငရဲဘုံပင် ဖြစ်တော့၏၊ ယင်းသည် အကုသိုလ် ပန်းတိုင် ဖြစ်၏။[၂၇၉]

၉၈။ إِلاَّ الْمُسْتَضْعَفِينَ مِنَ الرِّجَالِ وَالنِّسَاء وَالْوِلْدَانِ لاَ يَسْتَطِيعُونَ حِيلَةً وَلاَ يَهْتَدُونَ سَبِيلاً

အနာဂတ ဖြစ်နေသော အမျိုးသား အမျိုးသမီး၊ ကလေးသူငယ်များသည် မည်သို့မှ စွမ်းဆောင်နိုင်မှု မရှိသော်၊ မည်သည့် နည်းလမ်းကိုမှ မတွေ့သော်၊

၉၉။ فَأُوْلَئِكَ عَسَى اللّهُ أَن يَعْفُوَ عَنْهُمْ وَكَانَ اللّهُ عَفُوًّا غَفُورًا

သူတို့အား ပရမတ်ဘုရားရှင်သည် ကင်းလွတ်စေတော်မူ လတ္တံ့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကင်းလွတ်စေသော အရှင်၊ လွတ်ငြိမ်းခွင့်ပေးသော အရှင် ဖြစ်၏။

၁၀၀။ وَمَن يُهَاجِرْ فِي سَبِيلِ اللّهِ يَجِدْ فِي الأَرْضِ مُرَاغَمًا كَثِيرًا وَسَعَةً وَمَن يَخْرُجْ مِن بَيْتِهِ مُهَاجِرًا إِلَى اللّهِ وَرَسُولِهِ ثُمَّ يُدْرِكْهُ الْمَوْتُ فَقَدْ وَقَعَ أَجْرُهُ عَلى اللّهِ وَكَانَ اللّهُ غَفُورًا رَّحِيمًا

ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ စွန့်ခွာသူသည် မြေကမ္ဘာ၌ ခိုလှုံရာများစွာနှင့် ကျယ်ဝန်းမှု မြောက်များစွာကို တွေ့ရလတ္တံ့၊ နေအိမ်မှ စွန့်ခွာ၍ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အတွက် စွန့်ခွာခဲ့ရသူသည် အနိစ္စတရားဆိုက်ရောက်သော် သူ့အတွက် အကျိုးဆုမှာ ပရမတ်ဘုရားရှင်၏ထံ၌ အတည်ပြုပြီး ဖြစ်၏။ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။

၁၀၁။ وَإِذَا ضَرَبْتُمْ فِي الأَرْضِ فَلَيْسَ عَلَيْكُمْ جُنَاحٌ أَن تَقْصُرُواْ مِنَ الصَّلاَةِ إِنْ خِفْتُمْ أَن يَفْتِنَكُمُ الَّذِينَ كَفَرُواْ إِنَّ الْكَافِرِينَ كَانُواْ لَكُمْ عَدُوًّا مُّبِينًا

မြေကမ္ဘာ၌ ခရီးသွားနေစဉ် ကေန်စင်စစ် သင်တို့၏ ထင်ရှားသော ရန်သူများဖြစ်သည့် ဖုံးကွယ်သူတို့၊ ထိုဖုံးကွယ်သူတို့၏ အနှောင့်အရှက်ကို စိုးရိမ်၍ စိတ်သင်တန်း ❖ မတည်ဆောက်နိုင်လျှင် သင်တို့အပေါ်၌ အပြစ်မထိုက်ချေ၊ ❖၂း၃

၁၀၂။ وَإِذَا كُنتَ فِيهِمْ فَأَقَمْتَ لَهُمُ الصَّلاَةَ فَلْتَقُمْ طَآئِفَةٌ مِّنْهُم مَّعَكَ وَلْيَأْخُذُواْ أَسْلِحَتَهُمْ فَإِذَا سَجَدُواْ فَلْيَكُونُواْ مِن وَرَآئِكُمْ وَلْتَأْتِ طَآئِفَةٌ أُخْرَى لَمْ يُصَلُّواْ فَلْيُصَلُّواْ مَعَكَ وَلْيَأْخُذُواْ حِذْرَهُمْ وَأَسْلِحَتَهُمْ وَدَّ الَّذِينَ كَفَرُواْ لَوْ تَغْفُلُونَ عَنْ أَسْلِحَتِكُمْ وَأَمْتِعَتِكُمْ فَيَمِيلُونَ عَلَيْكُم مَّيْلَةً وَاحِدَةً وَلاَ جُنَاحَ عَلَيْكُمْ إِن كَانَ بِكُمْ أَذًى مِّن

---

(၂၇၉) **မလာအိကာဟ်** ဆိုသည်မှာ ရှေးလူကြီးများ ထင်မှတ်သကဲ့သို့ နတ်ဒေဝတာ (ကောင်းကန် တမန်) မဟုတ်ကြောင်းကို ဤသုတ်တော်က အတိအကျ ဖေါ်ပြပေသည်။ ဤသုတ်တော်သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ တော်လှန်ရေး စစ်ဆင်နွှဲနေရသော ကာလနှင့် စစ်ပွဲ၌ ပါဝင်နေရသော နှစ်ဘက် ဆန့်ကျင်ဘက်အုပ်စုမှ လူများအကြောင်းကို တင်ပြနေပေသည်။ ဤနေရာတွင် အမိုက်စီးသူများ ဆိုသည်မှာ ဘုရားရှင်၏ ဘက်တော်သားများကို ဆန့်ကျင်သည့် အုပ်စုမှ လူများဖြစ်၍ သူတို့အား တော်လှန်တိုက်ခိုက်ရသည့် သူများမှာ **မလာအိကာဟ်** (နာမ်ပိုင်းဆိုင်ရာ အဆင့်မြင့်သူများ) ဘုရားရှင်အတွက် အောင်နိမိတ်ကို ဆောင်သူများ ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ပြောဆိုထားပေသည်။ သူတို့သည် ယုံကြည်ချက် ရေချိန်ကြီးမားမှုကြောင့် သာမန်လူများထက် လက်ရုံးရည် နှလုံးရည် သာလွန်နေပေသည်။ ထို့ကြောင့် သူတို့အား စွမ်းအားရှင် (မလာအိကာဟ်)များဟု ကျမ်းတော်က သုံးခြင်း ဖြစ်ပေသည်။ အသက်နုတ်သည် ဆိုခြင်းမှာ အယူဝါဒဟောင်းကို ပယ်သတ်သည် ဟု ဖြစ်ပေသည်။ ခေတ်စနစ် ပြောင်းသောအခါ အယူဝါဒဟောင်း၌ တွယ်ကပ် ဘဝသေနေခဲ့သူများမှာ နိမ့်ကျသော ဘဝတွင် နေရမည် ဖြစ်၍၊ အယူဝါဒသစ်ကို လက်ခံသူများမှာ အောင်မြင်သော ဘဝကို ပိုင်ဆိုင်ရပေသည်။

| | |
|---|---|
| ❖ ၂း၃<br>ဖုံး ကွယ်သူ | مَّطَرٍ أَوْ كُنتُم مَّرْضَى أَن تَضَعُواْ أَسْلِحَتَكُمْ وَخُذُواْ حِذْرَكُمْ إِنَّ اللّهَ أَعَدَّ لِلْكَافِرِينَ عَذَابًا مُّهِينًا ۞<br>သူတို့၏အထဲ၌ သင်ရှိနေ၍ သူတို့အတွက် စိတ်သင်တန်း❖ တည်ဆောက်ပေးလျှင်၊ သူတို့မှ တစ်စုအား လက်နက်များ ကိုင်ဆောင်လျက်ပင် သင်နှင့်အတူ ရပ်တည်စေ၍၊ ဦးချပြီးသောအခါ သင်တို့၏ နောက်သို့ ဆုတ်ခွာရမည်၊ ထို့နောက် စိတ်လေ့ကျင့်မှု မပြုသေးသော အခြား တစ်စုအား ကာကွယ်ရေး လက်နက်များကို ကိုင်ဆောင်လျက်ပင် သင်နှင့်အတူ စိတ်လေ့ကျင့်စေရမည်။ **ရန်သူ**တို့သည် သင်တို့အား တစ်ဟုန်ထိုး ဝင်ရောက်စီးနင်းနိုင်ရန် သင်တို့အား လက်နက်များ၊ စစ်သုံးပစ္စည်းများကို မေ့လျော့စေလိုကြ၏။ သို့သော် မိုးသည်းသောကြောင့် ပင်ပန်းနွမ်းရိနေသော်၊ သို့မဟုတ် ဖျားနာ နေသော် သင်တို့၏ လက်နက်များကို ချထားခြင်းကြောင့် အပြစ် မထိုက်ချေ၊ သို့သော် ကာကွယ်ရေးပစ္စည်း များကို ယူဆောင်ထားကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် **ရန်သူ**များအတွက် မသတီဘွယ် ဝဋ်ကြွေးကို အသင့်ပြင် ထားတော်မူ၏။[၂၈၀] |
| ၁၀၃။ | فَإِذَا قَضَيْتُمُ الصَّلاَةَ فَاذْكُرُواْ اللّهَ قِيَامًا وَقُعُودًا وَعَلَى جُنُوبِكُمْ فَإِذَا اطْمَأْنَنتُمْ فَأَقِيمُواْ الصَّلاَةَ إِنَّ الصَّلاَةَ كَانَتْ عَلَى الْمُؤْمِنِينَ كِتَابًا مَّوْقُوتًا ۞<br>စိတ်သင်တန်း ပြီးလေသော်၊ ပရမတ်ဘုရားရှင်အား ရပ်လျက်၊ ထိုင်လျက်၊ လှဲလျောင်းလျက် ရှုမှတ်ကြလော့၊ သင်တို့သည် ဘေးကင်းလုံခြုံသောအခါ စိတ်လေ့ကျင့်မှု ပြုမြဲပြုကြလော့၊ ကေန်ပင် စိတ်သင်တန်းသည် ယုံကြည် သူများ အတွက် သတ်မှတ် ပြဋ္ဌာန်းပြီး ဖြစ်၏။ |
| ၁၀၄။<br>ရန်သူ တို့အား | وَلاَ تَهِنُواْ فِي ابْتِغَاء الْقَوْمِ إِن تَكُونُواْ تَأْلَمُونَ فَإِنَّهُمْ يَأْلَمُونَ كَمَا تَأْلَمونَ وَتَرْجُونَ مِنَ اللّهِ مَا لاَ يَرْجُونَ وَكَانَ اللّهُ عَلِيمًا حَكِيمًا ۞<br>**ထိုလူမျိုးအား** လိုက်တိုက်ရာ၌ စိတ်မလျော့ကြလင့်၊ သင်တို့သည် စစ်ပန်းကြလျှင် သင်တို့စစ်ပန်းသကဲ့သို့ သူတို့ လည်း စစ်ပန်းကြ၏၊ သို့သော် သူတို့ မမျှော်ကိုးသော အရာများကို သင်တို့က ပရမတ်ဘုရားရှင်၏ထံမှ မျှော်ကိုးကြ ၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်၏။ |
| ၁၀၅။ | إِنَّا أَنزَلْنَا إِلَيْكَ الْكِتَابَ بِالْحَقِّ لِتَحْكُمَ بَيْنَ النَّاسِ بِمَا أَرَاكَ اللّهُ وَلاَ تَكُن لِّلْخَآئِنِينَ خَصِيمًا ۞<br>ကေန်ပင် ပရမတ်ဘုရားရှင်၏ သွန်သင်ချက်အတိုင်း လူသားတို့အလယ်၌ စီရင်ဆုံးဖြတ်ရန်၊ ဖေါက်ပြန်သူတို့ဘက်မှ မားမားရပ်သူ မဖြစ်ရန်၊ ဤကျမ်းတော်အား ပရမတ္ထသစ္စာဖြင့် သင့်၌ ကိန်းဝပ်ပေးတော်မူပြီ။ |
| ၁၀၆။ | وَاسْتَغْفِرِ اللّهِ إِنَّ اللّهَ كَانَ غَفُورًا رَّحِيمًا ۞<br>ပရမတ်ဘုရားရှင်၌ လွတ်ငြိမ်းဆုပန်လော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၀၇။ | وَلاَ تُجَادِلْ عَنِ الَّذِينَ يَخْتَانُونَ أَنفُسَهُمْ إِنَّ اللّهَ لاَ يُحِبُّ مَن كَانَ خَوَّانًا أَثِيمًا ۞<br>မိမိတို့၏ ဉာဉ်စရိုက်များကို သစ္စာမဲ့သူတို့အတွက် ဘက်မလိုက်ကြလင့်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သစ္စာဖေါက် မကောင်းမှုပြုသူအား နှစ်သက်တော် မမူချေ။ |

(၂၈၀) အစ္စလာမ်သာသနာဝင်တို့သည် စစ်မြေပြင် ရှေ့တန်း ထွက်နေရသော ကာလတွင်ပင် ဘုရား တရားအား မေ့ပစ်ထားခွင့် မရှိချေ။ တနည်းအားဖြင့် စစ်တိုက်ရခြင်းသည်ပင် မိမိ၏ ကိုယ်ကျိုးအတွက် မဟုတ်ချေ၊ လူသားအပေါင်း၏ ဘဝငြိမ်းချမ်းရေးအတွက် လူဆိုးလူယုတ်တို့အား တော်လှန်ရခြင်းသာလျှင် ဖြစ်ပေသည်။ အကယ်၍ ဘုရားရှင်၏ လမ်းစဉ်တော်ဘက်မှ ရပ်တည်လျက် တော်လှန် စတေးမည့်သူများ မရှိလျှင် ဤကမ္ဘာ၌ ဂျူးဘုရားကျောင်းများ၊ ခရစ်ယာန် ဘုရားကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ အစ္စလာမ် ဝတ်ပြုကျောင်းများသည် ရှိတော့မည် မဟုတ်ပေ ၂၂း၄၀။ ထို့ကြောင့် လူသားတို့၏ လွတ်လပ်ခွင့်၊ လူ့အခွင့်အရေးအတွက် ကာကွယ်စောင့်ရှောက်သည့် စစ်ပွဲကို ရှောင်လွှဲနေခြင်းသည် အကုသိုလ်သင့်သည်ဟု အစ္စလာမ် သာသနာက သွန်သင်ပေသည်။

| | |
|---|---|
| ၁၀၈။ | **يَسْتَخْفُونَ مِنَ النَّاسِ وَلاَ يَسْتَخْفُونَ مِنَ اللهِ وَهُوَ مَعَهُمْ إِذْ يُبَيِّتُونَ مَا لاَ يَرْضَى مِنَ الْقَوْلِ وَكَانَ اللهُ بِمَا يَعْمَلُونَ مُحِيطًا ۝**<br>သူတို့သည် လူသားတို့မှ ပုန်းကွယ်လိုကြ၏ ပရမတ်ဘုရားရှင်ထံမှ ပုန်းကွယ် ၍မရချေ။ အရှင် မနှစ်သက်ရာများကို ပြောဆိုကြစဉ်တွင် သူတို့၏ကြား၌ အရှင်ရှိနေ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သူတို့ကျင့်ကြံသမျှကို ဝိုင်းထားတော်မူ၏။ |
| ၁၀၉။ | **هَاأَنتُمْ هَؤُلاء جَادَلْتُمْ عَنْهُمْ فِي الْحَيَاةِ الدُّنْيَا فَمَن يُجَادِلُ اللهَ عَنْهُمْ يَوْمَ الْقِيَامَةِ أَم مَّن يَكُونُ عَلَيْهِمْ وَكِيلاً ۝**<br>သင်တို့သည် ဤလောကီဘဝ၌ သူတို့အတွက် လျှောက်ထားကြ၏၊ ရပ်တည်မြဲမြံသောနေ့၌ အဘယ်သူက ပရမတ်ဘုရားရှင်ထံ၀ယ် သူတို့အတွက် လျှောက်ထားအံ့နည်း၊ သူတို့အတွက် အဘယ်သူက ကာကွယ်သူ ဖြစ်အံ့နည်း။ |
| ၁၁၀။ | **وَمَن يَعْمَلْ سُوءًا أَوْ يَظْلِمْ نَفْسَهُ ثُمَّ يَسْتَغْفِرِ اللهَ يَجِدِ اللهَ غَفُورًا رَّحِيمًا ۝**<br>အကုသိုလ်ကို ကျင့်ကြံမိ၏၊ သို့မဟုတ် မိမိဥာဉ်ကို မိမိအမိုက်စီးမိ၏၊ ထို့နောက် ပရမတ်ဘုရားရှင်၏ ထံ၌ လွတ်ငြိမ်းဆုပန်သူအတွက် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်သည်ကို တွေ့ရလတ္တံ့။ |
| ၁၁၁။ | **وَمَن يَكْسِبْ إِثْمًا فَإِنَّمَا يَكْسِبُهُ عَلَى نَفْسِهِ وَكَانَ اللهُ عَلِيمًا حَكِيمًا ۝**<br>မကောင်းမှုကို ကျူးလွန်သူသည် သူ၏ စရိုက်အတွက်သာ ကျူးလွန်သူ ဖြစ်၏၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင် အဆုံးအဖြတ်ရှင် ဖြစ်တော်မူ၏။ |
| ၁၁၂။ | **وَمَن يَكْسِبْ خَطِيئَةً أَوْ إِثْمًا ثُمَّ يَرْمِ بِهِ بَرِيئًا فَقَدِ احْتَمَلَ بُهْتَانًا وَإِثْمًا مُّبِينًا ۝**<br>မှားယွင်းမှု၊ မကောင်းမှုကို ကျူးလွန်လျက် သူတစ်ပါးအား လွှဲချစွပ်စွဲသူသည် သိက္ခာမဲ့သော ဝန်ထုပ်နှင့် ထင်ရှားသော မကောင်းမှုကို ထမ်းသူ ဖြစ်၏။ |
| ၁၁၃။ | **وَلَوْلاَ فَضْلُ اللهِ عَلَيْكَ وَرَحْمَتُهُ لَهَمَّت طَّآئِفَةٌ مُّنْهُمْ أَن يُضِلُّوكَ وَمَا يُضِلُّونَ إِلاُّ أَنفُسَهُمْ وَمَا يَضُرُّونَكَ مِن شَيْءٍ وَأَنزَلَ اللهُ عَلَيْكَ الْكِتَابَ وَالْحِكْمَةَ وَعَلَّمَكَ مَا لَمْ تَكُنْ تَعْلَمُ وَكَانَ فَضْلُ اللهِ عَلَيْكَ عَظِيمًا ۝**<br>ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုနှင့် ကရုဏာတော် သင့်အပေါ်သို့ မသက်ခဲ့လျှင် သူတို့မှ တစ်စု၏ စိတ်၌ သင့်အား လမ်းလွဲစေလို၏၊ အမှန်မှာ သူတို့စရိုက်ကိုသာ သူတို့လမ်းလွဲမိကြပြီ၊ သင့်အား စိုးစဉ်းမျှ နစ်နာစေနိုင်သည် မဟုတ်ချေ၊ ပရမတ်ဘုရားရှင်သည် သင့်အား ကျမ်းတော်နှင့် ဓမ္မသတ်ကို ချမှတ်ပေးခြင်းဖြင့် သင်မသိခဲ့သော အရာများကို သိစေတော်မူ၏၊ ကေန်ပင် ပရမတ်ဘုရားရှင်၏ သိက္ခပေးမှုသည် သင့်အပေါ်၌ ကြီးမားလှပေ၏။ |
| ၁၁၄။ | **لاَّ خَيْرَ فِي كَثِيرٍ مِّن نَّجْوَاهُمْ إِلاَّ مَنْ أَمَرَ بِصَدَقَةٍ أَوْ مَعْرُوفٍ أَوْ إِصْلاَحٍ بَيْنَ النَّاسِ وَمَن يَفْعَلْ ذَلِكَ ابْتَغَاء مَرْضَاتِ اللهِ فَسَوْفَ نُؤْتِيهِ أَجْرًا عَظِيمًا ۝**<br>လူသားတို့အကြား ပေးကမ်းဝေငှရန်၊ တရားမျှတရန်၊ ပြုပြင်ပြောင်းလဲရန် ဆင့်ဆိုသူမှအပ သူတို့၏ ဆွေးနွေးမှုများ အနက် များစွာမှာ အကောင်းဘက်သို့ မဆောင်ပေ၊ ပရမတ်ဘုရားရှင်၏ အလိုတူမှုကို ရှာမှီး၍ ထိုသို့ပြုကျင့်သူအတွက် ကြီးမားသော အကျိုးဆုကို တမဟုတ်ချင်း ပေးအပ်လတ္တံ့။ |
| ၁၁၅။ | **وَمَن يُشَاقِقِ الرَّسُولَ مِن بَعْدِ مَا تَبَيَّنَ لَهُ الْهُدَى وَيَتَّبِعْ غَيْرَ سَبِيلِ الْمُؤْمِنِينَ نُوَلِّهِ مَا تَوَلَّى وَنُصْلِهِ جَهَنَّمَ وَسَاءتْ مَصِيرًا ۝**<br>လမ်းညွှန်မှန်သည် ထင်ရှားပြီးမှ ဉာဏ်စဉ်ဆောင်အား ဖီဆန်သူ၊ ယုံကြည်သူတို့၏ လမ်းစဉ် မဟုတ်သည်ကို လိုက်နာ |

| | |
|---|---|
| | သူတို့အား၊ သူလှည့်လိုရာဖြစ်သော အကုသိုလ် ပန်းတိုင် ငရဲဘုံသို့ လှည့်ပေး၏၊ |
| ၁၁၆။<br>☆<br>၂း၇၀ | **إِنَّ اللّهَ لاَ يَغْفِرُ أَن يُشْرَكَ بِهِ وَيَغْفِرُ مَا دُونَ ذَلِكَ لِمَن يَشَاء وَمَن يُشْرِكْ بِاللّهِ فَقَدْ ضَلَّ ضَلاَلاً بَعِيدًا** ۞<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် အရှင်နှင့် ရောပြွန်းကိုးကွယ်ခြင်းကို ကင်းလွတ်ခွင့် မပြုချေ၊ ထိုနှင့် ဆန့်ကျင်သော အရာမှ စံချိန်ပြည့်သူအား☆ ကျွတ်လွတ်စေတော်မူ၏၊ ပရမတ်ဘုရားရှင်အား ရောပြွန်းကိုးကွယ်သူသည် မုချပင် အလွဲကြီး လွဲရသူ ဖြစ်လေ၏။ |
| ၁၁၇။ | **إِن يَدْعُونَ مِن دُونِهِ إِلاَّ إِنَاثًا وَإِن يَدْعُونَ إِلاَّ شَيْطَانًا مَّرِيدًا** ۞<br>အမှန်မှာ အရှင်မှ အပသော "မယ်တော်"များကိုသာ ခိုကိုးပန်ထွာကြ၏၊ ပုန်ကန်သော မကောင်းဆိုးဝါးများ၌သာ ခိုကိုး ပန်ထွာကြကုန်၏။[၂၈၁] |
| ၁၁၈။ | **لَّعَنَهُ اللّهُ وَقَالَ لَأَتَّخِذَنَّ مِنْ عِبَادِكَ نَصِيبًا مَّفْرُوضًا** ۞<br>ပရမတ်ဘုရားရှင်သည် သူ့အား မေတ္တာဝေးစေပြီ၊ သူက "တပည့်တော်သည် အရှင်၏ အမှုတော်ဆောင်များ အတွက် သတ်မှတ်ပြီး ဝေစုကို ရယူပါမည်–[၂၈၂] |
| ၁၁၉။ | **وَلأُضِلَّنَّهُمْ وَلأُمَنِّيَنَّهُمْ وَلآمُرَنَّهُمْ فَلَيُبَتِّكُنَّ آذَانَ الأَنْعَامِ وَلآمُرَنَّهُمْ فَلَيُغَيِّرُنَّ خَلْقَ اللّهِ وَمَن يَتَّخِذِ الشَّيْطَانَ وَلِيًّا مِّن دُونِ اللّهِ فَقَدْ خَسِرَ خُسْرَانًا مُّبِينًا** ۞<br>တပည့်တော်သည် သူတို့အား လမ်းလွဲစေမည်၊ လောဘရမက်တက်စေမည်၊ ခြေလေးချောင်းသတ္တဝါတို့၏ နားရွက်ကို ဖြတ်ရန်[၂၈၃] အမိန့်ပေးမည်၊ ပရမတ်ဘုရားရှင်၏ ဖြစ်တည်စေမှုကို ပြောင်းလဲပစ်ရန်[၂၈၄] အမိန့်ပေးမည်၊"ဟု ရင့်ကျူး၏၊ ပရမတ်ဘုရားရှင်အား တုပလျက် မကောင်းဆိုးဝါးအား မဟာမိတ်ပြုသော သူသည် ထင်ရှားစွာ ဆုံးရှုံးခြင်းဖြင့် ဆုံးရှုံးရသူ ဖြစ်၏။ |
| ၁၂၀။ | **يَعِدُهُمْ وَيُمَنِّيهِمْ وَمَا يَعِدُهُمُ الشَّيْطَانُ إِلاَّ غُرُورًا** ۞<br>ကတိပေးမှု၊ မျှော်လင့်ချက်ပေးမှု– မကောင်းဆိုးဝါး၏ ထိုကတိပေးမှုများသည် သွေးဆောင်မှုသာ ဖြစ်၏။ |

(၂၈၁) အာရ်ဗီဝေါဟာရ **إِنَاثًا အင်နားဆ်** သည် အသက်မရှိသော ဣတ္ထိလိင်များကို ဆိုလိုပေသည်။ အာရဗ်လူမျိုးများသည် တိုင်းရင်းသားကိုယ်စီ၌ ကိုးကွယ် ပသကြသည့် "မယ်တော်" များကို အယူထား ကိုးကွယ်ကြပေသည်။ အစ္စလာမ်သာသနာသည် ကိုးကွယ်မှု ရောပြွန်းခြင်းကို လုံးဝ လက်မခံချေ၊ ထို့ကြောင့် "ဘုရားမှအပ ကိုးကွယ်ရာမရှိ" ဟူသော ခေါင်းစဉ်အောက်၌ ခိုလှုံလျက် ရှိးရာ နတ်၊ မယ်တော်များအား ကိုးကွယ်ပသခြင်း၊ တိုင်တည် ပူဇော်ခြင်းများကို ပွင့်ပွင့်လင်းလင်း ပစ်ပယ်ရန် သွန်သင်ပေသည်။

(၂၈၂) ပရမတ်ဘုရားရှင်သည် မူလအစ ပညတ်ပြဋ္ဌာန်းပြီးသော သဘာဝဓမ္မနှင့် လူသတ္တဝါ သက်ရှိ သက်မဲ့တိုင်း၏ ရပိုင်ခွင့်ကို အသိအမှတ် ပြုကြောင်း၊ တချက်လွှတ် အာဏာဖြင့် အဓမ္မ ချုပ်တီးထားမှု မရှိကြောင်းကို ဤသုတ်တော်က ထင်ထင်ရှားရှား ပြဆိုပေသည်။ ကောင်းသူရော မကောင်းသူပါ အကောင်း အဆိုးကို လုပ်ပိုင်ခွင့် အခွင့်အာဏာသည် ဝေစုအဖြစ် ရရှိပြီးသား ဖြစ်ပေသည်။ ထိုသို့ လုပ်ဆောင်မှုပေါ်၌သာ ခံစားရမည့် အကျိုးဆက်ကို ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။

(၂၈၃) အာရဗ်လူမျိုးများသည် သူတို့၏ ကိုးကွယ်ယုံကြည်မှုအရ ခြေလေးချောင်းသတ္တဝါတို့၏ နားရွက်များကို ဖြတ်တောက်လျက် ယတြာချေ၊ ဆည်းကပ်ပူဇော်လေ့ ရှိကြပေသည်၊ ထိုသို့သော ယစ်ပူဇော်မှု ယတြာချေမှုများသည် ဘုရားတရား အဆုံးအမ မဟုတ်ဘဲ မကောင်းဆိုးဝါး၏ လှုံ့ဆော်မှုသာ ဖြစ်သည်ဟု အစ္စလာမ်သာသနာက သွန်သင်ပေသည်။

(၂၈၄) "ပရမတ်ဘုရားရှင်၏ ဖြစ်တည်စေမှုအား ပြောင်းလဲစေရန် အမိန့်ပေးမည်" ဆိုသည်မှာ ယုတ္တိဗေဒ မရှိသော ဖြစ်တည်မှုဆိုင်ရာ ယုံကြည်မှုမျိုးကို သက်ဝင်ယုံကြည်လာစေရန် လှုံ့ဆော်မည်ဟု ဆိုလိုပေသည်၊ ဥပမာအားဖြင့် သိကြားမင်းကြီး လက်ဆေးသောကြောင့် မိုးရွာခြင်းဖြစ်သည်၊ ဖိုမ ဆက်ဆံ မျိုးပွားမှု မရှိဘဲလျက် သဘာဝလွန် ဖြစ်ရပ်များဖြင့် ကလေးမွေးသည်၊ လူစင်စစ်မှ သတ္တဝါတမျိုးအဖြစ် ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲ သွားသည် စသည်ဖြင့် ဒဏ္ဍာရီပုံပြင် ယုံကြည်မှုများကို ဘာသာတရားများက သွန်သင်သည်ဟု လက်ခံ ယုံကြည်လာစေရန် လှုံ့ဆော်ခြင်းများကို ဆိုလိုပေသည်။ ထိုသို့ ယုံကြည်မှုများသည် ဘုရားရှင်၏ သွန်သင်ချက်များ မဟုတ်ဘဲ မကောင်းဆိုးဝါး သောင်းကျန်းသူတို့၏ ဝါဒဖြန့်ချီမှုသာ ဖြစ်ကြောင်း ဤသုတ်တော်က ပြတ်ပြတ်သားသား ဖေါ်ပြပေသည်။

၁၂၁။ أُوْلَئِكَ مَأْوَاهُمْ جَهَنَّمُ وَلاَ يَجِدُونَ عَنْهَا مَحِيصًا۞

သူတို့၏ ခိုလှုံရာ ပန်းတိုင်မှာ ငရဲဘုံဖြစ်၍ ထိုမှအပ ခိုလှုံရာကို တွေ့ရမည် မဟုတ်ချေ။

၁၂၂။ وَالَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ سَنُدْخِلُهُمْ جَنَّاتٍ تَجْرِي مِن تَحْتِهَا الأَنْهَارُ خَالِدِينَ فِيهَا أَبَدًا وَعْدَ اللّهِ حَقًّا وَمَنْ أَصْدَقُ مِنَ اللّهِ قِيلاً۞

ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှု ပြုသူများသည် အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံ၌ ကာလမဲ့ အစဉ်စံမြန်းရလတ္တံ့၊ ပရမတ်ဘုရားရှင်၏ ကတိတော်သည် သစ္စာပင် ဖြစ်၏၊ မိန့်ဆိုရာ၌ ပရမတ်ဘုရားရှင်ထက် အဘယ်သူက ဖြောင့်မှန်ပေအံ့နည်း။

၁၂၃။ لَّيْسَ بِأَمَانِيِّكُمْ وَلا أَمَانِيِّ أَهْلِ الْكِتَابِ مَن يَعْمَلْ سُوءًا يُجْزَ بِهِ وَلاَ يَجِدْ لَهُ مِن دُونِ اللّهِ وَلِيًّا وَلاَ نَصِيرًا۞

သင်တို့၏ ဆန္ဒအတိုင်း၊ ကျမ်းစာဝိုင်းသားတို့၏ ဆန္ဒအတိုင်း ဖြစ်မည် မဟုတ်ချေ။ အကုသိုလ် ပြုသူအတွက် ရလဒ်သည် ရှိပြီး ဖြစ်၏၊ ပရမတ်ဘုရားရှင်အား တုပြိုင်လျက် ကွပ်ကဲသူ ကူညီသူ ဟူ၍ တွေ့ရမည် မဟုတ်ချေ။

၁၂၄။ وَمَن يَعْمَلْ مِنَ الصَّالِحَاتَ مِن ذَكَرٍ أَوْ أُنثَى وَهُوَ مُؤْمِنٌ فَأُوْلَئِكَ يَدْخُلُونَ الْجَنَّةَ وَلاَ يُظْلَمُونَ نَقِيرًا۞

အမျိုးသား အမျိုးသမီးမဟူ ပြုပြင်ပြောင်းလဲမှု ပြုသူ၊ သက်ဝင်ယုံကြည်သူ မည်သူမဆို ဥယျာဉ်ဘုံသို့ ဝင်ရလတ္တံ့၊ အမှုံအမွှားမျှပင် အဝိဇ္ဇာသင့်ခံရမည် မဟုတ်ချေ။

၁၂၅။ وَمَنْ أَحْسَنُ دِينًا مِّمَّنْ أَسْلَمَ وَجْهَهُ لله وَهُوَ مُحْسِنٌ واتَّبَعَ مِلَّةَ إِبْرَاهِيمَ حَنِيفًا وَاتَّخَذَ اللّهُ إِبْرَاهِيمَ خَلِيلاً۞

ပရမတ်ဘုရားအား ရှေးရှုလျက် ငြိမ်းချမ်းမှုပြုသူ၊ ကောင်းမှုပြုသူ၊ အယူသန့်သော အီဗရာဟီးမ်၏☆ ပဋိပါတ်ကို လိုက်နာသူထက် မည်သူက သာသနာတော်၌ ပိုမို ကောင်းမွန်အံ့နည်း၊ ပရမတ်ဘုရားရှင်သည် အီဗရာဟီးမ်အား အဆွေခင်ပွန်း အဖြစ် မှတ်ယူတော်မူ၏။

☆ ၂း၁၂၄

၁၂၆။ وَلِلّهِ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَكَانَ اللّهُ بِكُلِّ شَيْءٍ مُّحِيطًا۞

မိုးများအတွင်း မြေများအတွင်း ရှိသမျှသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏၊ ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား ဝန်းရံထားတော်မူ၏။

၁၂၇။ وَيَسْتَفْتُونَكَ فِي النِّسَاء قُلِ اللّهُ يُفْتِيكُمْ فِيهِنَّ وَمَا يُتْلَى عَلَيْكُمْ فِي الْكِتَابِ فِي يَتَامَى النِّسَاء الَّلاتِي لاَ تُؤْتُونَهُنَّ مَا كُتِبَ لَهُنَّ وَتَرْغَبُونَ أَن تَنكِحُوهُنَّ وَالْمُسْتَضْعَفِينَ مِنَ الْوِلْدَانِ وَأَن تَقُومُواْ لِلْيَتَامَى بِالْقِسْطِ وَمَا تَفْعَلُواْ مِنْ خَيْرٍ فَإِنَّ اللّهَ كَانَ بِهِ عَلِيمًا۞

အမျိုးသမီးများနှင့် စပ်လျဉ်းသော စီရင်ထုံးကို မေးမြန်းသူတို့အား ပြောကြားလော့ “သူမတို့နှင့် စပ်လျဉ်းသော ပရမတ်ဘုရားရှင်၏ အသိပေး စီရင်ထုံးသည် သင်တို့အား ရွတ်ဖတ်ပြသော ကျမ်းတော်၌ ပါရှိ၏၊ သင်တို့သိမ်းဆည်းလိုသော်လည်း သူမတို့အပေါ် ပြဌာန်းချက်အတိုင်း၊ သင်တို့ မပေးအပ်ပေ။ မိဘမဲ့ မိန်းကလေးများနှင့် ကလေးသူငယ်များမှ ချိနဲ့သူများ၏ အကြောင်းလည်း ပါရှိ၏။ မိဘမဲ့များနှင့်စပ်လျဉ်း၍ သမာဓိရှိစွာ ရပ်တည်ကြလော့၊ ကောင်းနိုးရာရာ ပြုကျင့်မှု ဟူသမျှကို ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏။

၁၂၈။ وَإِنِ امْرَأَةٌ خَافَتْ مِن بَعْلِهَا نُشُوزًا أَوْ إِعْرَاضًا فَلاَ جُنَاْحَ عَلَيْهِمَا أَن يُصْلِحَا بَيْنَهُمَا صُلْحًا وَالصُّلْحُ خَيْرٌ وَأُحْضِرَتِ الأَنفُسُ الشُّحَّ وَإِن تُحْسِنُواْ وَتَتَّقُواْ فَإِنَّ اللّهَ كَانَ بِمَا تَعْمَلُونَ خَبِيرًا۞

အကယ်၍ အမျိုးသမီးသည် လင်ယောကျ်ားဘက်မှ အနိုင်ကျင့်ခြင်း၊ စွန့်ပစ်ခံရခြင်းကို စိုးရိမ်ခဲ့သော် သူတို့နှစ်ဦးကြား ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်မှု၌ အပြစ် မထိုက်ချေ၊ ကောင်းသော ပြုပြင်မှုဖြင့် ပြုပြင်ရာ၏၊ စိတ်စရိုက်များသည် အလိုရမက်ကြီးမှု၌ တည်တံ့မြဲဖြစ်၏၊ သို့သော် ကောင်းမှုပြုလျှင်၊ စည်းစောင့်ကြလျှင် ပရမတ်ဘုရားရှင်သည် ကျင့်ကြံ

| | |
|---|---|
| | သမျှကို သတင်းရတော်မူပေ၏။ |
| ၁၂၉။ | وَلَن تَسْتَطِيعُواْ أَن تَعْدِلُواْ بَيْنَ النِّسَاء وَلَوْ حَرَصْتُمْ فَلاَ تَمِيلُواْ كُلَّ الْمَيْلِ فَتَذَرُوهَا كَالْمُعَلَّقَةِ وَإِن تُصْلِحُواْ وَتَتَّقُواْ فَإِنَّ اللّهَ كَانَ غَفُورًا رَّحِيمًا ۝<br>မည်မျှပင် အလိုဆန္ဒရှိသော်လည်း အမျိုးသမီးများအလယ်၌ မျှတနိုင်စွမ်းမည် မဟုတ်ချေ၊ သို့ဖြစ်၍ သူမအား မပြတ်မစဲ စွန့်ပစ်ထားလျက် လုံးဝ တွန့်ဆုတ် ဖင့်နွဲ့မနေကြလင့်။ အကယ်၍ ပြုပြင်ပြောင်းလဲကြလျှင် စည်းစောင့်ကြလျှင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။[၂၈၅] |
| ၁၃၀။ | وَإِن يَتَفَرَّقَا يُغْنِ اللّهُ كُلاًّ مِّن سَعَتِهِ وَكَانَ اللّهُ وَاسِعًا حَكِيمًا ۝<br>သူတို့သည် ကင်းကွာကြလေလျှင် ပရမတ်ဘုရားရှင်သည် အရှင်၏ အတိုင်းအတာမဲ့ခြင်းမှ ကိုယ်စီကိုယ်ငှ ပြည့်စုံစေ၏၊ ပရမတ်ဘုရားရှင်သည် ဥာဏ်စေစားနေ၏ ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၁၃၁။ | وَلِلّهِ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَلَقَدْ وَصَّيْنَا الَّذِينَ أُوتُواْ الْكِتَابَ مِن قَبْلِكُمْ وَإِيَّاكُمْ أَنِ اتَّقُواْ اللّهَ وَإِن تَكْفُرُواْ فَإِنَّ لِلّهِ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَكَانَ اللّهُ غَنِيًّا حَمِيدًا ۝<br>မိုးများအတွင်း မြေအတွင်း ရှိမျှသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏၊ အရှင်သည် သင်တို့အလျှင် ကျမ်းပေးခံရသူတိုကို ဖြစ်စေ သင်တို့ကို ဖြစ်စေ ပရမတ်ဘုရားရှင်အား စည်းစောင့်ရန် မိန့်ခြွေတော်မူ၏၊ သင်တို့ ဖုံးကွယ်ကြသော် ကေန်ပင် မိုးများအတွင်း မြေအတွင်းရှိမျှသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏၊ ပရမတ် ဘုရားရှင်သည် ကုံလုံပြည့်စုံတော်မူ၏၊ ရည်သန်စူးစိုက်ရာ ဖြစ်တော်မူ၏။ |
| ၁၃၂။ | وَلِلّهِ مَا فِي السَّمَاوَاتِ وَمَا فِي الأَرْضِ وَكَفَى بِاللّهِ وَكِيلاً ۝<br>မိုးများအတွင်း မြေအတွင်း ရှိမျှသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏၊ ပရမတ်ဘုရားရှင်သည် ထိန်းသိမ်းသူအဖြစ် လုံလောက်တော်မူ၏၊ |
| ၁၃၃။ ☆ ၂း၇၀ | إِن يَشَأْ يُذْهِبْكُمْ أَيُّهَا النَّاسُ وَيَأْتِ بِآخَرِينَ وَكَانَ اللّهُ عَلَى ذَلِكَ قَدِيرًا ۝<br>အရှင်၏ စံချိန်ပြည့်လျှင်၊☆ အိုလူသားတို့– သင်တို့အား နိဂုံတံစေပြီး နောက်မျိုးဆက်ကို ဖြစ်ထွန်းစေနိုင်၏၊ ကေန်ပင် ဤအချင်းအရာအား ပရမတ်ဘုရားရှင်သည် စည်းချိန် ချမှတ်နိုင်ပေ၏။ |
| ၁၃၄။ | مَّن كَانَ يُرِيدُ ثَوَابَ الدُّنْيَا فَعِندَ اللّهِ ثَوَابُ الدُّنْيَا وَالآخِرَةِ وَكَانَ اللّهُ سَمِيعًا بَصِيرًا<br>မည်သူမဆို လောကီ စည်းစိမ်ကို မျှော်ကိုးကြသော်– ပရမတ်ဘုရားရှင်၏ ထံတော်၌ လောကီ လောကုတ္တရာ စည်းစိမ်သည် ရှိနေ၏၊ ပရမတ်ဘုရားရှင်သည် ကြားနေတော်မူ၏၊ မြင်တွေ့နေတော်မူ၏။ |
| ၁၃၅။ | يَا أَيُّهَا الَّذِينَ آمَنُواْ كُونُواْ قَوَّامِينَ بِالْقِسْطِ شُهَدَاء لِلّهِ وَلَوْ عَلَى أَنفُسِكُمْ أَوِ الْوَالِدَيْنِ وَالأَقْرَبِينَ إِن يَكُنْ غَنِيًّا أَوْ فَقَيرًا فَاللّهُ أَوْلَى بِهِمَا فَلاَ تَتَّبِعُواْ الْهَوَى أَن تَعْدِلُواْ وَإِن تَلْوُواْ أَوْ تُعْرِضُواْ فَإِنَّ اللّهَ كَانَ بِمَا تَعْمَلُونَ خَبِيرًا ۝ |

(၂၈၅) အစ္စလာမ်သာသနာ၌ ဇနီးမယားအများ ယူခွင့်ရှိသည်ဟု ထင်ယောင်မှားနေခြင်းကို ဤသုတ်တော်က ယတိပြတ် ပယ်ချသည်။ ယောကျ်ား တစ်ဦး အနေဖြင့် ဇနီးမိန်းမ အများ လက်ထပ်လျှင်လည်း တရားမျှတစွာ ထားနိုင်မည်ဟု ဆန္ဒရှိခြင်းသည် လုံးဝ မဖြစ်နိုင်ဟု ဤသုတ်တော်က ရှင်းလင်းစွာ ပြောထားပေသည်။ ထို့အပြင် ပထမ ဇနီးအား မပြတ်မသားဘဲ သို့မဟုတ် ပြတ်သားရန် တွန့်ဆုတ်နေလျက် အခြားမိန်းမကို လက်ထပ်ယူခြင်းကိုလည်း တားမြစ်ထားပေသည်။ ဤအဆိုမှာ နောက်မိန်းမ ယူရန်အတွက် ပထမဇနီးကို မတရား စွန့်ပစ်ရန် ပြောဆိုခြင်း မဟုတ်ပေ၊ အိမ်ထောင်တစ်ခု၌ ပြန်လည်ညှိနှိုင်း၍ မရသော ကွာရှင်းမှုများတွင်သာ နောက်အိမ်ထောင် ပြုနိုင်ခွင့်ကို ပြောဆိုခြင်း ဖြစ်ကြောင်း ဤသုတ်တော်ပါ “ပြုပြင်ပြောင်းလဲကြလျှင် စည်းစောင့်ကြလျှင်” ဟူသော စကားက ခိုင်မာစွာ ထောက်ပြထားပေသည်။

အို–ယုံကြည်သောသူတို့ သမာဓိတရား၌ မြဲမြံကြကုန်။ သင်တို့စရိုက်၊ မိဘ၊ ဆွေမျိုးများနှင့် ဆန့်ကျင်သည် ဖြစ်စေ ပရမတ်ဘုရားရှင်အား ရည်စူးလျှက် သက်သေ ထွက်ဆိုကြကုန်။ ဆင်းရဲမဟူ ချမ်းသာမခွဲ၊ ပရမတ်ဘုရားရှင်သည် နှစ်ဦး လုံးနှင့် အနီးစပ်ဆုံး ဖြစ်တော်မူ၏၊ တရားတိမ်းစောင်းစေသည့် အာသီသနောက်သို့ မလိုက်ကြလင့်၊ အကယ်၍ ယိမ်းယိုင်သော် ဘက်လိုက်သော်– ပရမတ်ဘုရားရှင်သည် ကျင့်ကြံသမျှကို သတင်းရနေတော်မူ၏။

၁၃၆။ يَا أَيُّهَا الَّذِينَ آمَنُواْ آمِنُواْ بِاللّهِ وَرَسُولِهِ وَالْكِتَابِ الَّذِي نَزَّلَ عَلَى رَسُولِهِ وَالْكِتَابِ الَّذِيَ أَنزَلَ مِن قَبْلُ وَمَن يَكْفُرْ بِاللّهِ وَمَلاَئِكَتِهِ وَكُتُبِهِ وَرُسُلِهِ وَالْيَوْمِ الآخِرِ فَقَدْ ضَلَّ ضَلاَلاً بَعِيدًا۞

အို–ယုံကြည်သောသူတို့၊ ပရမတ်ဘုရားရှင်၊ အရှင်၏ ဉာဏ်စဉ်ဆောင်၊ အရှင့်ဉာဏ်စဉ်ဆောင်၌ ချမှတ်ပေးရာ ကျမ်းတော်၊ သင်တို့မတိုင်မီ ချမှတ်ပေးရာ ကျမ်းတော်တို့အား ယုံကြည်ကြလော့။ ပရမတ်ဘုရားရှင်အား၊ အရှင်၏ နိမိတ်ဆောင်များအား၊ ကျမ်းဂန်များအား၊ ဉာဏ်စဉ်ဆောင်များအား၊ ရပ်တည်မြဲမြံသောနေ့အား ဖုံးကွယ်ကြလျှင် ကေန်ပင် ဝေးစွာ အလွဲကြီး လွဲရချေပြီ။

၁၃၇။ إِنَّ الَّذِينَ آمَنُواْ ثُمَّ كَفَرُواْ ثُمَّ آمَنُواْ ثُمَّ كَفَرُواْ ثُمَّ ازْدَادُواْ كُفْرًا لَّمْ يَكُنِ اللّهُ لِيَغْفِرَ لَهُمْ وَلاَ لِيَهْدِيَهُمْ سَبِيلاً۞

အကြင်သူသည် ယုံကြည်၏ ထို့နေက် ဖုံးကွယ်၏၊ ထို့နောက် ယုံကြည်ပြန်၏၊ တဖန် ဖုံးကွယ်မှု၌ နစ်မွန်းသွားပြန်၏ သူတို့အား ပရမတ်ဘုရားရှင်ထံမှ လွတ်ငြိမ်းခွင့် ရှိစေမည်မဟုတ်၊ လမ်းညွှန်ရာရကြောင်း နည်းလမ်းရှိစေမည် မဟုတ်ချေ။

၁၃၈။ بَشِّرِ الْمُنَافِقِينَ بِأَنَّ لَهُمْ عَذَابًا أَلِيمًا۞

စူးနစ်သော ဝင့်ကြွေးသည် သူတို့အတွက် ဖြစ်ကြောင်း သီလကြောင်တို့အား သတင်းကောင်းပါးလော့။

၁၃၉။ ရန်သူတို့အား الَّذِينَ يَتَّخِذُونَ الْكَافِرِينَ أَوْلِيَاء مِن دُونِ الْمُؤْمِنِينَ أَيَبْتَغُونَ عِندَهُمُ الْعِزَّةَ فَإِنَّ العِزَّةَ لِلّهِ جَمِيعًا۞

ယုံကြည်သူချင်း အတိုက်အခံပြုလျှက် **ဖုံးကွယ်သူတို့အား** ကွပ်ကဲသူအဖြစ် မှတ်ယူသောသူတို့–[၂၈၆] သူတို့အပါး၌ ဘုန်းတန်ခိုးကို ရှာမှီးကြသလော၊ အမှန်မှာ ဘုန်းတန်ခိုးတို့သည် ပရမတ်ဘုရားရှင်၏ ထံ၌သာ ရှိ၏၊

၁၄၀။ وَقَدْ نَزَّلَ عَلَيْكُمْ فِي الْكِتَابِ أَنْ إِذَا سَمِعْتُمْ آيَاتِ اللّهِ يُكَفَرُ بِهَا وَيُسْتَهْزَأُ بِهَا فَلاَ تَقْعُدُواْ مَعَهُمْ حَتَّى يَخُوضُواْ فِي حَدِيثٍ غَيْرِهِ إِنَّكُمْ إِذًا مِّثْلُهُمْ إِنَّ اللّهَ جَامِعُ الْمُنَافِقِينَ وَالْكَافِرِينَ فِي جَهَنَّمَ جَمِيعًا۞

မုချကေန် သင်တို့ထံသို့ ကျမ်းတော်မှ ချမှတ်ထားတော်မူသည်မှာ၊ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို ဖုံးကွယ်၊ ပြောင်လှောင်ကြသော် အခြားအကြောင်းအရာ၌ အာရုံလွှဲပြောင်း မပြောဆိုသမျှ သူတို့နှင့် ထိုင်ဝိုင်း မဖွဲ့ကြကုန်လင့်၊ သို့မဟုတ်က သင်တို့လည်း သူတို့ကဲ့သို့ပင် ဖြစ်သွားချေမည်။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သီလကြောင်များ၊ ဖုံးကွယ်သူများကို ငရဲဘုံ၌ စုပေါင်းစေမည်ပင်။

၁၄၁။ الَّذِينَ يَتَرَبَّصُونَ بِكُمْ فَإِن كَانَ لَكُمْ فَتْحٌ مِّنَ اللّهِ قَالُواْ أَلَمْ نَكُن مَّعَكُمْ وَإِن كَانَ لِلْكَافِرِينَ نَصِيبٌ قَالُواْ أَلَمْ نَسْتَحْوِذْ عَلَيْكُمْ وَنَمْنَعْكُم مِّنَ الْمُؤْمِنِينَ فَاللّهُ يَحْكُمُ بَيْنَكُمْ يَوْمَ الْقِيَامَةِ وَلَن يَجْعَلَ اللّهُ لِلْكَافِرِينَ عَلَى الْمُؤْمِنِينَ سَبِيلاً۞

သင်တို့အား စောင့်ကြည့်နေသူတို့က၊ ပရမတ်ဘုရားရှင်ထံတော်မှ အောင်မြင်မှုသည် သင်တို့တွက် ဖြစ်ခဲ့သော် "ကျွန်ုပ်တို့သည် သင်တို့နှင့်အတူ မဖြစ်ခဲ့ဘူးလော၊"ဟု ပြောဆိုကြပြီး၊ ဖုံးကွယ်သူများအတွက် ဝေစုတစုံတရာ ရှိခဲ့

---

(၂၈၆) ကျမ်းတော်တွင် "ယုံကြည်သူချင်း အတိုက်အခံပြုလျှက် **ဖုံးကွယ်သူတို့အား** ကွပ်ကဲသူအဖြစ် မှတ်ယူသောသူတို့/မမှတ်ယူကြကုန်လင့်၊"ဟု ဖေါ်ပြလေ သမျှတွင် "ဖုံးကွယ်သူ" ဆိုသည်မှာ အစ္စလာမ် မဟုတ်သူများ အားလုံးကို ဆိုခြင်း မဟုတ်ပေ။ ထိုအသုံးအနှုံးဖေါ်ပြသော အကြောင်းအရာတိုင်းသည် စစ်ပွဲ အခြေအနေကို ဖေါ်ပြ၍ စစ်ပွဲကာလတွင် အစ္စလာမ်သာသနာဝင်တို့အား သုတ်သင်ပစ်လိုသည့် ရန်သူများကိုသာ ရည်ညွှန်းပေသည်။ စစ်ပွဲကာလ ဖြစ်သော်လည်း အစ္စလာမ် မဟုတ်သူအားလုံးကို ရန်သူဖြစ်သည်ဟူ၍ ကျမ်းတော်က မသတ်မှတ်ကြောင်းကို (၄း၁၄၆) ၌ အတိအကျ ပြောထားပေသည်။

| | |
|---|---|
| | လျှင်၊ "သင်တို့ အောင်နိုင်မှုအတွက် ကျွန်ုပ်တို့က ပံ့ပိုးခဲ့သည် မဟုတ်လော၊ ယုံကြည်သူများထံမှ ကာကွယ်ပေးခဲ့သည် မဟုတ်လော၊"ဟု သွားပြောကြ၏၊ သင်တို့ကြားမှ ဖြစ်ပျက်မှုကို ရပ်တည်မြဲမြံသောနေ့၌ ပရမတ်ဘုရားရှင်က ဆုံးဖြတ်တော်မူမည်။ ပရမတ်ဘုရားရှင်သည် ဖုံးကွယ်သူများအား ယုံကြည်သူများကို လွှမ်းနိုင်သည့် နည်းလမ်းအား စီရင်တော် မမူချေ။ |
| ၁၄၂။<br><br>မိုနာဖက်<br>❖၂း၃ | **إِنَّ الْمُنَافِقِينَ يُخَادِعُونَ اللّهَ وَهُوَ خَادِعُهُمْ وَإِذَا قَامُواْ إِلَى الصَّلاَةِ قَامُواْ كُسَالَى يُرَآؤُونَ النَّاسَ وَلاَ يَذْكُرُونَ اللّهَ إِلاَّ قَلِيلاً۝**<br>**သိလကြောင်**များသည် ပရမတ်ဘုရားရှင်အား လှည့်စားကြကုန်၏၊ အရှင်သည် သူတို့ကိုသာ ဘက်ပြန်စေတော်မူပြီ၊ သူတို့သည် စိတ်သင်တန်းသို့❖ စိတ်မပါဘဲ လူသားတို့ ပြစားရန် ရပ်တည်ကြကုန်၏၊ ပရမတ်ဘုရားရှင်အား ရှုမှတ်ဘာဝနာပွားမှု အနည်းငယ်မျှပင် မရှိချေ။ |
| ၁၄၃။ | **مُّذَبْذَبِينَ بَيْنَ ذَلِكَ لاَ إِلَى هَؤُلاء وَلاَ إِلَى هَؤُلاء وَمَن يُضْلِلِ اللّهُ فَلَن تَجِدَ لَهُ سَبِيلاً۝**<br>ဟိုဘက် သည်ဘက် စပ်ကြား၌ ယိမ်းထိုးနေစေ၏၊ ပရမတ်ဘုရားရှင်က အပါယ်၌ ပစ်ထားသူအား သူ့အတွက် နည်းလမ်းဟူ၍ ရှာတွေ့မည် မဟုတ်ချေ။ |
| ၁၄၄။ | **يَا أَيُّهَا الَّذِينَ آمَنُواْ لاَ تَتَّخِذُواْ الْكَافِرِينَ أَوْلِيَاء مِن دُونِ الْمُؤْمِنِينَ أَتُرِيدُونَ أَن تَجْعَلُواْ لِلّهِ عَلَيْكُمْ سُلْطَانًا مُّبِينًا۝**<br>အို ယုံကြည်သောသူတို့၊ ယုံကြည်သူချင်း ပြိုင်ဆိုင်လျှက် ဖုံးကွယ်သူတို့အား ကွပ်ကဲသူ အဖြစ် မယူမှတ်ကြလင့်၊ သင်တို့နှင့် ဆန့်ကျင်လျှက် ရှင်းလင်းသည့် အထောက်အထားများကို ပရမတ်ဘုရားရှင်အတွက် ပြုလိုကြသလော။ |
| ၁၄၅။ | **إِنَّ الْمُنَافِقِينَ فِي الدَّرْكِ الأَسْفَلِ مِنَ النَّارِ وَلَن تَجِدَ لَهُمْ نَصِيرًا۝**<br>ဧကန်ပင် သိလကြောင်တို့သည် ငရဲ၏ အသုတရာ၌ ခံစားရလတ္တံ့၊ သူတို့အတွက် ကူညီနိုင်သူ တွေ့ရမည် မဟုတ်ချေ။ |
| ၁၄၆။ | **إِلاَّ الَّذِينَ تَابُواْ وَأَصْلَحُواْ وَاعْتَصَمُواْ بِاللّهِ وَأَخْلَصُواْ دِينَهُمْ لِلّهِ فَأُوْلَـئِكَ مَعَ الْمُؤْمِنِينَ وَسَوْفَ يُؤْتِ اللّهُ الْمُؤْمِنِينَ أَجْرًا عَظِيمًا۝**<br>ခဝါချသူများ၊ ပြုပြင်သူများ၊ ပရမတ်ဘုရားရှင်အား အယူသန့်လျှက် သူတို့၏ သာသနာ၌ တည်တံ့သူများသည်သာ–ယုံကြည်သူများနှင့် အတူဖြစ်၏။ ပရမတ်ဘုရားရှင်သည် ယုံကြည်သူတို့အား ကြီးမားသော ဆုလဒ်ကို ချီးမြှင့်တော်မူလတ္တံ့။ |
| ၁၄၇။ | **مَّا يَفْعَلُ اللّهُ بِعَذَابِكُمْ إِن شَكَرْتُمْ وَآمَنتُمْ وَكَانَ اللّهُ شَاكِرًا عَلِيمًا۝**<br>သင်တို့သည် ယုံကြည်လျှက် ကျေးဇူးသိတတ်လျှင် အဘယ်ကြောင့် ပရမတ်ဘုရားရှင်က ဝဋ်ကြွေးကို စီရင်အံ့နည်း၊ ပရမတ်ဘုရားရှင်သည် ကျေးဇူးတော်အရှင် သိနေသောအရှင် ဖြစ်၏။ |
| ၁၄၈။ | **لاَّ يُحِبُّ اللّهُ الْجَهْرَ بِالسُّوَءِ مِنَ الْقَوْلِ إِلاَّ مَن ظُلِمَ وَكَانَ اللّهُ سَمِيعًا عَلِيمًا۝**<br>မိုက်မဲစွာပြုခံရသူမှအပ အကုသိုလ် စကားပြောခြင်းကို ပရမတ်ဘုရားရှင်က မနှစ်သက်ချေ၊ ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် သိနေသောအရှင် ဖြစ်၏။ |
| ၁၄၉။ | **إِن تُبْدُواْ خَيْرًا أَوْ تُخْفُوهُ أَوْ تَعْفُواْ عَن سُوَءٍ فَإِنَّ اللّهَ كَانَ عَفُوًّا قَدِيرًا۝**<br>ကောင်းမှုကို ဖေါ်ကျူး၍ အကုသိုလ်မှုကို မြိုသိပ် ခွင့်လွှတ်ကြလျှင်၊ ပရမတ်ဘုရားရှင်သည် ခွင့်လွှတ်သောအရှင် စည်းချိန်ချမှတ်သော အရှင် ဖြစ်၏။ |

| | |
|---|---|
| ၁၅၀။ | إِنَّ الَّذِينَ يَكْفُرُونَ بِاللّهِ وَرُسُلِهِ وَيُرِيدُونَ أَن يُفَرِّقُواْ بَيْنَ اللّهِ وَرُسُلِهِ وَيقُولُونَ نُؤْمِنُ بِبَعْضٍ وَنَكْفُرُ بِبَعْضٍ وَيُرِيدُونَ أَن يَتَّخِذُواْ بَيْنَ ذَلِكَ سَبِيلاً ۞<br>ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်များအား ဖုံးကွယ်သူတို့သည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်များ အကြား ခွဲခြားလိုကြပြီး "ကျွန်ုပ်တို့သည် အချို့ကို လက်ခံယုံကြည်၍ အချို့ကို ငြင်းပယ် ဖုံးကွယ်ပါ၏၊" ဟု ပြောဆိုကာ ထိုစပ်ကြား၌ နည်းလမ်းတစ်ခုကို ရယူလိုကြ၏။ |
| ၁၅၁။ | أُوْلَـئِكَ هُمُ الْكَافِرُونَ حَقًّا وَأَعْتَدْنَا لِلْكَافِرِينَ عَذَابًا مُّهِينًا ۞<br>သူတို့သည် ဖုံးကွယ်သူများ စင်စစ် ဖြစ်၏၊ ငါသည် ဖုံးကွယ်သူများအတွက် ယုတ်ညံ့သော ဝဋ်ကြွေးကို ပြင်ဆင်ထားပြီ။ |
| ၁၅၂။ | وَالَّذِينَ آمَنُواْ بِاللّهِ وَرُسُلِهِ وَلَمْ يُفَرِّقُواْ بَيْنَ أَحَدٍ مِّنْهُمْ أُوْلَـئِكَ سَوْفَ يُؤْتِيهِمْ أُجُورَهُمْ وَكَانَ اللّهُ غَفُورًا رَّحِيمًا ۞<br>ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်များအား ယုံကြည်သက်ဝင်၍ ကိုယ်တော်များအကြား၌ ခွဲခြားမှု မရှိသော ထိုသူတို့သည် သူတို့၏ ဆုလဒ်ကို ချီးမြှင့်ခြင်း ခံရလတ္တံ့၊ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၅၃။<br>☆၂း၅၁<br>ဩဇာ | يَسْأَلُكَ أَهْلُ الْكِتَابِ أَن تُنَزِّلَ عَلَيْهِمْ كِتَابًا مِّنَ السَّمَاء فَقَدْ سَأَلُواْ مُوسَى أَكْبَرَ مِن ذَلِكَ فَقَالُواْ أَرِنَا اللّهِ جَهْرَةً فَأَخَذَتْهُمُ الصَّاعِقَةُ بِظُلْمِهِمْ ثُمَّ اتَّخَذُواْ الْعِجْلَ مِن بَعْدِ مَا جَاءتْهُمُ الْبَيِّنَاتُ فَعَفَوْنَا عَن ذَلِكَ وَآتَيْنَا مُوسَى سُلْطَانًا مُّبِينًا ۞<br>ကျမ်းစာဝိုင်းသားများက "သူတို့ထံသို့ ကောင်းကင်ယံမှ ကျမ်းစာတစ်အုပ် ချမှတ်ပေးရန်" အသင့်ထံ၌ တောင်းဆိုလိမ့်မည်၊ အမှန်ပင် မူဆာ၏ ထံ၌ ဤထက်ပို၍ ကြီးမားစွာ တောင်းဆိုခဲ့သည်မှာ "ပရမတ်ဘုရားရှင်အား မျက်ဝါးထင်ထင် မြင်ခွင့်ပေးပါ၊"ဟု ဆိုခြင်းပင်။ သို့ဖြင့် သူတို့၏ အမိုက်ကြီးမှုကြောင့် ငါသည် သူတို့အား တော်လည်းသံကြီးဖြင့် ဖမ်းဆီးခဲ့ပြီ။ တဖန် သူတို့ထံသို့ ရှင်းလင်းချက်များ ရောက်စေပြီးမှ ထိုနွားငယ်၌ အယူထားခဲ့သည်ကို☆ ငါအရှင် ခွင့်လွှတ်ခဲ့၏၊ မူဆာအား ရှင်းလင်းသော **အထောက်အထား**ကို ပေးအပ်ခဲ့ပြီ။ |
| ၁၅၄။<br>၂း၆၃၊<br>၂း၅၈၊<br>၂း၆၅၊<br>၂း၈၃ | وَرَفَعْنَا فَوْقَهُمُ الطُّورَ بِمِيثَاقِهِمْ وَقُلْنَا لَهُمُ ادْخُلُواْ الْبَابَ سُجَّدًا وَقُلْنَا لَهُمْ لاَ تَعْدُواْ فِي السَّبْتِ وَأَخَذْنَا مِنْهُم مِّيثَاقًا غَلِيظًا ۞<br>သူတို့၏ ကတိကဝတ်အားဖြင့် ငါသည် သူတို့အပေါ်၌ တောင်တော်ကို မြှောက်စားခဲ့၍၊ ငါက "တံခါးကို နှိမ့်ချ၍ ဝင်ကြလော့၊ သတင်းနေ့၌ စည်းမဖေါက်ကြလင့်၊"ဟု မိန့်ကြား၏။ တဖန် ငါသည် ခိုင်မာသော အာမခံချက်ကို ယူခဲ့ပြီ။ |
| ၁၅၅။ | فَبِمَا نَقْضِهِم مِّيثَاقَهُمْ وَكُفْرِهِم بَآيَاتِ اللّهِ وَقَتْلِهِمُ الأَنْبِيَاء بِغَيْرِ حَقًّ وَقَوْلِهِمْ قُلُوبُنَا غُلْفٌ بَلْ طَبَعَ اللّهُ عَلَيْهَا بِكُفْرِهِمْ فَلاَ يُؤْمِنُونَ إِلاَّ قَلِيلاً ۞<br>သို့ဖြင့် သူတို့၏ – ကတိကဝတ်အား ချိုးဖျက်မှု၊ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို ဖုံးကွယ်မှု၊ သတင်းတော်ဆောင်များအား သစ္စာမဲ့စွာ သတ်ဖြတ်မှုနှင့် ကျွန်ုပ်တို့၏ နှလုံးသားသည် ပိတ်ပြီးသား ဖြစ်သည် ဟု ဆိုမှုများကြောင့်– အမှန်မှာ ပရမတ်ဘုရားရှင်က သူတို့အား တံဆိပ် ရိုက်နှိပ်ထားသောကြောင့် ဖုံးကွယ်ငြင်းပယ်ကြပြီး အနည်းငယ်မှအပ ယုံကြည်မှုများ မရှိခြင်းမှာ– |

| | |
|---|---|
| ၁၅၆။ | وَبِكُفْرِهِمْ وَقَوْلِهِمْ عَلَى مَرْيَمَ بُهْتَانًا عَظِيمًا ۞<br>သူတို့၏ ဖုံးကွယ်မှု– မာရိအား အကြီးအကျယ် အသရေဖျက် ပြောဆိုမှုများ–[၂၈၇] |
| ၁၅၇။<br><br>✡<br>၃:၅၅ | وَقَوْلِهِمْ إِنَّا قَتَلْنَا الْمَسِيحَ عِيسَى ابْنَ مَرْيَمَ رَسُولَ اللهِ وَمَا قَتَلُوهُ وَمَا صَلَبُوهُ وَلَكِن شُبِّهَ لَهُمْ وَإِنَّ الَّذِينَ اخْتَلَفُواْ فِيهِ لَفِي شَكٍّ مِّنْهُ مَا لَهُم بِهِ مِنْ عِلْمٍ إِلاَّ اتِّبَاعَ الظَّنِّ وَمَا قَتَلُوهُ يَقِينًا ۞<br>ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်ဆောင် ဖြစ်သော မာရိ၏သား ယေရှု ခရစ်အား✡ သတ်ဖြတ်ခဲ့သည်ဟု ဆိုခြင်းများကြောင့် ဖြစ်၏။ သူ့အား သတ်နိုင်ခဲ့သည် မဟုတ်၊ လက်ဝါးကပ်တိုင်သို့ တင်နိုင်ခဲ့သည်လည်း မဟုတ်ဘဲ၊ သံသယ၌သာရှိကြ၏။ ကေန်ပင် ၎င်း၌ သဘောကွဲပြားသူတို့သည် ဇဝေဇဝါ၌သာ ရှိနေ၏၊ ထို၌ ထင်မြင်ချက်ကို စူစမ်းနေသည်မှအပ အသိ မရှိကြပေ။ သူ့အား တိတိကျကျ သတ်နိုင်ခဲ့သည် မဟုတ်ချေ။[၂၈၈] |
| ၁၅၈။ | بَل رَّفَعَهُ اللهُ إِلَيْهِ وَكَانَ اللهُ عَزِيزًا حَكِيمًا ۞<br>ပရမတ်ဘုရားရှင်သည် သူ့အား အပါးတော်၌ ချီးမြှင့်တော်မူ၏၊[၂၈၉] ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၁၅၉။ | وَإِن مِّنْ أَهْلِ الْكِتَابِ إِلاَّ لَيُؤْمِنَنَّ بِهِ قَبْلَ مَوْتِهِ وَيَوْمَ الْقِيَامَةِ يَكُونُ عَلَيْهِمْ شَهِيدًا ۞<br>သူမသေမီ[၂၉၀] ကျမ်းစာ ဝိုင်းသားများအနက် တစ်ယောက်မကျန် ထိုအကြောင်းကို ယုံကြည်ကြကုန်၏၊[၂၉၁] ရပ်တည်မြဲမြဲသောနေ့၌ သူသည် ၎င်းတို့အပေါ်၌ သက်သေဖြစ်ရလိမ့်မည်။[၂၉၂] |

---

(၂၈၇) ဂျူးလူမျိုးများက မာရိအား အသရေဖျက် ပြောဆိုခြင်းကို ၁၉း၂၈ တွင် အတိအကျ ဖော်ပြပေသည်။ သူတို့၏ အထင်ဖြင့် မာရိသည် "လင်ကောင် မပေါ်ဘဲ ကလေး (ယေရှုကို) မွေးသည်ဟု ကဲ့ရဲ့ စော်ကားခြင်းပင် ဖြစ်သည်။ ထိုအချင်းအရာကို ကျမ်းမြတ်ကုရ်အာန်က လုံးဝ လက်မခံပေ။ သူတို့၏ ထင်မြင်ချက်မှာ အမှားတရားများသာ ဖြစ်ကြောင်း ကျမ်းတော်၏ ၁၉း၁၆ မှ ၂၇ အထိတွင် အသေးစိတ် ရှင်းပြထားပေသည်။

(၂၈၈) ဤသုတ်တော်က ကိုတော်ယေရှုအား လက်ဝါးကပ်တိုင်သို့ တင်ခံရခြင်း၊ ကားစင်ပေါ်၌ သူတစ်ပါးသတ်၍ သေရခြင်း ဆိုသည့် ကမ္ဘာ့ လူသားအများစု မှိုင်းတိုက်ခံထားရခြင်းကို ယတိပြတ် ပယ်ချထားပေသည်။ ကိုယ်တော်ယေရှုသည် ကားစင်ပေါ်၌ အသတ်ခံခဲ့ရခြင်း မဟုတ်ချေ။

(၂၈၉) ဤသုတ်တော်မှ "သူ့အား အပါးတော်၌ ချီးမြှင့်တော်မူ၏" ဆိုသည်ကို "ယေရှုအား ကားစင်ပေါ်၌ လူသားများ မသတ်နိုင်၊ ပရမတ်ဘုရားရှင်က သူ့အား ကောင်းကင်ပေါ်သို့ ပင့်မ သယ်ဆောင်သွားသည်ဟု မဖွင့်ဆိုသင့်ပေ။ အကြောင်းမှု ဤသုတ်တော်၌ ကောင်းကင် ဆိုသည့် စကားလုံးကို မသုံးထားသည်က တစ်ကြောင်း နှင့် ကျမ်းတော်တွင် ယေရှုသည် အသက်မသေဘဲ ကောင်းကင်ဘုံ၌ စံမြန်းနေလျက် ကမ္ဘာ့ နောက်ဆုံးနေ့ မတိုင်မီ လောကသို့ ပြန်လည် ကြွရောက်လာမည်ဟု လည်ကောင်း လုံးဝ ပြောမထားပေ။ ဤသုတ်တော်မှ "ချီးမြှောက်တော်မူ၏" ဟူသော စကားသည် ၄း၁၅၄ မှ တောင်တော်အား "မြှောက်စားခဲ့၍" ဟူသော စကားနှင့် အာရဗီ ဝေါဟာရ **ရဖအ** တစ်လုံးတည်း ဖြစ်၍ ဂုဏ်ပေးသည်၊ ချီးမြှင့်သည်၊ ဟုသာ အနက်ပေးပြီး "ရုပ်ခြင်း"တစ်ခုလုံးကို မိုးပေါ်သို့ ပင့်ချီသွားသည်ဟု အဓိပ္ပါယ် ဖွင့်ဆို၍ မရပေ။ ကိုယ်တော် ယေရှုသည် အတိုက်အခံများ၏ ဒဏ်ကို မည်မျှပင် ခံရသော်လည်း ဂုဏ်သိက္ခာအရ အမြဲ ရှင်သန်နေမည်ကို ဆိုလိုခြင်းသာ ဖြစ်ပေသည်။

(၂၉၀) ဤစကားလုံး **သူမသေမီ** ဆိုသော စကားလုံးသည် ကိုယ်တော်ယေရှု သေသွားပြီ ဖြစ်ကြောင်းကို ရှင်းလင်းစွာ ပြောထားခြင်း ဖြစ်ပေသည်။ သို့သော် အသတ်ခံရ၍ သေခြင်းမျိုး မဟုတ်ပေ၊ သဘာဝအလျောက် သက်တမ်းစေ့ ကွယ်လွန်ခြင်းကို ပြောသော **မောက်တ်** ဆိုသည့် အာရဗီ ဝေါဟာရကို သုံးထားပေသည်။ ကိုယ်တော်ယေရှုသည် အတိုက်အခံများ၏ သေဒဏ်ပေးခြင်းကြောင့် လက်ဝါးကပ်တိုင်ပေါ်တွင် သေရသည် ဆိုခြင်းကို ကုရ်အာန်ကျမ်းတော်က လက်မခံသော်လည်း ယေရှုသည် ဤလောက၌ မသေအသက်ဖြင့် နေသည်ဆိုသော ဒဿနာရီကိုလည်း ကျမ်းတော်က လုံးဝ ပယ်ချပေသည်။ ကိုယ်တော်ယေရှုသည် အခြားသော ဉာဏ်စဉ်ဆောင်များကဲ့သို့ ခန္ဓာဝန်ချသွားခဲ့ကြောင်း ကျမ်းတော်တွင် အတိအကျ ဖော်ပြပေသည်။ (၃း၁၄၄။ ၅း၁၁၇)။

(၂၉၁) **ကိုယ်တော်ယေရှုမသေမီ ကျမ်းစာရသူများမှ တစ်ယောက်မကျန် ထိုအကြောင်းကို ယုံကြည်ကြ၏** ဆိုသော သုတ်တော်မှ "ထိုအကြောင်း" ဆိုသည်မှာ **ကိုယ်တော်ယေရှုအား လက်ဝါးကပ်တိုင်တွင် သတ်ခဲ့ကြသည်ဆိုသော ထင်မြင်ချက်** ကို ဆိုလိုပေသည်။ ခရစ်ယာန်များ အနေဖြင့် ကိုယ်တော် ယေရှုသည် လက်ဝါးကပ်တိုင်တွင် အသတ်ခံရသည်ဟု ယုံကြည်မှသာလျှင် ၎င်းတို့၏ ယုံကြည်ချက်ဖြစ်သော **ကိုယ်တော်၏ သွေးကို ပေးဆပ်၍ ခရစ်တော်၌ ယုံကြည်သူများကို အပြစ်မှ ကယ်တယ်မည်** ဟူသည့် ခံစားထင်မြင်ချက် ခိုင်မာစေရန်။ ဂျူးလူမျိုးများ အနေဖြင့်လည်း **ယေရှုသည် မေရှိယ (ခရစ်တော်) မဟုတ်၊ ဘုရားသခင်၏ ကျိန်စာသင့်သူသာ ဖြစ်၏ ထို့ကြောင့် သူသည် လက်ဝါးကပ်တိုင်တွင် အသတ်ခံရခြင်း ဖြစ်၏** (တရားဟောရာကျမ်း ၂၁း၂၃) ဟူသည့် အချက်ကို သက်သေပြနိုင်ရန် သူတို့အနေဖြင့် ယေရှုအား လက်ဝါးကပ်တိုင်ပေါ်တွင် သေစေလိုသော ဇောဖြင့် ယုံကြည်နေကြခြင်းကို ဤသုတ်တော်က ထောက်ပြခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၁၆၀။ | **فَبِظُلْمٍ مِّنَ الَّذِينَ هَادُواْ حَرَّمْنَا عَلَيْهِمْ طَيِّبَاتٍ أُحِلَّتْ لَهُمْ وَبِصَدِّهِمْ عَن سَبِيلِ اللّهِ كَثِيرًا ۞**<br>ရေဝတီတို့အနက် အမိုက်သင့်မှု များစွာတို့ကို ပရမတ်ဘုရားရှင်၏ လမ်းစဉ်မှ ပိတ်ပင်ဆီးတားမှုများကြောင့် သူတို့အတွက် စင်ကြယ် ခွင့်ပြုခဲ့သည်များမှ တားမြစ်မှု ရှိပြီ။[၂၉၃] |
| ၁၆၁။<br>၂း၂၇၅၊<br>၃း၁၃၀ | **وَأَخْذِهِمُ الرِّبَا وَقَدْ نُهُواْ عَنْهُ وَأَكْلِهِمْ أَمْوَالَ النَّاسِ بِالْبَاطِلِ وَأَعْتَدْنَا لِلْكَافِرِينَ مِنْهُمْ عَذَابًا أَلِيمًا ۞**<br>သူတို့အား ပိတ်ပင်ထားသည့် **ခေါင်းပုံဖြတ်** သိမ်းယူမှု၊ လူသားတို့၏ ဥစ္စာပစ္စည်းများကို အတွင်းနှိုက်စားမှုများကြောင့်– ငါအရှင်သည် ဖုံးကွယ်သူတို့အတွက် စူးနစ်သော ဝဋ်ကြွေးကို အသင့်ပြင်ထား၏။ |
| ၁၆၂။<br>❖ ၂း၃ | **لَّكِنِ الرَّاسِخُونَ فِي الْعِلْمِ مِنْهُمْ وَالْمُؤْمِنُونَ يُؤْمِنُونَ بِمَا أُنزِلَ إِلَيكَ وَمَا أُنزِلَ مِن قَبْلِكَ وَالْمُقِيمِينَ الصَّلاَةَ وَالْمُؤْتُونَ الزَّكَاةَ وَالْمُؤْمِنُونَ بِاللّهِ وَالْيَوْمِ الآخِرِ أُوْلَئِكَ سَنُؤْتِيهِمْ أَجْرًا عَظِيمًا ۞**<br>သို့သော် သူတို့အနက် ပညာပါရမီ သဘာရင့်သူများနှင့် ယုံကြည်သူများက သင်ထံ၌ ချမှတ်ပေးရာကို လည်းကောင်း သင့်အလျှင် ချမှတ်ပေးရာကိုလည်းကောင်း သက်ဝင်ယုံကြည် ကြကုန်၏၊ စိတ်လှေ့ကျင့်မှု❖ မြဲသူများ ဖြစ်ကြ၏၊ လှူမှုဖုလုံကြေးပေးသူတို့ ဖြစ်ကြ၏၊ ပရမတ်ဘုရားရှင်နှင့် ရပ်တည်မြဲမြံသောနေ့ကို ယုံကြည်သူတို့ ဖြစ်ကြ၏၊ သူတို့အား ကြီးမားသော ဆုလဒ်ကို ချီးမြှင့်လတ္တံ့။ |
| ၁၆၃။<br>☆<br>၁၇း၅၅ | **إِنَّا أَوْحَيْنَا إِلَيْكَ كَمَا أَوْحَيْنَا إِلَى نُوحٍ وَالنَّبِيِّينَ مِن بَعْدِهِ وَأَوْحَيْنَا إِلَى إِبْرَاهِيمَ وَإِسْمَاعِيلَ وَإْسْحَقَ وَيَعْقُوبَ وَالأَسْبَاطِ وَعِيسَى وَأَيُّوبَ وَيُونُسَ وَهَارُونَ وَسُلَيْمَانَ وَآتَيْنَا دَاوُودَ زَبُورًا ۞**<br>ငါအရှင်က သင့်အား အာရုံကိန်းဝပ်ပေးသည်မှာ နူးဟ် နှင့်သူ၏နောက် သတင်းတော်ဆောင်များအား အာရုံစျာန်ပေးသကဲ့သို့၊ အီဗရာဟီးမ်၊ အီစမာလ်အီးလ်၊ အီစဟာက်၊ ယာကုဗ် နှင့် မျိုးနွယ်စုများ၊ ယေရှု၊ အိုင်ယုဘ်၊ ယူနွစ်၊ ဟာရွန်၊ ဆိုလိုင်မံ တို့အား အာရုံစျာန်ပေး သကဲ့သို့ ဖြစ်၏။ ငါအရှင်သည် ဒါဝိဒ်အား ကျမ်းငယ်ကို☆ ပေးတော်မူ၏။[၂၉၄] |

---

(၂၉၂) (မြဲမြံသောကာလ သို့မဟုတ် သံသရာလည်ပတ်မှု ရပ်တန့်သောကာလ) **ယောင်းမုလ် ကေယာမတ်** တွင် ယေရှုသည် သူတို့အပေါ်၌ သက်သေ ဖြစ်စေမည် ဆိုသည်ကို ဒဏ္ဍာရီယုံ မွတ်ဆလင် ဆရာတော်များကလည်း ယေရှုသည် ကေယာမတ်ခေါ် မြဲမြံတည်တံ့သော ကာလမတိုင်မီ လောကသို့ ပြန်ကြွလာပြီး မွတ်ဆလင်အပေါင်းအား ကယ်တင်မည်ဟု အခြေအမြစ်မရှိ ဖွင့်ဆို ယုံကြည်ကြပေသည်။ ဤသုတ်တော်တွင် ကေယာမတ် **မတိုင်မီ** ဟု လုံးဝ ပြောမထားပေ။ ကေယာမတ်နေ့တွင် သက်သေဖြစ်မည် ဟုသာ ပြောထားပေသည်။ ထိုသို့ ပြောဆိုမှုမှာ လူတိုင်းအား ကေယာမတ်နေ့တွင် ပြန်လည် ရှင်ပြန်ရမည်ဟု ပြောဆိုထားသော ကုရ်အာန် ကျမ်းတော်မှ မြောက်များစွာသော အဆိုများနှင့် အတူတူပင်ဖြစ်၍ တစ်မူ ထူးခြားမှု မရှိပေ။ ကျမ်းတော်မှ အပသော အပိုထွင် တရားများကို မိမိသာ မစဉ်းစား မဆင်ခြင် ယုံကြည်သည်မှုမက သူတစ်ပါးတို့အားလည်း ယုံကြည်စေရန် ဝါဒဖြန့်ချီခြင်းသည် ပြစ်မှုဖြစ်ကြောင်း ပြန်လည် သုံးသပ်သင့်ပေသည်။

(၂၉၃) **စင်ကြယ် ခွင့်ပြုခဲ့သည်များမှ တားမြစ်မှုရှိပြီ** ဆိုသည်မှာ ခွင့်ပြုခဲ့သမျှ အားလုံးအား ပြန်လည် တားမြစ်လိုက်ခြင်း မဟုတ်ပေ။ သူတို့၏ တရားပျက်မှုများကြောင့် ဥပဒေပြု ခွင့်ပြုခဲ့ရာများမှ တချို့ကို ထားမြစ်လိုက်ခြင်းသာ ဖြစ်ပေသည်။

(၂၉၄) ဤသုတ်တော်တွင် သတင်းတော်ဆောင် (၁၁)ပါး အား အမည်နာမဖြင့် ဖေါ်ပြထားပေသည်။ ဤကိုယ်တော်များအနက်မှ **နူးဟ်** ကိုယ်တော်၏ အကြောင်းကို (၃း၃၄) တွင်။ အီဗရာဟီးမ်၊ အီစမာအီးလ်၊ အီစဟာက်၊ ယာကုဗ် နှင့် မျိုးနွယ်စုများ၏ အကြောင်းကို (၂း၁၂၄၊ ၂း၁၃၁) တွင်။ ကိုယ်တော် ဟာရွန်၏ အကြောင်းကို (၂း၅၁) တွင် ရှင်းထားပါသည်။ ကျန်ကိုယ်တော်များမှ ယေရှုနှင့် ဆိုလိုင်မံ မင်းကြီး၏ အကြောင်းသည်လည်း စာဖတ်သူများအတွက် ရင်းနှီးပြီး ဖြစ်နိုင်သည်။ ဤဘာသာပြန် ကျမ်းတွင် ထိုကိုယ်တော်များ အကြောင်း နေရာများများ၌ တင်ပြထားပါသည်။ ဤနေရာ၌ ကျန်ကိုယ်တော် သုံးပါးဖြစ်သည့် အိုင်ယုဗ်၊ ယူနွစ် နှင့် ဒါဝိဒ် တို့ အကြောင်းကို အနည်းငယ် တင်ပြလိုသည်။ (၁) ကိုယ်တော် **အိုင်ယုဘ်**ကို ကုရ်အာန်ကျမ်းတော်တွင် အမည်နာမဖြင့် (၄)ကြိမ် ဖေါ်ပြထားပေသည်။ သူ့အား သမ္မာ ကျမ်း၌ **ယောဘ** ဟု ခေါ်ပြီး ဥဇဘက်ပြည်သား ဖြစ်သည်ဟု ဆိုပေသည်၊ (ယောဘဝတ္ထု ၁း၁–၂)။ ကိုယ်တော်သည် တပည့်သားမြေးများအား မည်သို့ ဦးဆောင်ခဲ့သည် ဆိုသော သမိုင်းအား ကျယ်ဝန်းစွာ ဖေါ်ပြထားခြင်း မရှိပေ။ သို့သော် မိမိအပေါ် ဖိစီးသော စိတ်ပင်ပန်းမှုအား မည်သို့ သည်းခံ ပါရမီ ကြီးခဲ့သည်ကို ဖေါ်ပြထားပေ၍ ပါးစပ်ရာဇဝင်အားဖြင့် နားလည်ထားသော "ကိုယ်တော်သည် နူနာရောဂါ စွပ်ကပ်ခံခဲ့ရသည်" ဆိုခြင်း မှာ ကျမ်းတော်၌ မပါဝင်ပေ။ (၂) ကိုယ်တော်**ယူနွစ်**အား အမည်နာမအားဖြင့် ကျမ်းတော်တွင် (၄)ကြိမ် ဖေါ်ပြပေသည်။ သမ္မာကျမ်းစာတွင် **ယောန** ဟု ခေါ်တွင်ပြီး ဗုဒ္ဓရာဇဝင်မှ ရှင်ဗါကုလ၏ ဤတိတ်ဘဝကဲ့သို့ "ငါးမြိုခံခဲ့ရသည်" (ဝိသုဒ္ဓိမဂ် မြန်မာပြန် တတိယတွဲ စာ–၂၂) သည်ဟု ဆိုပေသည်။ သို့သော် ကုရ်အာန်ကျမ်းတော်တွင် ငါးမြိုခံရသည် ဆိုခြင်းမှာ "တံငါများနှင့် အတူနေခဲ့ရသည်ကို တင်စားကြောင်း" (၃၇း၁၃၉–၁၄၈) အောက်ခြေ ရှင်းချက်များ၌ ကြည့်ပါ။ (၃) ကိုယ်တော် ဒါဝိဒ်၏ အကြောင်းကို (၆း၈၅) အောက်ခြေတွင် ကြည့်ပါ။ ကိုယ်တော် ဒါဝိဒ် ရရှိခဲ့သော ကျမ်းကို သမ္မာကျမ်းစာတွင် ဆာလံကျမ်း အဖြစ် ဖေါ်ပြပေသည်။

| | |
|---|---|
| ၁၆၄။ | **وَرُسُلاً قَدْ قَصَصْنَاهُمْ عَلَيْكَ مِن قَبْلُ وَرُسُلاً لَّمْ نَقْصُصْهُمْ عَلَيْكَ وَكَلَّمَ اللّهُ مُوسَى تَكْلِيمًا** ۞<br>သင့်မတိုင်မီ ဥဿဏ်စဉ်ဆောင်များမှ သင့်အား ဖေါ်ပြသော ဥဿဏ်စဉ်ဆောင်များ ရှိ၍၊ သင့်အား ဖေါ်မပြသည်လည်း ရှိ၏၊ ပရမတ်ဘုရားရှင်က မူဆာအား ပြောဆိုရန် မိန့်၏။[၂၉၅] |
| ၁၆၅။ | **رُّسُلاً مُّبَشِّرِينَ وَمُنذِرِينَ لِئَلاَّ يَكُونَ لِلنَّاسِ عَلَى اللّهِ حُجَّةٌ بَعْدَ الرُّسُلِ وَكَانَ اللّهُ عَزِيزًا حَكِيمًا** ۞<br>ဥဿဏ်စဉ်ဆောင်များ၏နောက် ပရမတ်ဘုရားရှင်အား စောဒက မတက်နိုင်ရန်၊ ဥဿဏ်စဉ်ဆောင်များသည် လူသားတို့အတွက် သတင်းကောင်းပါးသူ၊ သတိပေးသူများဖြစ်၏။ ပရမတ်ဘုရားရှင်သည် ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်၏။ |
| ၁၆၆။<br>အသိ | **لَّكِنِ اللّهُ يَشْهَدُ بِمَا أَنزَلَ إِلَيْكَ أَنزَلَهُ بِعِلْمِهِ وَالْمَلآئِكَةُ يَشْهَدُونَ وَكَفَى بِاللّهِ شَهِيدًا** ۞<br>သို့ရာတွင် ပရမတ်ဘုရားရှင်သည် သင့်ထံအား ချမှတ်ပေးရာ၌ သက်သေတည်တော်မူ၏။ ၎င်းကို အရှင်၏ **ဥဿဏ်စဉ်**ကွန်ယက်ဖြင့် ချမှတ်ပေး၏၊ နိမိတ်ဆောင်များသည်လည်း သက်သေများ ဖြစ်ကြ၏၊ သက်သေအဖြစ် ပရမတ်ဘုရားရှင်သည် လုံလောက်တော်မူ၏။ |
| ၁၆၇။ | **إِنَّ الَّذِينَ كَفَرُواْ وَصَدُّواْ عَن سَبِيلِ اللّهِ قَدْ ضَلُّواْ ضَلاَلاً بَعِيدًا** ۞<br>ကေန်ပင် ဖုံးကွယ်သူ၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ပိတ်ပင်ဟန့်တား သူတို့သည် မုချ အလွဲကြီး လွဲမှားကြကုန်၏။ |
| ၁၆၈။ | **إِنَّ الَّذِينَ كَفَرُواْ وَظَلَمُواْ لَمْ يَكُنِ اللّهُ لِيَغْفِرَ لَهُمْ وَلاَ لِيَهْدِيَهُمْ طَرِيقًا** ۞<br>ကေန်ပင်၊ ဖုံးကွယ်သူ အမိုက်မှောင်စီးသူတို့အား ပရမတ်ဘုရားရှင်သည် ကျွတ်လွတ်စေမည် မဟုတ်ချေ၊ သူတို့အတွက် သာယာသောလမ်းကိုလည်း တွေ့ရမည် မဟုတ်ပေ။ |
| ၁၆၉။ | **إِلاَّ طَرِيقَ جَهَنَّمَ خَالِدِينَ فِيهَا أَبَدًا وَكَانَ ذَلِكَ عَلَى اللّهِ يَسِيرًا** ۞<br>ငရဲဘုံ၌ စဉ်ဆက်ကာလမဲ့ခံစားရန် ပြေပြစ်သော လမ်းသာ ရှိချေ၏၊ သို့ပြုရန် ပရမတ်ဘုရားရှင် အတွက် လွယ်ကူလှ၏။ |
| ၁၇၀။ | **يَا أَيُّهَا النَّاسُ قَدْ جَاءكُمُ الرَّسُولُ بِالْحَقِّ مِن رَّبِّكُمْ فَآمِنُواْ خَيْرًا لَّكُمْ وَإِن تَكْفُرُواْ فَإِنَّ لِلَّهِ مَا فِي السَّمَاوَاتِ وَالأَرْضِ وَكَانَ اللّهُ عَلِيمًا حَكِيمًا** ۞<br>အို လူသားတို့ ဥဿဏ်စဉ်ဆောင်သည် သင်တို့ထံသို့ ကံကြမ္မာရှင်၏ ထံမှ ပရမတ္ထသစ္စာကို ရောက်စေပြီ၊ သို့ဖြစ်၍ ယုံ |

(၂၉၅)"ပရမတ်ဘုရားရှင်က မူဆာအား ပြောဆိုရန် ပြော၏" ဆိုသည်မှာ ပရမတ်ဘုရားရှင်သည် ကိုယ်မူဆာအား သဗ္ဗညုတဥဿဏ်စဉ် ကိန်းဝပ်ပေးခြင်းဖြင့် သူ့နောက်လိုက်များအား သွန်သင်ဆုံးမ၊ မှာကြားခိုင်းခြင်း ဖြစ်ပေသည်။ ၎င်းကို "ပရမတ်ဘုရားရှင်က မူဆာနှင့် စကားပြော၏"ဟု ခရစ်ယာန် အယူအဆအတိုင်း ပရမတ်ဘုရားရှင်သည် ကိုယ်တော်မူဆာနှင့် "တိုက်ရိုက် အပြန်အလှန် စကားပြော" ဆိုသယောင် ဖွင့်ဆိုမှုပေါင်းများစွာကို ဝမ်းနည်းဘွယ် တွေ့ရပေသည်။ ကမ္ဘာပေါ်တွင် ပွင့်လေသမျှသော ကိုယ်တော် အပေါင်းသည် နောက်လိုက် ဒကာတို့အား "ငါ ကဲ့သို့နောက် တစ်ပါး ပွင့်ဦးမည်"ဟု မိန့်မှာ သကဲ့သို့ ကိုယ်တော်မူဆာသည်လည်း တမန်တော်ဝတ္ထု ၃း၂၂ တွင် ပြောဆိုပေသည်။ ၎င်းအား ထို့မတိုင်မီ ကျမ်းချက်ဖြစ်သည့် ၃း၂၁ တွင် "ကမ္ဘာဦးမှ စ၍ သန့်ရှင်းသော ပရောဖက်ဆရာတို့ နှုတ်ဖြင့် ဘုရားသခင် ဗျာဒိတ်ပေးသော–"ဟု ဆိုထားခြင်းက ဘုရားရှင်သည် ကိုယ်တော်မူဆာအား တိုက်ရိုက် စကားပြောခြင်း မဟုတ်ကြောင်း ကိုယ်တော်မူဆာ၏ နှုတ်မှတဆင့် ကိုယ်တော် မုဟမ္မဒ်ပွင့်ပေါ်မည့် အကြောင်းကိုသာ ပြောခဲ့ခြင်း ဖြစ်ကြောင်းကို ရှင်းလင်းစွာ နားလည်နိုင်ပေသည်။ ဥဿဏ်စဉ်ရေးရာ ကျက်စား ကွန့်မြူးသော အခါ သဗ္ဗညုတဥဿဏ်စဉ်၏ ဇစ်မြစ်တော်နှင့် သဗ္ဗညုတဥဿဏ်စဉ်ကို ဆွတ်ခူးသော ဥဿဏ်စဉ်ဆောင်တို့၏ ဥဿဏ် နယ်နိမိတ်၌ အနုလုံ ပဋိလုံ စောကြောမှုများကို အပြန်အလှန် စကားပြောဟန်ဖြင့် ဖေါ်ပြသော်လည်း လူတစ်ဦးနှင့် တစ်ဦးကြား ပြောသကဲ့သို့၌ အပြန်အလှန် စကားပြောသည်ဟု မကောက်ယူနိုင်ပေ။ ကျမ်းမြတ် ကုရ်အာန်တွင် ပရမတ်ဘုရားရှင်နှင့် လူသားအကြား အပြန်အလှန်စကား ပြောဟန်ပေါင်းများစွာ ပါဝင်ပေသည်။ ၎င်းမှာ အနုလုံ ပဋိလုံ ဈာန်ဝင်ခြင်းသဘော ဖြစ်သည်။ ကိုယ်တော် မူဆာ တစ်ပါးတည်းသာ မဟုတ်ပေ။ ထို့ကြောင့် ပရမတ်ဘုရားရှင်အား "လူသား တစ်ဦး တစ်ယောက်ပုံစံ" ဖြင့် ခံစား ယုံကြည်ခြင်းကို အစ္စလာမ် သာသနာက တားမြစ်ပေသည်။ ပရမတ်ဘုရားရှင် ဆိုသည်မှာ ဥဿဏ်စဉ်တော်၏ ဇစ်မြစ်သာလျှင် ဖြစ်ပေသည်။

| | |
|---|---|
| | ကြည်ကြလော့၊ ယင်းသည် သင်တို့အဘို့ ကောင်းမြတ်လှ၏၊ ငြင်းပယ်ဖုံးကွယ်ကြလျှင်– မိုးများနှင့် မြေအတွင်း ရှိသမျှသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ပရမတ်ဘုရားရှင်သည သိနေတော်မူ၏ ဓမ္မသတ်ရှင် ဖြစ်၏။ |
| ၁၇၁။<br><br>☆<br>၂:၁၁၆ | **يَا أَهْلَ الْكِتَابِ لاَ تَغْلُواْ فِي دِينِكُمْ وَلاَ تَقُولُواْ عَلَى اللّهِ إِلاَّ الْحَقِّ إِنَّمَا الْمَسِيحُ عِيسَى ابْنُ مَرْيَمَ رَسُولُ اللّهِ وَكَلِمَتُهُ أَلْقَاهَا إِلَى مَرْيَمَ وَرُوحٌ مِّنْهُ فَآمِنُواْ بِاللّهِ وَرُسُلِهِ وَلاَ تَقُولُواْ ثَلاَثَةٌ انتَهُواْ خَيْرًا لَّكُمْ إِنَّمَا اللّهُ إِلَـهٌ وَاحِدٌ سُبْحَانَهُ أَن يَكُونَ لَهُ وَلَدٌ لَّهُ مَا فِي السَّمَاوَات وَمَا فِي الأَرْضِ وَكَفَى بِاللّهِ وَكِيلاً**<br>အို ကျမ်းစာဝိုင်းသားတို့၊ သင်တို့၏ သာသနာ၌ မချဲ့ထွင်ကြလင့်၊ ပရမတ်ဘုရားရှင်နှင့်စပ်လျဉ်း၍ အမှန်မှအပ မပြောကြလင့်၊ မာရိ၏သား ယေရှုခရစ်သည် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်ဆောင် တစ်ပါးသာ ဖြစ်၏၊ မာရိထံသို့ ပို့ဆောင်ခဲ့သော အရှင့် စကားတော် ဖြစ်၏၊ အရှင့်ထံမှ ဉာဏ်ဘွဲ့[၂၉၆] ဖြစ်၏၊ သို့ဖြစ်၍ ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်ဆောင်အား ယုံကြည်ကြလော့၊ သုံးပါးတစ်ဆူ မကြေငြာကြလင့်၊ ရပ်တန့်ကြလျှင် သင်တို့အတွက် ကောင်းမြတ်လှ၏၊ ပရမတ်ဘုရားရှင်သည် ကောဒိ ဘုရားရှင် ဖြစ်၏၊ အတုမဲ့ ဖြစ်၏၊ ကိုယ်ပွား မရှိချေ၊☆ မိုးများအတွင်း မြေအတွင်း ရှိသမျှတို့သည် အရှင်၏ အချုပ်အခြာ၌ ရှိ၏၊ ပရမတ်ဘုရားရှင်သည် အုပ်ထိန်းသူ အဖြစ် လုံလောက်တော်မူ၏။ |
| ၁၇၂။<br><br>☆၂:၃၀ | **لَّن يَسْتَنكِفَ الْمَسِيحُ أَن يَكُونَ عَبْداً لِّلّهِ وَلاَ الْمَلآئِكَةُ الْمُقَرَّبُونَ وَمَن يَسْتَنكِفْ عَنْ عِبَادَتِهِ وَيَسْتَكْبِرْ فَسَيَحْشُرُهُمْ إِلَيهِ جَمِيعًا** ۞<br>ခရစ်တော်သည်ဖြစ်စေ၊ ချဉ်းကပ်ခွင့်ရသော နိမိတ်ဆောင်များသည်☆ ဖြစ်စေ ပရမတ်ဘုရားရှင်၏ အမှုတော်ဆောင် ဖြစ်ရခြင်းကို အားမငယ်ကြချေ။ အရှင်၏ အမှုတော်ဆောင် ဖြစ်ခြင်းကို သေးသိမ်သည်ဟု မာန ထောင်လွှားသူတို့အား အရှင့်ထံ၌ စုရုံး ပေါင်းဆုံရလတ့ံ။ |
| ၁၇၃။ | **فَأَمَّا الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ فَيُوَفِّيهِمْ أُجُورَهُمْ وَيَزيدُهُم مِّن فَضْلِهِ وَأَمَّا الَّذِينَ اسْتَنكَفُواْ وَاسْتَكْبَرُواْ فَيُعَذِّبُهُمْ عَذَابًا أَلُيمًا وَلاَ يَجِدُونَ لَهُم مِّن دُونِ اللّهِ وَلِيًّا وَلاَ نَصِيرًا** ۞<br>ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ပြုသူများ– သူတို့အတွက် ဆုလဒ်ကို ပြီးပြည့်စုံစေမည်။ အရှင်၏ သိက္ခာပေးခြင်းကို တိုးပွားစေမည်။ မရှိသွေးကြီး မောက်မာသူတို့အား စူးနစ်သော ဝဋ်ကြွေးဖြင့် ဝဋ်သင့်စေတော်မူမည်။ ပရမတ် ဘုရားရှင်အား တုပြိုင်လျှက် ကူညီမည့်သူ ထိန်းသိမ်း ကွပ်ကဲသူကို တွေ့ရမည် မဟုတ်ချေ။ |
| ၁၇၄။ | **يَا أَيُّهَا النَّاسُ قَدْ جَاءكُم بُرْهَانٌ مِّن رَّبِّكُمْ وَأَنزَلْنَا إِلَيْكُمْ نُورًا مُّبِينًا** ۞<br>အို လူသားတို့ သင်တို့ထံသို့ ကံကြမ္မာရှင်၏ ထံမှ ခိုင်မာသော အထောက်အထားနှင့် ရှင်းလင်းသော အလင်းတော်ကို ရောက်စေခဲ့ပြီ။ |
| ၁၇၅။ | **فَأَمَّا الَّذِينَ آمَنُواْ بِاللّهِ وَاعْتَصَمُواْ بِهِ فَسَيُدْخِلُهُمْ فِي رَحْمَةٍ مِّنْهُ وَفَضْلٍ وَيَهْدِيهِمْ إِلَيْهِ صِرَاطًا مُّسْتَقِيمًا** ۞ |

---

(၂၉၆) **رُوحٌ ရူးဟ်** ကို ခရစ်ယာန်တို့၏ အယူမှိုင်းမိသော ဆရာတော်များက "သန့်ရှင်းသော ဝိဉာဉ်တော်" ကဲ့သို့ ခံစား၍ ဘာသာပြန်ပေ၏။ တဖန် သန့်ရှင်းသော ဝိဉာဉ်တော် ဆိုသည်မှာ နတ်ဒေဝတာ ဟု အဓိပ္ပါယ်ဆောင်သော "ကောင်းကင်တမန်တော်" ဟု လည်းကောင်း၊ မာရိအား ယောကျ်ား မျိုးစေ့ မပေါင်းစပ်ဘဲ သားတော် ယေရှုကို မွေးစေသော အရာ ဟုလည်းကောင်း ဖွင့်ဆိုရေးသား ကြပြန်၏။ ယင်းတို့မှာ အစွဲလာမ့် အယူ မဟုတ်ကြောင်း ဤသုတ်တော်က ထင်ရှားစွာ ထောက်ပြပေသည်။ ဤသုတ်တော်တွင် ကိုယ်တော် ယေရှုကို **ရူးဟ်** ဟု ဆိုထားသည်။ (၁) **ရူးဟ်** ဖြစ်သော ကိုယ်တော်ယေရှုအား **ကောင်းကင်တမန်တော် ယေရှု** (နတ်ဒေဝတာ ယေရှု) ဟု မှတ်ယူ၍ မရပေ။ မည်သည့် ဆရာတော်မှလည်း ထိုသို့ ဘာသာ မပြန်ကြချေ။ (၂) **ရူးဟ်** ဖြစ်သော ကိုယ်တော်ယေရှု ဟူသည် အမျိုးသမီးတို့လင်ယောကျ်ား မပေါင်းစပ်ဘဲ ကလေးရနိုင်ရန် မှတ်သွင်းခံရသော ဝတ္ထုပစ္စည်း မဟုတ်ပေ။ ကိုယ်တော်ယေရှုသည် လူသားစင်စစ်သာ ဖြစ်ပေသည်။ ထို့ကြောင့် လူသားစင်စစ်ကို **ရူးဟ်** ဟု ခေါ်ကြောင်း ဤသုတ်တော်က အတိအကျထောက်ပြခြင်း ဖြစ်သည်။ ထို့အပြင် ယောကျ်ား မိန်းမ မပေါင်းစပ်ဘဲ အမျိုးသမီးတို့အား **ရူးဟ်** မှုတ်သွင်းသော နည်းဖြင့် ပဋိသန္ဓေတည် နိုင်သည်ဟု ကျမ်းတော်၏ မည်သည့်နေရာတွင်မှ မဆိုပေ။ ကိုယ်တော် ယေရှုတစ်ပါးတည်း သာလျှင် **ရူးဟ်** ဖြစ်သည် မဟုတ်ပေ။ လူသား အားလုံးသည် **ရူးဟ်** ဖြစ်ပေသည်၊ (၃၂:၉)။

| | |
|---|---|
| | သို့ဖြစ်၍ ပရမတ်ဘုရားရှင်အား ယုံကြည်လျက် အရှင့်၌ စွဲမြဲသူအား အရှင်၏ ကရုဏာတော်၌ ခိုဝင်ရလတ္တံ့၊ သိက္ခာ<br>ပေးလျက် အရှင်၏ဆီသို့ ဖြောင့်မတ်သော လမ်းစဉ်ကို ပြညွှန်တော် မူလတ္တံ့။ |
| ၁၇၆။<br><br><br><br><br><br><br>၄း၁၂ | يَسْتَفْتُونَكَ قُلِ اللّهُ يُفْتِيكُمْ فِي الْكَلاَلَةِ إِنِ امْرُؤٌ هَلَكَ لَيْسَ لَهُ وَلَدٌ وَلَهُ أُخْتٌ فَلَهَا نِصْفُ مَا تَرَكَ وَهُوَ<br>يَرِثُهَآ إِن لَّمْ يَكُن لَّهَا وَلَدٌ فَإِن كَانَتَا اثْنَتَيْنِ فَلَهُمَا الثُّلُثَانِ مِمَّا تَرَكَ وَإِن كَانُواْ إِخْوَةً رِّجَالاً وَنِسَاء فَلِلذَّكَرِ<br>مِثْلُ حَظِّ الأُنثَيَيْنِ يُبَيِّنُ اللّهُ لَكُمْ أَن تَضِلُّواْ وَاللّهُ بِكُلِّ شَيْءٍ عَلِيمٌ۞<br>သင့်ထံ၌ မေးမြန်းလာသူတို့အား “ပရမတ်ဘုရားရှင်သည် အိမ်ထောင်မဲ့များ[၂၉၇]နှင့် ပတ်သက်၍ ဥပဒေ ပေးတော်မူပြီ၊”<br>ဟု ပြောလော့။ သားသမီး မိဘ မရှိသော သေဆုံးသူ တစ်ဦးတွင် နှမ ရှိအံ့– သူမ၏အတွက် သူ ချန်ခဲ့ရာ၏ ထက်ဝက်<br>သည် ဖြစ်၏။ သူမသည် သားသမီး မရှိခဲ့သော် သူသည် သူမထံမှ အလားတူ အမွေဆိုင်၏။ နှမ နှစ်ယောက်ဖြစ်လျှင်<br>သူမတို့အတွက် သူ ချန်ခဲ့ရာ၏ သုံးပုံ နှစ်ပုံသည် ဖြစ်၏။ သို့သော် ညီအစ်ကို မောင်နှမများ ရှိလျှင် အမျိုးသားတစ်ဦး<br>အတွက် အမျိုးသမီးနှစ်ဦး အတွက်နှင့် ညီမျှ၏၊ သင်တို့ မလွဲမှားစေအံ့ငှာ ပရမတ်ဘုရားရှင်က ရှင်းလင်းထားတော်မူ၏။<br>ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ သိနေတော်မူပေ၏။ |

(၂၉၇) အိမ်ထောင်မဲ့များ ဆိုသည်မှာ အိမ်ထောင် မပြုဘဲနေသော အပျိုကြီး လူပျိုကြီးများ ဖြစ်နိုင်သည်၊ ကိုယ်ကျန်းမာရေး စိတ်ကျန်းမာရေးအရ အိမ်ထောင်မပြုနိုင်သူများ၊ အိမ်ထောင်ပြုခဲ့သော်လည်း အိမ်ထောင်ပျက်များ၊ မိန်းမလျာ ယောကျ်ားလျာများဖြစ်နိုင်သည်၊ အစ္စလာမ် သာသနာက မည်သူ့ကိုမှ ခွဲခြားဆက်ဆံခွင့် မပြုပေ၊ မည်သူ့ကိုမဆို ထိုလူသား၏ ရသင့်ရထိုက်သော အခွင့်အရေးအား ပြဋ္ဌာန်းပေးထားပေသည်။